တက္ကသိုလ်

# ဒီယဇအောင်

ဝမ်ဆင်း ချိရှိဝန်း ဖိန့်

သိုင်းလောက

တစ်ကျော့ပြန်

ပထမပိုင်း



တိုးတက်ရေး-၀၁၅၀

တက္ကသိုလ်
သီဟအောင်

# သိုင်းလောကတစ်ကျော့ပြန်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၈၄၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၅၁၁၀၀၇

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# တိုးတက်ရေး-စာပေ

## သံယောဇဉ်

မိုးထိတောင်...

မိုးထိတောင်သည် အဝေးမှ ကြည့်လျှင် မိုးထိအောင် မြင့်မားသော တောင်တစ်လုံးဟု ထင်ရပေသည်။

ထို့ပြင် တောင်နံရံ ပြေပြစ်ခြင်း မရှိဘဲ ကျောက်စွယ်ကျောက်စွန်းများဖြင့် ထူထပ်လျက် ရှိနေ၏။

သာမန်လူတစ်ယောက်သည် မိုးထိတောင်ပေါ်သို့ တက်နိုင်ရန် မလွယ်ကူချေ။

အကြောင်းကား...

ချွန်ထက်သော ကျောက်စွန်းကျောက်စွယ်များကြောင့် ထိခိုက်ဒဏ်ရာ ရရှိနိုင်သောကြောင့် ဖြစ်သည်။

မိုးထိတောင်တစ်ဝိုက်တွင် အစဉ်အမြဲ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက် ရှိပြီး အေးစိမ့်သော လေများ တဟူးဟူး တိုက်ခတ်နေ၏။

ဆိုးရွားသော ရာသီဥတုကြောင့် မိုးထိတောင်သည် လူသူ အရောက်အပေါက်နည်းရုံသာမက သားရဲတိရစ္ဆာန်များပင် မတွေ့ရပါချေ။

ဤသို့ဖြင့်...

မိုးထိတောင်ပေါ်သို့ သက်ရှိသတ္တဝါဟူ၍ မရှိပြီလော။

သို့သော်...

* * *



အရှေ့ဘက် မိုးကုတ်စက်ဝိုင်းဆီမှ ရောင်နီလင်းလာပြီ ဖြစ်သည်။

အမှောင်ထုအောက်၌ တစ်ညတာ တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျခဲ့သော မိုးထိတောင်ပေါ်သို့ နေရောင်ခြည်များ ပက်ဖြန်းလျက် ရှိသည်။

သို့သော်...

ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက် ရှိသဖြင့် နေရောင်ခြည် မပီဝိုးတဝါးမျှသာ တည့်ရှိနေလေသည်။

မိုးထိတောင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ချင်းက ခြောက်ခြားဖွယ်ရာ ကောင်းအောင် စိုးမိုးလျက်ရှိ၏။

ယင်းအချိန်...

မိုးထိတောင် တစ်နေရာမှ မီးခိုးမီးငွေ့များ တလူလူ ထွက်ပေါ်လာကာ ဆီးနှင်းငွေ့များကြား တိုးဝင်ရောက် ပျောက်ကွယ်သွားခြင်းကို တွေ့မြင်ရလေသည်။

ဤသို့ဆိုပါလျှင်...

မီးခိုးငွေ့များသည် မီးဖိုတစ်ဖိုမှ ထွက်ပေါ်လာခြင်း ဖြစ်ရပေမည်။

ရာသီဥတု ဆိုးရွားလျက် သဘာဝအလျှောက် အနေအထား ကြမ်းတမ်းသော မိုးထိတောင်ပေါ်တွင် မည်သူတို့ ရောက်ရှိနေပါသနည်း။

* * *

မီးပုံမှ မီးသည် စတင်ထွန်းညှိစတွင် မီးခိုးများ တလူလူ ထွက်ပေါ်လာ၏။

မကြာပါချေ။

မီးခိုးများ ပါးသွားကာ မီးရှိန်တဟုန်းဟုန်းဖြင့် တောက်လောင်လာလေသည်။

မီးပုံဘေးတွင် ကုလားထိုင်တစ်လုံး ရှိနေ၏။

ထိုကုလားထိုင်ပေါ်၌ လူတစ်ယောက် ထိုင်နေလေသည်။

အသက်ငါးဆယ်ကျော်ခန့် ရှိသော အမျိုးသားကြီးတစ်ယောက် ဖြစ်၏။

သူသည် အငွေ့တစ်ထောင်းထောင်း ထနေသော ရေနွေးပူပူတစ်ခွက်ကို မှုတ်သောက်၍ တစ်နေရာသို့ စူးစိုက်ကာ ကြည့်နေ၏။



စူးစိုက်ကြည့်နေသော မြေကွက်လပ်ပေါ်တွင် လူနှစ်ယောက် သိုင်းပညာ လေ့ကျင့်နေကြ၏။

လူရွယ်နှစ်ယောက်ပင် ဖြစ်သည်။

အသက်ဆယ့်ရှစ်နှစ်မျှသာ ရှိကြဦးမည် ဖြစ်ပြီး ခန္ဓာကိုယ်ကျစ်လစ်သန်မာလှသည်။

သူတို့သည် သိုင်းပညာ ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြခြင်း ဖြစ်သည်။

အဝတ်ဗလာကျင်းထားသော ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ချွေးများဖြင့် စိုရွှဲနေသည်ကို တွေ့မြင်နေရလေသည်။

ပြင်းပြင်းထန်ထန် လှုပ်ရှားနေခြင်းကြောင့် ခန္ဓာကိုယ်ပေါ်ရှိ ကြွက်သားများမှာ အမြှောင်းလိုက် ဖုထစ်နေသည်ကို တွေ့မြင်နေရလေသည်။

မီးပုံးဘေးရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသော လူသည် လူရွယ်နှစ်ယောက် သိုင်းပညာ လေ့ကျင့်ခြင်းကို ကြည့်ရှုကာ ပြုံးနေ၏။

ကျေနပ်အားရသော အပြုံးဖြစ်သည်။

သူ၏မျက်လုံးအစုံ၌ ပီတိအဟုန်ဖြင့် အရောင်တလက်လက်တောက်ပလျက် ရှိသည်။

သူသည် လူရွယ်နှစ်ယောက်အား အတန်ကြာ အကဲခတ်ကြည့်နေရာမှ သောက်လက်စ ရေနွေးခွက်ကို နံဘေးရှိ စားပွဲပေါ်တွင် တင်လိုက်၏။

ပြီးနောက်...

လက်ခုပ်သုံးချက် တီးလိုက်သည်။

"ဖျောင်း...ဖျောင်း...ဖျောင်း"

လက်ခုပ်သံကြောင့် သိုင်းလေ့ကျင့်နေကြသော လူရွယ်နှစ်ယောက်သည် လှုပ်ရှားမှုများကို ရုတ်ခြည်း ရပ်တန့်လိုက်ကြသည်။

သူတို့သည် ကုလားထိုင်ပေါ်တွင် ထိုင်နေသော အမျိုးသားကြီးရှေ့သို့ လျှောက်သွားကာ ပြိုင်တူ ဦးညွှတ်လိုက်ကြသည်။

ကုလားထိုင်ပေါ်တွင် ထိုင်နေသော အမျိုးသားကြီးက သူတို့နှစ်ယောက်အား တစ်လှည့်စီ ကြည့်လိုက်ပြီး...

"မင်းတို့ ပင်ပန်းနေကြပြီလား"

ပြုံး၍ မေးလိုက်သည်။

လူရွယ်နှစ်ယောက်အနက် တစ်ယောက်က ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"မပင်ပန်းပါဘူး ခင်ဗျာ"

ကျန်လူရွယ်တစ်ယောက်က အမျိုးသားကြီးအား လေးစားစွာ ကြည့်လျက်...

"ဘဘ၊ ကျွန်တော်တို့ရဲ့ လေ့ကျင့်မှုမှာ လိုအပ်ချက်တွေ ရှိသေးသလား ခင်ဗျာ"

မေးလိုက်လေသည်။

အမျိုးသားကြီးက ပြုံး၍ စိုက်ကြည့်နေ၏။

အမှန်တွင်...

ထိုအမျိုးသားကြီးမှာ အရိပ်မဲ့စန့်ကွမ်းပင် ဖြစ်ပြီး မိုးထိတောင်ပေါ်တွင် အခြေစိုက် နေထိုင်သူ မဟုတ်ပါချေ။

သိုင်းလောက၌ လှည့်လည်သွားလာနေသော ခြေသလုံးအိမ်တိုင်သမားတစ်ယောက် ဖြစ်ပေသည်။



စန့်ကွမ်းသည် သိုင်းလောကထဲ၌ လှည့်လည်သွားလာရင်း မကောင်းမှု ဒုစရိုက်မှန်သမျှ သုတ်သင်ချေမှုန်းခဲ့ပေသည်။

သူ ရောက်လေရာ နေရာတိုင်းတွင် မကောင်းမှု ဒုစရိုက်မှန်သမျှ ဆိတ်စုန်းခဲ့နေ၏။

ထို့ကြောင့်...

အရိပ်မဲ့စန့်ကွမ်းဟု ဘွဲ့အမည် ရရှိခဲ့ခြင်း ဖြစ်သည်။

သူသည် အတွယ်အတာ ကင်းမဲ့စွာဖြင့် သိုင်းလောကထဲ လှည့်လည်သွားရင်းနှင့် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ခဲ့ရ၏။

ထိုနေ့သည် သူ၏တစ်သက်တာတွင် မည်သို့မျှ မေ့ပျောက်မရနိုင်သည့် နေ့တစ်နေ့ ဖြစ်ပေသည်။

တစ်နည်းဆိုလျှင်...

သူ၏ဘဝ တစ်ဆစ်ချိုး အားပြောင်းလဲပစ်နိုင်မည့် နေ့တစ်နေ့ဟုလည်း ဆိုနိုင်၏။

စန့်ကွမ်းသည် သူ၏ရှေ့မှ လူငယ်နှစ်ယောက်အား စိုက်ကြည့်ရင်း လွန်ခဲ့သော ဆယ့်ရှစ်နှစ်ခန့် အဖြစ်အပျက်တစ်ခုကို မျက်စိထဲတွင် ပြန်မြင်ယောင်လာမိလေတော့သည်။

* * *

ကျုံးအင်းမြို့...

ကျုံးအင်းမြို့သည် နယ်ခြားမြို့တစ်မြို့ဖြစ်ပြီး နေပြည်တော်နှင့် အလှမ်းကွာလွန်းသောကြောင့် အုပ်ချုပ်မှုများ လစ်ဟာလျက် ရှိပေသည်။

ထို့ကြောင့်...

ကျုံးအင်းမြို့ကလေးတွင် လူဆိုးဓားပြများ ထကြွသောင်းကျန်းလျက် ရှိ၏။

ကျုံးအင်းမြို့၏ မြို့လယ်စားသောက်ဆိုင်တစ်ဆိုင်တွင် လူစည်ကားနေသည်။

ညနေစာ စားသောက်ချိန်မို့လည်း စားသောက်သူများနှင့် ပြည့်နှက်နေ၏။



စားသောက်ဆိုင်၏ ထောင့်စွန်းစားပွဲတွင် လူတစ်ယောက်ထိုင်နေသည်။

ထိုလူသည် ဘေးပတ်ဝန်းကျင်အား ဂရုမစိုက်ဘဲ အစားအသောက်များကိုသာ ငုံ၍ စားသောက်နေ၏။

သို့သော်...

သူ၏နားနှစ်ဖက်ကမူ ဆိုင်တွင်းမှ အသံများအား နားစွင့်၍ထားပေသည်။

အရိပ်မဲ့စန့်ကွမ်းပင် ဖြစ်၏။

ထိုစဉ်...

သူ၏ဝဲဘက် စားပွဲဝိုင်းမှ စကားသံတစ်ချက်ကို ကြားလိုက်ရသည်။

“ဒုက္ခပါပဲ အစ်ကိုရယ်၊ မိုးမချုပ်ခင် ဒီမြို့က ထွက်နိုင်ပါ့မလား မသိဘူး”

ပြောလိုက်သူမှာ မိန်းမငယ်တစ်ယောက် ဖြစ်လေသည်။

သူမ၏ရင်ခွင်ထဲတွင် လသားအရွယ်ကလေးတစ်ယောက်အား ပွေ့ပိုက်ထားသည်ကို တွေ့ရ၏။

သူမက ဘေးမှ ယောကျ်ားဖြစ်သူအား စိုးရိမ်ပူပန်စွာဖြင့် ပြောနေခြင်း ဖြစ်သည်။

ထိုအခါ ယောကျ်ားဖြစ်သူက ဇနီးသည်အား နှစ်သိမ့်လိုက်၏။

“စိတ်မပူပါနဲ့ ညီမရယ်၊ တခြားခရီးသွားတွေလဲ ရှိဦးမှာပါ”

ဇနီးသည်အား နှစ်သိမ့်လိုက်သော်လည်း ထိုလူ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် ဟန်ပန်များ အထင်းသား ပေါ်လွင်နေ၏။

သူ၏နံဘေးတွင် အထုပ်အပိုးနှင့် ပစ္စည်းများကို တွေ့လိုက်ရ၏။

ထို့ကြောင့်...

ထိုလူများသည် ခရီးသွားများ ဖြစ်နိုင်ပေသည်။

ထိုစဉ် စန့်ကွမ်း၏ညာဘက် စားပွဲဝိုင်းမှ လူတစ်ယောက်၏ စကားသံ ထွက်ပေါ်လာပြန်သည်။

စန့်ကွမ်းအား ကျော်ကာ ခရီးသွား မိသားစုအား လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားတို့ ခရီးသွားမလို့လားဗျ"

ထိုအခါ ခရီးသွား မိသားစုမှ ယောကျ်ားဖြစ်သူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

စန့်ကွမ်း၏ညာဘက် စားပွဲဝိုင်းမှ မေးလာသူက ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်၏။

"ကျွန်တော့်နာမည် ဝမ်းလုံလို့ ခေါ်ပါတယ်၊ ကျွန်တော်တို့လည်း ခရီးသွားတွေပါ၊ အဖော်မရှိလို့ ဒီမြို့က မထွက်နိုင်သေးတာ၊ ခင်ဗျားတို့ ခရီးသွားမယ်ဆိုရင် ကျွန်တော်တို့နဲ့အတူတူ လိုက်ခဲ့ပါလား"

စန့်ကွမ်းက ဝမ်းလုံတို့ စားပွဲဝိုင်းအား တစ်ချက်ကြည့်လိုက်၏။

ဝမ်းလုံတို့ဝိုင်းတွင် ဝမ်းလုံ၏ဇနီးဖြစ်သူ မိန်းမငယ်လေးတစ်ယောက်နှင့် လေးဘက်တွားကာစကလေးငယ်တစ်ယောက်အား တွေ့လိုက်ရသည်။



ဝမ်းလုံ၏ဇနီးက ဝင်ပြောလိုက်ပြန်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့လဲ မသွားမဖြစ်လို့သာ သွားရမှာပါ၊ ဓားပြတွေနဲ့ ရင်ဆိုင်ရမှာကိုတော့ အကြောက်သားပဲ၊ ဒါကြောင့် အဖော်နဲ့ သွားရင် ကောင်းတာပေါ့ရှင်"

ထိုအခါ...

ကလေးငယ်ကို ပွေ့ပိုက်ထားသော အမျိုးသမီးက ဝမ်းသာအားရ ဖြစ်သွားပုံရသည်။

သူမ၏ယောကျ်ားအား ကြည့်ကာ ပြောလိုက်၏။

"ဟုတ်သားပဲ အစ်ကိုချန်၊ ကျွန်မတို့ တစ်ခါတည်း လိုက်သွားရအောင်"

အစ်ကိုချန်ဆိုသူက ခေါင်းညိတ်ကာ တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်၏။

ယင်းအခိုက်...

စားသောက်ဆိုင်အတွင်းသို့ လူတစ်စု လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူများကို တွေ့လိုက်ရသည်နှင့် စားသောက်နေသူများ ထိတ်လန့်သွားကြ၏။

စောစောက ဆူညံနေသော အသံများလည်း တိတ်ဆိတ်သွား၏။

စားသောက်ဆိုင်တစ်ခုလုံး တစ်ဒင်္ဂမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဆိုင်တွင်းသို့ ဝင်လာကြသူများမှာ ခန္ဓာကိုယ်ထွားကျိုင်းသန်မာသော လူနှစ်ယောက်နှင့် အနက်ရောင်ဝတ်ဆင်ထားကြသော

လူသုံးယောက်တို့ ဖြစ်၏။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူ နှစ်ယောက်မှာ ကျုံအင်းမြို့တွင် ထင်တိုင်းကျဲ ဗိုလ်ကျနေသော ကျားကြီးနှင့် ကျားလေးဆိုသော ညီအစ်ကိုနှစ်ယောက် ဖြစ်သည်။

သူတို့နောက်တွင် ပါလာသော အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်မှာ ကျားညီနောင်အား မြှောက်ပင့်ကာ မျက်နှာလိုမျက်နှာရ လုပ်နေကြသော ဗျိုင်းဖြူ၊ ဗျိုင်းဝါနှင့် ဗျိုင်းမဲတို့ ဖြစ်ကြ၏။

သူတို့ငါးယောက်သည် ဆိုင်အတွင်းသို့ ဝုန်းဒိုင်းကျဲ ဝင်လာကြသည်။

ကျားညီနောင်တို့ ဆိုင်တွင်းသို့ ရောက်သည်နှင့် ဆိုင်တွင်းသို့ မျက်စိဝေ့ယမ်းလိုက်သည်။

ဆိုင်တွင်း၌ လွတ်နေသော စားပွဲဟူ၍ လုံးဝမရှိပါချေ။

စားသောက်နေကြသူများသည် ကျားညီနောင်၏အကြည့်ကို ရင်မဆိုင်ရဲဘဲ ခေါင်းငုံ့ထားကြပေသည်။

ထိုအခါ...

ကျားကြီး ဒေါသထွက်လာပုံရသည်။

အနီးရှိ စားပွဲတစ်လုံးအား လက်ဝါးဖြင့် ပုတ်ချလိုက်၏။

"ဖျန်း"

"ဝုန်း"

စားပွဲမှာ အစိပ်စိပ်အမွှာမွှာ ကွဲထွက်သွား၏။

ကျားကြီးသည် ဆိုင်တွင်းသို့ ဝေ့ကြည့်ကာ ကျယ်လောင်သော အသံဝါကြီးဖြင့် အော်ပြောလိုက်လေသည်။

"ဟေ့ ငါ လာတာတောင် နေရာဖယ်မပေးချင်ကြတဲ့



ကောင်တွေကို မှတ်လောက်အောင် ဆုံးမလိုက်ကြစမ်းကွာ"

ထိုစကားဆုံးသည်နှင့် ဗျိုင်းဖြူ၊ ဗျိုင်းဝါနှင့် ဗျိုင်းမဲတို့သည် အနီးရှိ လူများကို ဆွဲကာ ရိုက်နှက်ကန်ကျောက်လိုက်ကြသည်။

"ခွပ်"

"အား"

"ဖုန်း"

ဆိုင်တွင်း၌ စားသောက်နေသူများမှာ ဝရုန်းသုန်းကားဖြင့် ထွက်ပြေးကုန်ကြ၏။

ထွက်ပြေးသော လူများထဲတွင် ဝမ်းလုံတို့မိသားစုနှင့် အစ်ကိုချန်တို့မိသားစုပါ ပါဝင်ကြောင်း စန့်ကွမ်း သတိထားမိလိုက်သည်။

ကျားလေးသည် ဆိုင်အတွင်းဘက်သို့ လှည့်ကာ အော်ပြောလိုက်သည်။

"ဟေ့ အဘိုးကြီး ဘာလုပ်နေတာလဲ"

စကားဆုံးသည်နှင့် ဆိုင်တွင်းမှ အဘိုးအိုတစ်ယောက် တုန်တုန်ယင်ယင် ထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုအဘိုးအိုမှာ စားသောက်ဆိုင်ပိုင်ရှင် ချင်းမင် ဖြစ်သည်။

ကျားလေးသည် အဘိုးအိုချင်းမင်အား စိုက်ကြည့်ကာ ပြောလိုက်၏။

"ခင်ဗျား သမီး ချင်းချင်းကို ပြောလိုက်၊ ကျုပ်တို့အတွက် အရက်နဲ့ စားသောက်စရာတွေ ယူခဲ့လို့ ကြားလား"

အဘိုးအိုချင်းမင် မျက်နှာပျက်သွားသည်။

သို့သော်...

မျက်နှာချက်ချင်း ပြင်လိုက်သည်။

သူ့အနေဖြင့် ကျားညီနောင်နှင့် ပြဿနာ မဖြစ်လိုပေ။

ယင်းကြောင့်...

အတတ်နိုင်ဆုံး စိတ်ရှည်စွာထား၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ကောင်းပါပြီ ခင်ဗျာ"

စကားဆုံးသည်နှင့် အဘိုးအိုချင်းမင်သည် စားသောက်ဆိုင် အတွင်းဘက်သို့ ပြန်လည် ဝင်ရောက်သွားသည်။

မကြာမီ...

မိန်းကလေးတစ်ယောက်သည် အရက်အိုးများနှင့် စားသောက်ဖွယ်ရာများကို ယူဆောင်လာ၏။

ထိုမိန်းကလေးသည် မျက်နှာဝိုင်းဝိုင်းလေးနှင့် ချစ်ဖွယ် ကောင်းနေ၏။

စန့်ကွမ်းသည် ထိုမိန်းကလေးမှာ အဘိုးအိုချင်းမင်၏သမီး ချင်းချင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။

ကျားလေးသည် ချင်းချင်းအား မြင်လျှင် စပ်ဖြဲဖြဲ မျက်နှာ ထားဖြင့်...

"ဟော ညီမလေးကိုယ်တိုင် စားစရာတွေ လာပို့တာ အားနာစရာတောင် ဖြစ်ကုန်ပြီ၊ ဟဲ..ဟဲ"

ချင်းချင်းသည် ဘာစကားမျှ ပြန်မပြောပါ။

အရက်နှင့် စားသောက်ဖွယ်ရာများကို နေရာတကျ ချပေး လိုက်၏။

ပြီးလျှင် ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

ကျားလေးက မချိုမချဉ် မျက်နှာထားဖြင့် ချင်းချင်းအား စိုက်ကြည့်ကာ ပြောလိုက်၏။



"ဘယ်သွားမလို့လဲ ညီမရဲ့၊ အစ်ကို့ အနားမှာ နေပါလား"

ပြောပြောဆိုဆို ချင်းချင်း၏လက်ကို ဖမ်းဆွဲထားလိုက်၏။

ချင်းချင်းက အလန့်တကြားဖြင့် ကျားလေးအား ကြည့် လိုက်သည်။

ပြီးမှ လေသံတိုးတိုးဖြင့် တောင်းပန်လိုက်လေသည်။

"ဒီလိုမလုပ်ပါနဲ့ရှင်၊ ဘေးလူတွေမြင်လို့ မသင့်တော်ပါဘူး"

ချင်းချင်း၏စကားအား ကျားလေးက တစ်မျိုးထင်သွားပုံ ရသည်။

ချက်ချင်းပင် သူ၏မျက်နှာ စပ်ဖြဲဖြဲဖြစ်လာသည်။

"ဒါဆို လူမမြင်တဲ့နေရာ သွားကြမယ်လေ"

ထိုစကားကြောင့် ချင်းချင်းမျက်နှာ နီရဲသွားသည်။

"ကျွန်မ ပြောတာ ဒီလိုသဘောမျိုး မဟုတ်ပါဘူးရှင်၊ ကျွန် မလက်ကိုလွှတ်ပါ"

ကျားလေးက ချင်းချင်း၏လက်ကို မလွှတ်သည့်အပြင် ခါး ကိုပါ သိုင်းဖက်လိုက်ပြန်သည်။

"လာပါကွာ၊ မရုက်ပါနဲ့"

ချင်းချင်း ဒေါသထွက်သွားပုံရသည်။

သူမက ကျားလေး၏ပါးပြင်အား လက်လွှဲကာ ရိုက်ချလိုက် လေသည်။

"ဖြန်း"

ရုတ်တရက်မို့ ကျားလေး မရှောင်နိုင်ပါချေ။

ချင်းချင်း၏လက်ဝါးမှာ သူ၏ပါးပြင်ပေါ်သို့ ထိထိရောက် ရောက်ကျသွားလေသည်။

ကျားလေး ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"ကောင်မ အသာတကြည်ခေါ်တာကို လူပါးဝလို့ လာခဲ့စမ်း"

ပြောပြောဆိုဆို ချင်းချင်း၏လက်ကိုဆွဲကာ ခေါ်လိုက်၏။

ချင်းချင်းက ဖခင်ဖြစ်သူအား အော်ဟစ်အကူအညီတောင်းလိုက်သည်။

"ဖေဖေ...သမီးကို ကယ်ပါဦး"

ထိုအခါ ချင်းမင် ကပျာကယာ ပြေးသွားလိုက်သည်။

ချင်းမင်သည် ချင်းချင်းအား လိုက်ဆွဲလေသည်။

တဆက်တည်းပင် ကျားလေးအား တောင်းပန်လိုက်၏။

"မလုပ်ပါနဲ့ မောင်ရင်ရယ်၊ ကျုပ်သမီးလေးကို ချမ်းသာပေးပါ"

ကျားလေးသည် ဖိုးငြိမ်းဖြူအား မျက်ရိပ်ပြလိုက်၏။

ဖိုးငြိမ်းဖြူသည် ထိုင်ရာမှထလာကာ ချင်းမင်အား ဆောင့်တွန်းလိုက်သည်။

"တော်တော်ရှုပ်တဲ့ အဘိုးကြီး သွားစမ်း"

"ဝုန်း"

ဖိုးငြိမ်းဖြူဆောင့်တွန်းလိုက်သောအရှိန်မှာ ပြင်းထန်လွန်းသောကြောင့် ချင်းမင်မှာ ပုံလျက်သားလဲကျသွားသည်။

ချင်းချင်းသည် ဖခင်အား စိုးရိမ်ပူပန်သွားမိသည်။

"ဖေဖေ...ဖေဖေ့ကို မလုပ်ကြပါနဲ့ရှင်"

အော်ဟစ်ကာ ကျားလေးလက်မှ ရုန်းထွက်လိုက်သည်။

သို့သော်...



သူမမှာ ကျားလေးလက်မှ မလွတ်မြောက်နိုင်ပါချေ။

စန့်ကွမ်းသည် သူ၏လက်တစ်ဖက်အား လှုပ်ရှားလိုက်သည်။

ထိုအခါ...

စားပွဲပေါ်မှ တူတစ်စုံမှာအရှိန်ဖြင့် ပြေးထွက်သွားလေသည်။

ထို့နောက် ချင်းချင်းအား သိုင်းဖက်ထားသော ကျားလေး၏လက်မောင်းနှစ်ဖက်တွင် သွားရောက်စိုက်ဝင်သွား၏။

"အား"

ကျားလေးသည် နာကျင်စွာဖြင့် အော်ဟစ်လိုက်သည်။

အထိတ်တလန့်ဖြင့် ချင်းချင်းအား လွှတ်လိုက်မိသည်။

ချင်းချင်းမှာ ကျားလေး၏လက်တွင်းမှ လွတ်မြောက်သည်နှင့် လဲကျနေသော ဖခင်ဖြစ်သူအား သွားရောက်ပွေ့ထူလိုက်သည်။

ထို့နောက် အတွင်းသို့လျင်မြန်စွာ ပြေးဝင်သွားကြ၏။

ကျားလေးတို့ ငါးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

တူတစ်စုံပစ်လွှင့်လာရာဘက်သို့ ပြိုင်တူကြည့်လိုက်ကြလေသည်။

ထိုအခါ...

သူတို့အား အေးစက်စက်စိုက်ကြည့်နေသော စန့်ကွမ်းကို တွေ့လိုက်ကြရသည်။

စန့်ကွမ်း၏ရူးရှသောအကြည့်ကြောင့် သူတို့ငါးယောက် ရင်ထိတ်သွားကြ၏။

သို့သော်..

ကျားကြီးက ဟန်မပျက်ပင် ဖျိုင်းဖြူဘက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်။

"ဟေ့ ဒီကောင့်ကို ကောင်းကောင်းဆုံးမလိုက်ကြစမ်း"

သူ၏စကားဆုံးသည်နှင့် ဖျိုင်းဖြူတို့သုံးယောက် စန့်ကွမ်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ဝန်းကျင်တစ်ခုလုံး ဓားရောင်များ ဝင်းလက်သွား၏။

ဖျိုင်းဖြူတို့သုံးယောက်၏ ဓားချက်များမှာ စန့်ကွမ်း၏ ခန္ဓာကိုယ်အနှံ့သို့ ကျရောက်သွား၏။

စန့်ကွမ်း အသာအယာပင် ရှောင်တိမ်းလိုက်သည်။

သိုင်းလောကထဲတွင် လှည့်လည်သွားလာနေသော စန့်ကွမ်းအတွက် ဤလိုတိုက်ပွဲမျိုးမှာ အသေးအဖွဲပင်ဖြစ်၏။

စန့်ကွမ်းသည် ခါးကြားမှဓားကို လျှပ်တပြက် ဆွဲထုတ်လိုက်သည်။

ဓားရောင် ဝင်းခနဲ တစ်ချက်လက်သွားသည်။

"အား"

"အွန့်"

"အမယ်လေး"

အော်ဟစ်သံများနှင့်အတူ ဖျိုင်းဖြူတို့သုံးယောက်မှာ ကြမ်းပေါ်သို့ အတုန်းအရုန်းလဲကျသွားကြလေသည်။

ကျားကြီး ဒေါသခြောင်းခြောင်း ထွက်သွား၏။

ကျောတွင်လွယ်ပိုးထားသော ဓားကိုထုတ်ကာ စန့်ကွမ်းအားပြေးဝင်တိုက်ခိုက်လိုက်သည်။

စန့်ကွမ်း၏ဓားနှင့် ကျားကြီး၏ဓားမှာ ရင်ဆိုင်မိသွား၏။



ထိုအခါ...

"ချွမ်း"

ကျယ်လောင်သောအသံနှင့်အတူ မီးပွင့်များဖြာထွက်သွားသည်။

ကျားကြီးက ဓားကို အလျှင်အမြန်ပြန်ရုပ်သိမ်းလိုက်သည်။

သူ၏ဓားကို ပြန်ငုံ့ကြည့်လိုက်သည်။

သူ၏ဆောင်ဓားမှာ ထက်ပိုင်းကျိုးနေပြီဖြစ်သည်။

ကျားကြီးသည် မိမိဓားကိုကြည့်ကာ ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုစဉ်မှာပင် စန့်ကွမ်း၏ဓားမှာ သူ၏ရင်ဘတ်အား ထိုးခွဲသွားလေတော့သည်။

"အား"

ကျယ်လောင်သောအော်ဟစ်သံနှင့်အတူ ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။

ကြမ်းပြင်ပေါ်တွင် တစ်ချက်နှစ်ချက်မျှ တွန့်လိမ်ကာ ငြိမ်သက်သွားတော့သည်။

ကျားလေးသည် စန့်ကွမ်းအား မယုံကြည်နိုင်သောမျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

ထို့နောက်...

စားသောက်ဆိုင်တွင်းမှ ချာခနဲ လှည့်ကာထွက်ပြေးသွားသည်။

သူသည် နောက်နောင်တွင် ဤစားသောက်ဆိုင်သို့ ခြေဦးပင် လှည့်တော့မည် မဟုတ်ချေ။

ထို့ပြင်...

ကျုံအင်းမြို့၌ ကျားညီနောင်ဆိုသော အမည်သည် မည်သည့်အခါမှ ထွက်ပေါ်လာတော့မည် မဟုတ်ပါ။

စန့်ကွမ်းသည် ဓားအိမ်ထဲသို့ ဓားကိုပြန်လည်ထိုးသွင်းလိုက်သည်။

ဤတွင်...

ဆိုင်အတွင်းဘက်မှ ချင်းချင်းတို့သားအဖ ပြန်ထွက်လာသည်ကို တွေ့လိုက်ရသည်။

ချင်းမင်နှင့် ချင်းချင်းတို့သည် စန့်ကွမ်းအား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

ချင်းမင်က...

"ကျုပ်တို့သားအဖကို ကယ်တင်ခဲ့တဲ့အတွက် မောင်ရင်လေးကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး"

စန့်ကွမ်းက ပြုံးပြလိုက်သည်။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ မတရားတာတွေ့ရင် ကူညီရမယ်ဆိုတဲ့အသိဟာ ကျွန်တော့်ရဲ့မွေးရာပါဗီဇပါပဲ"

တဆက်တည်းပင် စန့်ကွမ်းက ချင်းမင်ဘက်သို့ လှည့်ကာ မေးလိုက်သည်။

"ဒါထက် ဒီမြို့ရဲ့ထွက်ပေါက်ကို ညွှန်ပြပေးပါလားခင်ဗျာ"

သူ၏စကားကြောင့် ချင်းမင် မျက်နှာပျက်သွားလေသည်။

သူက စန့်ကွမ်းအား စိုးရိမ်စွာ ကြည့်ကာပြောလိုက်၏။

"မောင်ရင်လေး ခရီးထွက်မယ်ဆိုရင် ကျုပ်တို့ဆီမှာ တစ်ညလောက်တည်းခိုသွားပါလားကွယ်၊ မနက်ကျမှ ခရီးဆက်ပေါ့"



စန့်ကွမ်း မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

ချင်းမင်က သက်ပြင်းချလိုက်သည်။

"ကျုံအင်းမြို့ကအထွက် တောအုပ်အလယ်မှာ ဓားပြတွေခိုအောင်းတဲ့နေရာပဲကွယ်၊ ခရီးသည်တွေတစ်ယောက်မှ အလွတ်ပေးလေ့မရှိဘူး၊ လူကိုသတ်ပြီး ပစ္စည်းတွေယူသွားတာချည်းပဲ၊ ဒါကြောင့် မနက်ကျမှ အဖော်တွေစုပြီး ခရီးဆက်ပါလားကွယ်"

စန့်ကွမ်းက ပြုံးကာ ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားသည်။

ချင်းမင်သည် စန့်ကွမ်းအား မတားမြစ်တော့ချေ။

တားမြစ်၍လဲ မရနိုင်မှန်း စန့်ကွမ်း၏အမူအရာကိုကြည့်၍ ရိပ်မိနိုင်သည် မဟုတ်ပါလား။

စန့်ကွမ်းသည် ချင်းမင်၏စကားကြောင့် ဝမ်းလုံးတို့မိသားစုနှစ်စုအား စိုးရိမ်ပူပန်သွားမိသည်။

ထို့ကြောင့် မြို့ထွက်ပေါက် တောစပ်ရှိရာသို့ လျင်မြန်စွာပြေးသွားလိုက်လေတော့သည်။

* * *

စန္ဒကွမ်း ပြေးလွှားလာခဲ့သည်မှာ တောအုပ်အစပ်အနီးသို့ပင် ရောက်လာပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် ခြေလှမ်းကို သွက်သွက်လျှောက်လှမ်းလိုက်သည်။

ရုတ်တရက် သူ၏နှာခေါင်းဝသို့ သွေးညှီနံ့များတိုးဝင်လာ၏။

စန္ဒကွမ်း၏လှမ်းလက်စ ခြေလှမ်းများ ရပ်တန့်သွားလေသည်။

ထို့ပြင် သူ၏ရင်ထဲ၌ စိုးရိမ်ပူပန်စိတ်များပို၍ ပြင်းထန်လာ၏။

သူသည် သွေးညှီနံ့ထွက်ပေါ်လာရာဆီသို့ လျင်မြန်စွာ



လျှောက်လှမ်းခဲ့သည်။

စန္ဒကွမ်းသည် အနိဋ္ဌာရုံမြင်ကွင်းအား ဘွားခနဲတွေ့လိုက်ရ၏။

မြေပြင်ပေါ်တွင် ဝမ်းလုံတို့မိသားစုနှင့် အစ်ကိုချန်ဆိုသူမိသားစုတို့ လဲကျနေသည်။

သွေးများမှာ မြင်မကောင်းအောင် စီးကျနေ၏။

ဝမ်းလုံတို့သည် ငြိမ်သက်နေကြပြီ ဖြစ်သည်။

သူတို့အားလုံး သေဆုံးနေကြပြီဆိုသည်မှာ အထူးပြောစရာပင် မလိုချေ။

ဓားပြများသည် မိန်းမအလောင်းများမှ ရွှေငွေများကို ချွတ်ယူကာ ထွက်သွားကြရန် ဟန်ပြင်နေကြပြီ ဖြစ်၏။

စန္ဒကွမ်း၏ရင်ထဲ၌ ဒေါသချောင်းချောင်း ထွက်သွားသည်။

"လူယုတ်မာတွေ သေကြစမ်း"

ပြောပြောဆိုဆို ဓားပြများထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်သည်။

စန္ဒကွမ်းသည် ဒေါသအရှိန်ဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် သူ၏တိုက်ကွက်များမှာ အလွန်ပင်ပြင်းထန်လှ၏။

ဓားပြများမှာ ဖရိုဖရဲဖြစ်သွားကြကာ အတုံးအရုံးလဲကျ သေဆုံးကုန်ကြလေသည်။

"အား"

"အီး"

"အွန့်"

တစ်ခဏအတွင်းပင် စန့်ကွမ်းသည် ဓားပြများအား တစ်ယောက်မကျန် သုတ်သင်ချေမှုန်းလိုက်နိုင်လေသည်။

စန့်ကွမ်းသည် ဓားပေါ်တွင် ပေကျံနေသောသွေးများအား မြေပြင်ပေါ်တွင်လဲကျသေဆုံးနေသော ဓားပြခေါင်းဆောင်၏ အင်္ကျီဖြင့် သုတ်လိုက်၏။

ထို့နောက် ဓားအိမ်အတွင်းသို့ ဓားကိုပြန်သွင်းလိုက်သည်။

သူသည် သေဆုံးနေပြီဖြစ်သော ဝမ်းလုံတို့အားကြည့်ကာ ကြေကွဲဆို့နင့်သွားလေသည်။

ဝမ်းလုံတို့အား ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးလိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဓားကို ပြန်လည်ထုတ်ယူကာ မြေကျင်းတူးလိုက်လေသည်။

သူ့အနေဖြင့် ဝမ်းလုံတို့မိသားစုနှစ်စုအတွက် မြေကျင်းတူးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် သူ့နားထဲသို့ လှုပ်ရှားသံသဲ့သဲ့တိုးဝင်လာသည်။

စန့်ကွမ်းသည် မြေကျင်းတူးခြင်းကိုရပ်နားကာ အားစိုက်နားထောင်လိုက်သည်။

စောစောက လှုပ်ရှားသံသဲ့သဲ့သည် ယခုအခါတွင်ပို၍ လှုပ်ရှားလာသည်ကို သတိထားမိလိုက်၏။

စန့်ကွမ်းသည် ဓားကို အသင့်ကိုင်ကာနောက်ဘက်သို့ သတိကြီးစွာထားကာ လှည့်ကြည့်လိုက်၏။

"ဟင်"



သူ၏မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွား၏။

မြင်လိုက်ရသောမြင်ကွင်းကြောင့် ပါးစပ်အဟောင်းသားဖြစ် နေသည်။

သူတွေ့လိုက်ရသော မြင်ကွင်းမှာ မယုံကြည်နိုင်စွာ ကောင်းလှ၏။

စောစောက ဝမ်းလုံဇနီး၏ရင်ခွင်ထဲတွင်ပိုက်ကာ သေဆုံးနေပြီဖြစ်သော ကလေးငယ်သည် လေးဘက်သွားလာကာ စန့်ကွမ်းအား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

စန့်ကွမ်း ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင် ကလေးငယ်သူ့ အား ရယ်ပြလိုက်၏။

စန့်ကွမ်းရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

သူသည် ကလေးငယ်အနီးသို့ အလျင်အမြန်လျှောက်သွားကာ ကောက်ယူပွေ့ချီလိုက်၏။

စန့်ကွမ်းသည် ကလေးငယ်အား ငုံ့ကြည့်လိုက်သည်။

ကလေးငယ်သည် အပူအပင်ကင်းမဲ့စွာဖြင့် သူ့အားပြုံးရယ်ပြနေသည်ကို တွေ့လိုက်ရ၏။

အတွယ်အတာကင်းမဲ့လှသော စန့်ကွမ်း၏ရင်ထဲတွင် လှုပ်ခါသွားသလို ခံစားလိုက်ရလေသည်။

သူသည် ကလေးငယ်အား မြေပြင်ပေါ်သို့ ခဏချကာ အလောင်းများအား မြေကျင်းထဲသို့ထည့်ကာ မြေမြှပ်လိုက်၏။

စန့်ကွမ်းသည် အစ်ကိုချင်းဆိုသူ၏ဇနီးသည် ထွေးပိုက်ထားသော ရင်ခွင်ပိုက်ကလေးငယ်အား မြေမြှပ်ရန်လက်လှမ်းလိုက်သည်။

ထိုအခါ သူ၏မျက်လုံးအစုံမှာ ဒုတိယအကြိမ် ပြူးကျယ်သွားပြန်လေသည်။

အကြောင်းမှာ ထိုကလေးငယ်သည် ကောင်းစွာအသက်ရှူနေခြင်းကြောင့်ဖြစ်သည်။

ထိုကလေးငယ်သည် သေဆုံးနေပြီဖြစ်သော မိခင်ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာအိပ်ပျော်နေခြင်း ဖြစ်ဟန်တူသည်။

စန္ဒကွမ်းသည် ကလေးငယ်အား မိခင်ရင်ခွင်ထဲမှ ထုတ်ယူကာ မိခင်အား ကောင်းမွန်စွာသင်္ဂြိုဟ်ပေးလိုက်သည်။

ပြီးသည်နှင့် ကလေးနှစ်ယောက်ထံသို့ ပြန်လာကာ ကလေးငယ်နှစ်ယောက်အား လက်နှစ်ဖက်ဖြင့် ပွေ့လိုက်လေ၏။

သူသည် ကလေးငယ်နှစ်ယောက်ကိုကြည့်ကာ ကြေကွဲဆို့နင့်လာမိသည်။

ထိုကလေးနှစ်ယောက်သည် ကံတူအကျိုးပေးဟု ဆိုရလောက်အောင်ပင် တစ်ချိန်တည်း၌ မိဘကိုယ်စီ ဆုံးရှုံးခဲ့ရသည်။

စန္ဒကွမ်းသည် ကလေးငယ်များကိုကြည့်ကာ ဝေခွဲမရဖြစ်နေသည်။

ကလေးငယ်များအား စွန့်ပစ်ခဲ့ရမည်လော။

လူသူကင်းရှင်းသောနေရာမျိုး၌ ကလေးငယ်များကို စွန့်ပစ်ခဲ့ရမည်ဆိုပါလျှင် ကလေးငယ်များ၏အသက်သည် မည်သို့မျှရှင်သန်နိုင်မည် မဟုတ်ချေ။

ထိုသို့ဆိုလျှင် သူကိုယ်တိုင် ကလေးနှစ်ယောက်ကို မွေးမြူရမည်လော။

သူလို သိုင်းလောက၌ လှည့်လည်သွားလာနေသော ခြေသ



လုံးအိမ်တိုင် သိုင်းသမားတစ်ယောက်အတွက် ကလေးငယ်နှစ်ယောက်အား မည်ကဲ့သို့မွေးမြူနိုင်ပါမည်နည်း။

စန္ဒကွမ်းသည် ကလေးငယ်များမှာ သူနှင့်ထိုက်၍သာ ယခုလို ရေစက်လာဆုံရသည်ဟု သဘောထားလိုက်သည်။

ထိုသို့သဘောထားလိုက်သည်နှင့် တပြိုင်တည်းပင် သူ၏ရင်ထဲ၌ နိုင်မာပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို ချပြီးသားဖြစ်သွားလေသည်။

ထိုဆုံးဖြတ်ချက်မှာ ကလေးများအား သူ၏သားတပည့်များအဖြစ် ကြီးပြင်းလာအောင် ပြုစုစောင့်ရှောက်ရန်ဖြစ်သည်။

စန္ဒကွမ်းသည်. ကလေးငယ်နှစ်ယောက်အား ပွေ့ချီကာ နိုင်မာသောဆုံးဖြတ်ချက်ဖြင့် ထိုနေရာမှ ထွက်ခွာလာခဲ့လေသည်။

* * *

## သိုင်းပညာ

စန့်ကွမ်း၏အတိတ်မှပုံရိပ်များ ပြီးဆုံးသွားပြီ ဖြစ်၏။

သူသည် ကလေးနှစ်ယောက်အား ဝမ်းဖုံးနှင့်စုမာထင်း ဟု နာမည်အသီးသီးပေးထားခဲ့သည်။

သူသည် ကလေးငယ်နှစ်ယောက်အား ပြုစုစောင့်ရှောက်လာခဲ့သည်မှာ ယနေ့ဆိုလျှင် ဆယ့်ရှစ်နှစ်တင်းတင်းပြည့်ပြီ ဖြစ်၏။

သူသည် ကလေးငယ်များအား မိမိ၏သားအရင်းကဲ့သို့ ကျွေးမွေးပြုစုကာ သိုင်းပညာအမွေပေးခဲ့သည်။

ယခုဆိုလျှင် သူပြုစုပျိုးထောင်ပေးခဲ့သော ကလေးနှစ်ယောက်သည် ထွားကျိုင်းသန်မာသောလူငယ်များ ဖြစ်နေကြပြီ ဖြစ်သည်။



စန့်ကွမ်းသည် သူ၏ရှေ့တွင်ရပ်နေသော လူငယ်နှစ်ယောက်အား ပီတိဝေသောအပြုံးဖြင့် ကြည့်လိုက်လေသည်။

လူငယ်နှစ်ယောက်အနက် အနည်းငယ်ပို၍ထွားကျိုင်းပြီး အရပ်ပိုမြင့်သောလူငယ်မှာ ဝမ်းဖုံးဖြစ်ပြီး ရုပ်ရှိတောက်ပသောမျက်လုံးပိုင်ရှင်လူငယ်မှာ စုမာထင်း ဖြစ်သည်။

သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြပေသည်။

သို့သော် သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောထားချင်း မတူညီကြချေ။

အကြောင်းမှာ ဝမ်းဖုံးသည် မဟုတ်မခံ စိတ်ထားရှိပြီး ဖြူစင်ဖြောင့်မတ်သလို စုမာထင်းက တစ်ကိုယ်ကောင်းဆန်ပြီး အနည်းငယ် အလိုရမ္မက်ကြီးသောကြောင့် ဖြစ်သည်။

စန့်ကွမ်းသည် ဝမ်းဖုံးနှင့်စုမာထင်းအားကြည့်ကာ ကျေနပ်အားရသောလေသံဖြင့် ပြောလိုက်သည်။

"သားတို့ လေ့ကျင့်တာ ဘာလိုအပ်ချက်မှမရှိပါဘူးကွယ်၊ သားတို့ဟာ ထူးချွန်ထက်မြက်ကြပါပေတယ်"

ထိုစကားကြောင့် လူငယ်နှစ်ယောက်မှာ ကျေနပ်ပျော်ရွှင်သွားပုံရပေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်လေသည်။

စန့်ကွမ်းသည် တည်ငြိမ်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"သားတို့ကို ဘဘပြောစရာရှိတယ်"

ဝမ်းဖုံးနှင့်စုမာထင်းဂ. ရိုကျိုးသောလေသံဖြင့် ပြောလိုက်သည်။

"ဟုတ်ကဲ့ ပြောပါ ဘဘ"

စန္ဒကွမ်းက...

"သားတို့ကို ဘဘပြုစုစောင့်ရှောက်လာတာ ဒီနေ့ဆိုရင် ဆယ့်ရှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ၊ နောက်ပြီး မင်းတို့ကို ဘဘသင်ပေးခဲ့တဲ့ ပညာတွေကြောင့် မင်းတို့ဟာ အဆင့်မြင့်သိုင်းပညာရှင်တွေ ဖြစ်ကုန်ကြပြီ၊ ဒါကြောင့်"

စန္ဒကွမ်းသည် စကားမဆက်သေးဘဲ ဝမ်းဖုံးတို့အား အကဲခတ်လိုက်သည်။

ဝမ်းဖုံးနှင့်စုမာထင်းတို့မှာ သူ၏စကားအား စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် စန္ဒကွမ်းက ဆက်ပြောလိုက်သည်။

"ဒါကြောင့် သားတို့နှစ်ယောက်ကို သိုင်းလောကထဲမှာ လှည့်လည်နေထိုင်ခွင့်ပြုမယ်"

ထိုစကားကြောင့် လူငယ်များမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဝမ်းဖုံးသည် ဝမ်းသာအားရလေသံဖြင့် ပြန်မေးလိုက်လေသည်။

"ဘဘ ကျွန်တော်တို့ကို သိုင်းလောကထဲမှာ နေထိုင်ခွင့်ပြုတော့မယ် ဟုတ်လား"

စုမာထင်းက ဝမ်းဖုံးကို အရောင်တဖိတ်ဖိတ်လက်နေသော မျက်လုံးဖြင့်ကြည့်ကာ ပြောလိုက်သည်။



"ငါကတော့ သိုင်းလောကထဲရောက်ရင် ထင်ပေါ်ကျော်ကြားတဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားမှာပဲ"

စန္ဒကွမ်းက လက်ကာပြလိုက်သည်။

"နေကြဦး ဘဘပြောတာမဆုံးသေးဘူး၊ သားတို့ဟာ ဘဘရဲ့ အဆင့်မြင့်ပညာအမွေကို အကုန်အစင်မရကြသေးဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး သားတို့လိုအပ်သေးတဲ့ အဆင့်မြင့်ပညာတွေကို ဘဘက တစ်ယောက်ချင်းစီ သင်ကြားပေးမယ် ဟုတ်ပြီလားကွယ့်"

သူ၏စကားကြောင့် လူငယ်နှစ်ယောက်ဝမ်းသာသွားကြ၏။

အမှန်တွင် ဝမ်ဖုံးသည် သံရူးလက်နက်ပုန်းပစ်ခတ်ရာတွင် သူမတူအောင် ထူးချွန်သူဖြစ်သည်။

ထိုနည်းတူစွာပင် စုမာထင်းမှာလည်း ဓားပညာ သူမတူအောင် ကျွမ်းကျင်သူဖြစ်သည်။

ထို့ကြောင့် စန္ဒကွမ်းသည် သူတို့နှစ်ယောက်ကျွမ်းကျင်ရာပညာများအား သီးခြားစီထပ်မံသင်ပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

စန္ဒကွမ်းက တည်ကြည်သောလေသံဖြင့် ဝမ်းဖုံးတို့အား ခေါ်လိုက်သည်။

"သားတို့"

ဝမ်းဖုံးတို့က ရိုကျိုးစွာဖြင့်...

"အမိန့်ရှိပါ ဘဘ"

"ဘဘဟာ သိုင်းလောကမှာ နှစ်ပေါင်းနှစ်ဆယ်ကျော်သွားလာပြီး မကောင်းမှုမှန်သမျှကို သုတ်သင်ရှင်းလင်းခဲ့တယ်၊ ဒါကြောင့် ဘဘဟာ အရိပ်မဲ့စန္ဒကွမ်းလို့ အမည်တွင်ခဲ့တယ်"

ဝမ်းဖုံးတို့ ခေါင်းညိတ်လိုက်သည်။

စန့်ကွမ်းက ဆက်ပြောသည်။

"ဘဘဟာ သားတို့နဲ့တွေ့ပြီးတဲ့အချိန်ကစပြီး ဆယ့်ရှစ်နှစ်လုံးလုံး သိုင်းလောကနဲ့ ကင်းကွာခဲ့တယ်၊ ဒါကြောင့် သိုင်းလောကကို စေလွှတ်တာဟာ ရည်ရွယ်ချက်ရှိတယ်၊ အဲဒါကတော့ ဘဘကိုယ်စား မကောင်းမှုတွေကို သုတ်သင်ချေမှုန်းပေးနိုင်ဖို့ပဲ"

ထိုစကားကြောင့် ဝမ်းဖုံးနှင့်စုမာထင်းတို့ ပြိုင်တူခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဘဘ၊ ကျွန်တော်တို့ မကောင်းမှုမှန်သမျှ သုတ်သင်ရှင်းလင်းပစ်ပါမယ်လို့ ကတိပေးပါတယ်"

စန့်ကွမ်း ကျေနပ်သွားပုံရသည်။

ခေါင်းတညိတ်ညိတ်ဖြင့် စကားဆက်လိုက်သည်။

"သိုင်းလောကဟာ လူစုံတယ်၊ တစ်ယောက်ထက်တစ်ယောက် ထင်ပေါ်ကျော်ကြားချင်တဲ့စိတ်ကြောင့် မကောင်းမှုတွေကို ရှင်းလင်းနေရင်းနဲ့ ကိုယ်ကိုတိုင် မကောင်းမှုဒုစရိုက်ထဲကို ပါမသွားဖို့ သတိထားရမယ် ကြားလား"

"စိတ်ချပါ ဘဘ"

"သားတို့ကို ဘဘ နောက်ဆုံးအနေနဲ့ တစ်ခုမှာမယ်၊ ဒါဟာ သားတို့အတွက်ရော ဘဘအတွက်ပါ အလွန်အရေးကြီးတယ်"

စန့်ကွမ်းက စကားကိုရပ်ထားလိုက်သည်။

သူသည် စကားကိုပြောမထွက်နိုင်ပုံရသည်။

အတန်ကြာမှ စိတ်ကိုတင်းကာ ပြောလိုက်သည်။

သူ၏စကားသံမှာ တစ်လုံးချင်းပြတ်သားစွာ ထွက်ပေါ်လာ



လေသည်။

"သိုင်းလောကမှာ အရိပ်မဲ့စန့်ကွမ်းရဲ့ သားတပည့်တွေဟာ မကောင်းမှုနဲ့ ဆက်နွယ်နေတယ်ဆိုတဲ့သတင်းမျိုး ဘဘမကြားချင်ဘူး၊ ဒါကြောင့် သားတို့နှစ်ယောက်အနက် တစ်ယောက်က မကောင်းမှုတွေကိုလုပ်နေတယ်ဆိုရင် ကျန်တစ်ယောက်က သုတ်သင်ရှင်းလင်းပစ်နိုင်တယ်၊ အကယ်၍ နှစ်ယောက်စလုံးဟာ ဒုစရိုက်ဘက်တော်သားတွေဖြစ်နေမယ်ဆိုရင် သားတို့ကို ဘဘကိုယ်တိုင်လာပြီး သုတ်သင်ပစ်မယ်ဆိုတာ မြဲမြဲမှတ်ထားကြ"

စန့်ကွမ်း၏ပြတ်သားသောစကားကြောင့် ဝမ်းဖုံးနှင့်စုမာထင်းတို့၏ကိုယ်များမှာ ဆတ်ခနဲ တုန်လှုပ်သွားကြသည်။

ဤသည်ကိုရိပ်မိပုံရသော စန့်ကွမ်းက စကားလမ်းလွှဲလိုက်သည်။

"ကဲ သားတို့ ခဏနားလိုက်ကြဦး၊ ခဏကြာရင် အဆင့်မြင့်ပညာတွေသင်ရဦးမယ် မဟုတ်လားကွဲ့"

သူ၏စကားဆုံးသည်နှင့် ဝမ်းဖုံးတို့နှစ်ယောက်သည် စန့်ကွမ်းအား လက်နှစ်ဘက်ကိုဆုပ်ကာ ဂါရဝပြုလိုက်ကြသည်။

ထို့နောက် နေရာမှချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

* * *

## ခရီးသည်

မိုးထိတောင်...

မိုးထိတောင်ခြေရင်းတွင် မြင်းနှစ်ကောင် ခပ်မှန်မှန်နှင် လာသည်။

မြင်းပေါ်တွင် စီးနင်းလိုက်ပါလာသူများမှာ နုနယ်ငယ်ရွယ်သောလုလင်ပျိုနှစ်ယောက်ဖြစ်သည်။

ထိုလုလင်ပျိုနှစ်ယောက်သည် အခြားသူများ မဟုတ်ကြချေ။

ဝမ်းဖုံးနှင့်စုမာထင်းတို့ပင် ဖြစ်၏။

သူတို့သည် စန့်ကွမ်းထံမှ အဆင့်မြင့်သိုင်းပညာများကို သင်ယူတတ်မြောက်ခဲ့ပြီးဖြစ်လေသည်။



ယခုဆိုလျှင် သူတို့နှစ်ယောက်သည် အသက်အရွယ်နုနယ်သေးသော်ငြား အဆင့်မြင့်သိုင်းပညာရှင်များ ဖြစ်နေကြပြီဖြစ်သည်။

ထို့ကြောင့်...

မွေးစားဖခင် အရိပ်မဲ့စန့်ကွမ်းက သူတို့နှစ်ယောက်အား သိုင်းလောကထဲသို့ သွားလာခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ဝမ်းဖုံးနှင့် စုမာထင်းတို့သည် သိုင်းလောကထဲတွင် ကျင်လည်ရတော့မည် ဖြစ်သောကြောင့် ပျော်ရွှင်ကျေနပ်မိကြ၏။

သူတို့၏နုပျိုသော မျက်နှာထက်တွင် လန်းဆန်းတက်ကြွမှုက အထင်းသားပေါ်လွင်နေကြသည်။

သို့သော်...

သူတို့သည် မိမိတို့အား တစ်ဆယ့်ရှစ်နှစ်လုံးလုံး ကျွေးမွေးပြုစုခဲ့သော ဖခင်ကြီးအားခွဲထားရစ်ခဲ့ရ၍ စိတ်မကောင်းဖြစ်မိကြသည်။

ဝမ်းဖုံးတို့သည် ခပ်ဝေးဝေးတစ်နေရာသို့ ရောက်သောအခါ အနောက်ဘက်ရှိ မိုးထိတောင်သို့ သခင်လည်ပြန်လှည့်ကြည့်လိုက်ကြသည်။

အဝေးမှလှမ်းကြည့်လိုက်သော် မိုးထိတောင်တစ်ဝိုက်တွင် အုပ်မိုးထားသော ဆီးနှင်းများကြောင့် မိုးထိတောင်အား ဇာပဝါလွှမ်းခြုံထားသကဲ့သို့ မြင်ရ၏။

ဝမ်းဖုံးနှင့်စုမာထင်းတို့သည် မိုးထိတောင်အား မျက်တောင်မခတ်ဘဲ အတန်ကြာသည်အထိ စိုက်ကြည့်နေကြသည်။

ထို့နောက်...

သက်ပြင်းကိုယ်စီချကာ တိုင်ပင်ထားသည့်အလား မြင်းများကိုပြိုင်တူ ဒုန်းစိုင်းနှင်သွားကြလေတော့သည်။

* * *



ယခု...

ဘိုင်းလောကၥ် လူငယ်သိုင်းသမားနှစ်ယောက်မှာ တရှိန်ထိုးနာမည်ကျော်ကြားလာ၏။

ထိုလူငယ်သိုင်းသမားနှစ်ယောက်မှာ သံရှူးလက်နက်ပုန်းဝမ်းဖုံးနှင့် ဓားသမားစုမာထင်းတို့ပင် ဖြစ်ကြသည်။

သံရှူးလက်နက်ပုန်းဝမ်းဖုံးနှင့် ဓားသမားစုမာထင်းတို့သည် တစ်နေရာတည်း ပြိုင်တူကျော်ကြားခြင်းမျိုး မဟုတ်ချေ။

တစ်မြို့စီ တစ်နယ်စီဌ်သာ ကျော်ကြားကြခြင်းဖြစ်သည်။

ဝမ်းဖုံးသည် သိုင်းလောကထဲမှ မကောင်းမှုဒုစရိုက်သမားများကို သုတ်သင်ရှင်းလင်းရာတွင် နာမည်ကြီးလှလေသည်။

သူသည် မွေးစားဖခင် အရိပ်မဲ့စန့်ကွမ်း၏ခြေရာကို တစ်ထပ်တည်းနင်းနိုင်သူ ဖြစ်သည်။

သူ၏လက်တစ်ဖက်ကို လျှပ်တပြက်အတွင်း လှုပ်ရှားလိုက်မည်ဆိုပါက သံစူးလက်နက်ကလေးပေါင်း များစွာလွင့်ထွက်လာမည်ဖြစ်သည်။

ထိုသံစူးလေးများသည် ရန်သူ၏နဖူး၌သာ စိုက်ဝင်နေမြဲဖြစ်လေသည်။

ထို့ကြောင့်...

ဝမ်းဖုံးသည် သံစူးလက်နက်ပုန်းဟူသောအမည်ကို အချိန်တိုတိုအတွင်းရရှိခဲ့ခြင်းဖြစ်သည်။

သို့သော်...

စုမာထင်းမှာမူ မကောင်းမှု ဒုစရိုက်များကို သုတ်သင်ချေမှုန်းရန်ထက် မိမိနာမည်ကျော်ကြားရန်သာ စိတ်ဝင်စားသူဖြစ်သည်။

သူသည် သိုင်းလောကတွင်းသို့ ရောက်သည်နှင့် မွေးစားဖခင်ကြီးမှာကြားခဲ့သည့်စကားများကို ဂရုမစိုက်တော့ချေ။

သူ၏နာမည်ကျော်ကြားရန်ကိုသာ အမြဲတမ်းတွေးတောကြံဆနေသူဖြစ်သည်။

အမှန်တွင်...

အရိပ်မဲ့စန့်ကွမ်းက ဝမ်းဖုံးနှင့်စုမာထင်းတို့အား အတူတကွသွားလာနေထိုင်ကာ မိမိပေးအပ်လိုက်သော တာဝန်များကို လက်တွဲဆောင်ရွက်ကြရန် မှာကြားခဲ့ပေသည်။

သို့သော်...

စုမာထင်းသည် ကိုယ်ထင်ရာကိုယ်စိုင်းတတ်သောညာဉ်ရှိသူဖြစ်သည်။

ဝမ်းဖုံးက အမျိုးမျိုး ဖျောင်းဖျပြောဆိုသော်လည်း နားမဝင်



ချေ။

သူသည် သူ၏တိုးတက်ရာတိုးတက်ကြောင်းကို ရှာဖွေရန် ဝမ်းဖုံးနှင့် လမ်းခွဲထွက်သွားလေတော့သည်။

ထို့ကြောင့်...

သူတို့နှစ်ယောက်သည် တစ်နယ်စီတွင် ကျော်ကြားလာခြင်းဖြစ်သည်။

ဝမ်းဖုံးသည် မွေးစားဖခင်ကြီး၏စကားကို တစ်သဝေမတိမ်းနာခံသူဖြစ်ပေသည်။

သို့သော် သူ၏နာမည်မှာ သိုင်းလောက၌ ကြာကြာမကျော်ကြားလိုက်ပါချေ။

ဝမ်းဖုံးဟူသော နာမည်သည် သိုင်းလောက၌ စုတ်စမြုပ်စ ပျောက်ကွယ်သွားတော့သည်။

မကောင်းမှုများအား လက်ပိုက်ကြည့်မနေနိုင်သောဝမ်းဖုံးသည်အဘယ်ကြောင့် သိုင်းလောကထဲမှ ပျောက်ကွယ်သွားရပါသနည်း။

ဒုစရိုက်သမားများ၏ လက်ချက်ကြောင့် ဝမ်းဖုံးမှာသေဆုံးသွားရချေပြီလော။

* * *

ပင့်ကူနက်ဂိုဏ်း...

ပင့်ကူနက်ဂိုဏ်းသည် လွန်ခဲ့သောနှစ်နှစ်ခန့်က သိုင်းလောကတွင် အင်အားကြီးမားသော ဂိုဏ်းတစ်ဂိုဏ်းအဖြစ် ပေါ်ထွက်လာ၏။

ပင့်ကူနက်ဂိုဏ်းသည် ထိပ်သီးသိုင်းသမားများအား သိမ်းသွင်းကာ တောင့်တင်းစွာဖွဲ့စည်းထားသောဂိုဏ်း ဖြစ်သည်။

ပင့်ကူနက်ဂိုဏ်းသည် အဖြူရောင်ဂိုဏ်း မဟုတ်ချေ။

သို့သော် အနက်ရောင်ဂိုဏ်းတစ်ဂိုဏ်းဟုလည်း ပြောလို့မရချေ။

လက်ထောက်ဂိုဏ်းချုပ်မှာ တုကုချင်း ဖြစ်သည်။

ဂိုဏ်းချုပ်အစစ်အမှန်မှာ မည်သူမှန်း မသိကြချေ။



ပင့်ကူနက်ဂိုဏ်းသည် နှစ်နှစ်အတွင်း မည်သည့်လှုပ်ရှားမှုမျိုးမျှ မလုပ်ခဲ့ချေ။

သို့သော် ပင့်ကူနက်ဂိုဏ်းချုပ်သည် သိုင်းလောကအား စိုးမိုးရန်ကြံစည်နေကြောင်း သတင်းသိုးသိုးသန့်သန့် ထွက်ခဲ့သည်။

သို့သော ဤသတင်းအား မည်သူမျှ တိတိကျကျ မပြောနိုင်ကြချေ။

မည်သို့ဆိုစေ ပင့်ကူနက်ဂိုဏ်းသည် တစ်စထက်တစ်စ အင်အားတောင့်တင်းလာပြီး သိုင်းလောကတွင် အင်အားအကြီးဆုံးဂိုဏ်းတစ်ဂိုဏ်း ဖြစ်ခဲ့လေတော့သည်။

* * *

လုယန်မြို့သည် နယ်စပ်မြို့ကလေးတစ်မြို့ ဖြစ်သည်။

တစ်နယ်နှင့်တစ်နယ် ကုန်ပစ္စည်းများကူးသန်းရောင်းဝယ်ရာ၌ လုယန်မြို့ကလေးမှာ အချက်အချာကျသောနေရာတစ်ခု ဖြစ်သည်။

ထို့ကြောင့် လုယန်မြို့တွင် ကုန်သည်များ၊ ပွဲစားများဖြင့် အမြဲမပြတ်စည်ကားလျက်ရှိ၏။

သို့သော် ယခုရက်ပိုင်းအတွင်း လုယန်မြို့ကလေးမှာ ခါတိုင်းထက်ပိုမို စည်ကားလျက်ရှိသည်။

အကြောင်းကား လုယန်မြို့တွင်းသို့ သိုင်းလောကသားတော်တော်များများ ရောက်ရှိနေကြခြင်းကြောင့် ဖြစ်သည်။

လုယန်မြို့ထဲတွင် ပင့်ကူနက်ဂိုဏ်းသားများ၊ နာမည်ကြီးတစ်ကိုယ်တော်သိုင်းသမားများသာမက လမ်းဓားပြများပင် ရောက်ရှိနေကြသည်။



လုယန်မြို့၏ကောင်ဘက်ရှိ စားသောက်ဆိုင်တွင် လူများ စည်ကားလျက်ရှိသည်။

ထိုစားသောက်ဆိုင်တွင် လူဆိုးဓားပြများ ရောက်ရှိနေ၏။

ထိုအချိန်တွင် စားသောက်ဆိုင်အတွင်းသို့ လူတစ်စုဝင်ရောက်လာသည်။

ထိုလူများကိုတွေ့လိုက်ရသည်နှင့် လူဆိုးဓားပြများ မျက်လုံးပြူးသွားကြ၏။

အကြောင်းကား ဆိုင်အတွင်းသို့ဝင်လာကြသူများမှာ လူဆိုးထိန်းများ ဖြစ်ကြသည်။

လူဆိုးထိန်းများအား ဦးဆောင်လာသူမှာ လူလတ်ပိုင်းလူရွယ်တစ်ယောက် ဖြစ်သည်။

ထိုလူသည် နေပြည်တော်မှ နယ်စားကြီး၏ကိုယ်ရံတော်လေးယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သော နန်းကုန်းစု ပင် ဖြစ်သည်။

နန်းကုန်းစုတို့လူစုအားတွေ့လိုက်ရသော လူဆိုးဓားပြများမှာ စားသောက်ဆိုင်အတွင်းမှ ထွက်ပြေးကြတော့၏။

သို့သော် လူဆိုးဓားပြများမှာ နန်းကုန်းစု လက်တွင်းမှလွတ်အောင် မပြေးနိုင်ကြချေ။

ထို့ကြောင့် လူဆိုးထိန်းများ၏ ဖမ်းဆီးခြင်းကို ခံလိုက်ကြရသည်။

နန်းကုန်းစုသည် သူ၏လူများဘက်သို့လှည့်ကာ ပြောလိုက်လေသည်။

"ကဲ မင်းတို့ လူဆိုးဓားပြတွေကို မြို့စားဂေဟာကို ပို့လိုက်

ကြ၊ ကျုပ်ကတော့ ထွက်ပြေးသွားတဲ့ဓားပြတွေကို လိုက်လံဖမ်းဆီး လိုက်ဦးမယ်"

စကားဆုံးသည်နှင့် နန်းကုန်းစုသည် စားသောက်ဆိုင်တွင်းမှ ပြေးထွက်သွားလေတော့သည်။

* * *



နောက်တစ်နေ့ နံနက်တွင် လုယန်မြို့ပြင်မှ တောအုပ်တစ်ခုတွင် လူများခြေရှုပ်နေသည်ကို တွေ့ကြရသည်။

ထိုလူများမှာ နေပြည်တော်မှ အာဏာသားများပင် ဖြစ်ကြသည်။

အာဏာသားများသည် တောအုပ်တစ်ခုလုံးကို ပိုက်စိတ်တိုက်ကာ ရှာဖွေနေကြသည်။

သူတို့ မည်သည့်အရာကို ရှာဖွေနေကြပါသနည်း။

ထိုစဉ် တောအုပ်ရှိရာသို့ လူတစ်ယောက်ပြေးလွှားလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ နန်းကုန်းစု ပင်ဖြစ်သည်။

နန်းကုန်းစုသည် ထွက်ပြေးလွတ်မြောက်သွားသော လူဆိုး

ခားပြမျှားအား လိုက်လံဖမ်းဆီးပြီးနောက် မြို့စားလက်ထဲသို့ အပ်နှံခဲ့သည်။

သူ မြို့စားဂေဟာသို့ ရောက်ရှိသွားချိန်တွင် တုန်လှုပ်ချောက်ခြားစရာ သတင်းတစ်ခုကို ကြားလိုက်ရ၏။

ထိုသတင်းမှာ နယ်စားကြီး၏သားတော်လေး ပျောက်ဆုံးသွားသောသတင်းပင် ဖြစ်သည်။

သားတော်လေး ပျောက်ဆုံးသွားရခြင်းကြောင့် နန်းကုန်းစု တုန်လှုပ်ချောက်ခြားသွားသည်။

သားတော်လေးသည် အစောင့်အရှောက် အနည်းငယ်ဖြင့် လုယန်မြို့သို့ တိတ်တဆိတ် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

သားတော်လေး၏ ခရီးစဉ်ကို မည်သူမျှ မသိရှိကြချေ။

အမှန်တွင်....

နန်းကုန်းစုသည် သားတော်လေး ခရီးထွက်လာရင်း လုယန်မြို့တွင် တစ်ညတာ ရပ်နားလိမ့်မည်ဖြစ်ကြောင်း ကြိုတင်သိရှိခဲ့၏။

ထို့ကြောင့်...

သူက လုယန်မြို့သို့ ကြိုတင်ရောက်လာပြီး သားတော်လေးအား အန္တရာယ်ပြုနိုင်မည့်သူများကို မြို့စားအကူအညီဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယခုမူ...

နန်းကုန်းစုက ထွက်ပြေးလွတ်မြောက်သွားသော လူဆိုးဓားပြများနောက်သို့ လိုက်လံဖမ်းဆီးနေချိန်တွင် သားတော်လေးမှာ ပျောက်ဆုံးသွားပြီဖြစ်၏။

သားတော်လေးသည် လုယန်မြို့သို့ ရောက်ရှိမလာဘဲ မြို့



ပြင်တောအုပ်၌ ပျောက်ဆုံးသွားခြင်းဖြစ်သည်။

နန်းကုန်းစုသည် ထိုသတင်းကိုကြားသည်နှင့် ချက်ချင်းပင် မြို့ပြင်တောအုပ်သို့ ပြေးထွက်လာခဲ့ခြင်းဖြစ်သည်။

အာဏာသားများသည် နန်းကုန်းစုကို တွေ့လိုက်သည်နှင့် အရိုအသေပြုလိုက်ကြ၏။

နန်းကုန်းစုက အာဏာသားတစ်ယောက်အား လှမ်းမေးလိုက်၏။

"သခင်လေး ဘယ်နေရာမှာ ပျောက်ဆုံးသွားတာလဲ"

အာဏာသားက နန်းကုန်းစုအား တစ်နေရာသို့ညွှန်ပြလိုက်သည်။

"ဟိုနေရာမှာပါ ကိုယ်ရံတော်ကြီး ခင်ဗျာ"

နန်းကုန်းစုသည် အာဏာသားညွှန်ပြရာသို့ လျှောက်သွားလိုက်၏။

ထိုနေရာတွင် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့ပုံရသည်။

ရထားအိမ်များမှာ ကျိုးကြေပျက်စီးနေပြီး အစောင့်အရှောက်များမှာ မြေပြင်ပေါ်တွင် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရ၏။

နန်းကုန်းစုသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

သူ့အနေဖြင့် သခင်လေးအား စောင့်ရှောက်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

ယခုတွင်မူ သူ၏ပေါ့လျော့မှုကြောင့် သခင်လေးမှာပျောက်ဆုံးသွားပြီဖြစ်သည်။

နန်းကုန်းစုသည် သခင်လေးပျောက်ဆုံးသွားသည်မှာ သူ

၏တာဝန်မကင်းဟု ယူဆလိုက်၏။

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်လေသည်။

ထိုဆုံးဖြတ်ချက်မှာ သခင်လေးအား နေပြည်တော်သို့ပြန်မပို့နိုင်သ၍ သူလည်းနေပြည်တော်သို့ မပြန်ဟုဖြစ်၏။

နန်းကုန်းစုသည် အာဏာသားအားကြည့်ကာ ပြောလိုက်သည်။

"သခင်လေးကို နေပြည်တော်ရောက်အောင် ပြန်ပို့နိုင်မှ ကျုပ်လည်းနေပြည်တော်ကို ပြန်လာခဲ့မယ်လို့ နယ်စားကြီးကို ပြောလိုက်ပါ"

စကားဆုံးသည်နှင့် လျှင်မြန်စွာ ပြေးထွက်သွား၏။

ကိုယ်ဖော့ပညာကောင်းမွန်သူ ဖြစ်သောကြောင့် နန်းကုန်းစုမှာ တခဏအတွင်းပင် မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

* * *



## ပျောက်ဆုံးနေသူ

ည...

တိတ်ဆိတ်နေသောညဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသည်။

တစ်ခါတစ်ရံမှသာ ပုရစ်အော်သံများကို တစ်ချက်တစ်ချက်ကြားရသည်။

ပတ်ဝန်းကျင်တစ်ခုလံး သစ်ရိပ်ဝါးရိပ်များ ဖုံးလွှမ်းနေ၏။

ထို့ကြောင့် ဤနေရာတစ်ဝိုက်တွင် မှောင်နှင့်မည်းမည်းရှိနေသည်မှာ မဆန်းပါချေ။

သို့သော်…

အလွန်တိတ်ဆိတ်နေသည်မှာ ထူးခြားလှပေသည်။

အမှန်တွင်…

ထိုအချိန်မှာ ညဥ့်မနက်သေးပါချေ။

ထို့ကြောင့် လူသံသူသံများနှင့် သွားလာလှုပ်ရှားသံများ ကြားရဖို့ကောင်းပေသည်။

ညဥ့်မနက်သေးသော်လည်း လူခြေတိတ်နေရခြင်းမှာ အဘယ်ကြောင့်နည်း။

လူအများသည် ဤနေရာအား ဝေးဝေးမှရှောင်ဖယ်သွားခြင်းကြောင့်ပေလော။

မှန်ပါသည်။

ဤနေရာမှာ သင်္ချိုင်းမြေတစ်ခု ဖြစ်ပါသည်။

မည်သူမဆို ညမိုးချုပ်၍ အလင်းရောင်ကွယ်ပျောက်သွားသည်နှင့် သင်္ချိုင်းမြေသို့ မသွားလိုကြတော့ပါချေ။

ဤသည်ကပင် လူတို့၏ ဖျောက်ဖျက်မရသော ဓမ္မတာတစ်ခုပင်ဖြစ်၏။

ဤသို့ဆိုပါလျှင် ကြောက်ရွံ့စက်ဆုပ်နေကြသူများသည် ဤသင်္ချိုင်းမြေသို့ မလာနိုင်တော့ပြီလော။

* * *



သင်္ချိုင်းမြေ…

သင်္ချိုင်းမြေတွင် ယခုလိုလမိုက်ရက်များတွင် သွေးပျက်ဖွယ်ရာကောင်းလှ၏။

အမှန်တွင်…

သင်္ချိုင်းမြေသည် မြို့ပြင်ဘက်တွင် တည်ရှိသည်။

ထို့ကြောင့် နေဝင်ရီသရောအချိန်ကပင် လူခြေတိတ်ဆိတ်သွားခြင်း ဖြစ်သည်။

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

အလေ့ကျပေါက်နေသော တောပန်းရနံ့များ ဝန်းကျင်တွင် သင်းပျံ့လာ၏။

"ရှဲ…ရှဲ"

ဝါးရုံပင်များသည် တစ်ပင်နှင့်တစ်ပင် ရိုက်ခတ်ကာတရှဲရှဲ မြည်သံထွက်ပေါ်လာသည်။

လူတစ်ရပ်နီးပါး ရှည်လျားစွာပေါက်နေသော သစ်ပင်များမှာယိမ်းနွဲ့သွားကြ၏။

အမှောင်ထုအောက်တွင် နာနာဘာဝ ဝိညာဉ်များ ကခုန်နေသည့်အလား ထင်မှတ်မှားဖွယ်ရာဖြစ်သည်။

သစ်ပင်ဝါးပင်များမှအပ အရာရာမှာ ပြောင်းလဲမှုမရှိ ပကတိအနေအထားအတိုင်း ရှိနေ၏။

ထိုစဉ်...

"ဂစ်"

ညဥ့်ငှက်တစ်ကောင်၏ စူးစူးဝါးဝါးအော်သံ တစ်ချက်ထွက်ပေါ်လာ၏။

ကြိုကြားကြိုကြား အော်မြည်နေသော ပုရစ်သံများ ရုတ်တရက်တိတ်ဆိတ်သွားလေသည်။

တဖန် မြက်ပင်ရှည်များမှာလည်း လေမတိုက်ဘဲ လှုပ်ရှားသွားကြ၏။

တဆက်တည်းပင် အဖြူရောင်အရိပ်တစ်ခုသည် မြက်ပင်ရှည်များကြားမှ ဘွားခနဲ ထွက်ပေါ်လာသည်။

အဖြူရောင်အရိပ်မှာ မပီပိုးတဝါး ရွေ့လျားလာလေ၏။

ထိုလူရိပ်သွားရာလမ်းတည့်တည့်တွင် သေးငယ်သော အိမ်လေးတစ်လုံးရှိသည်။

ယင်းအိမ်လေးမှာ သချိုင်းစောင့်နေထိုင်သော အိမ်ငယ်ကလေးဖြစ်၏။



ယင်းအိမ်ကလေးမှ မီးရောင်တလက်လက် ထွက်ပေါ်လာသည်။

အဖြူရောင်လူရိပ်သည် အိမ်ကလေးရှိရာသို့ လျင်မြန်စွာ လျှောက်လှမ်းသွားလေတော့သည်။

* * *

အိမ်ကလေးအတွင်း၌ မီးရောင်ခပ်မှိန်မှိန် လင်းနေ၏။

ဝါကျင့်ကျင့် မီးရောင်မှာ စုတ်ပြဲနေသောဝါးထရံမှတဆင့် အိမ်အပြင်ဘက်သို့ မပီပိုးတဝါး ထိုးကျနေ၏။

အိမ်ကလေးမှာ ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သည်။

သစ်သားတိုင်များတွင် ခြကိုက်ရာများဖြင့် ပြည့်နှက်နေ၏။

ပင့်ကူအိမ်များမှာလည်း အိမ်၏နေရာအနှံ့တွင် ကပ်ညိနေသည်။

ကြွက်များမှာလည်း ဝရန်းသုံးကားဖြင့် ဟိုပြေးသည်ပြေးနှင့်အစာရှာဖွေနေကြသည်။

ဤမျှဟောင်းနွမ်းစုတ်ပြတ် ညစ်ပေနေသောနေရာ၌နေထိုင်သူမှာ မည်သူဖြစ်ပါသနည်း။

လေအဝေ့တွင် မီးအိမ်မှာ လှုပ်ရှားသွား၏။

မီးရောင်ကြောင့် ဖြစ်ပေါ်နေသောအရိပ်များမှာလည်း လှုပ် ရှားသွားသည်။

မီးအိမ်အောက်၌ ဟောင်းနွမ်းသော စားပွဲတစ်လုံးရှိသည်။

စားပွဲပေါ်တွင် အရက်အိုးတစ်လုံးနှင့်မြေပဲဆန် အနည်းငယ်ရှိနေသည်။

စားပွဲရှေ့တွင် လူတစ်ယောက်ထိုင်နေ၏။

သူထိုင်နေခြင်းမှာ မလှုပ်မယှက် ထိုင်နေခြင်းဖြစ်သည်။

ထိုလူမှာ ဤနေရာ၌ နေထိုင်သူဖြစ်သည်။

တနည်းဆိုရလျှင် သချိုင်းစောင့်ပင် ဖြစ်သည်။

ထိုလူမှာ ကြွက်များကဲ့သို့ပင် အစာရေစာ ဝဝလင်လင်စားသောက်ရဟန်မတူချေ။

သူ၏အသားအရည်မှာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ရုတ်တရက် ကြည့်မည်ဆိုလျှင် နှစ်ရှည်လမျာ ရောဂါဝေဒနာ ခံစားနေရသော လူမမာတစ်ယောက်ဟု ထင်ရမည် ဖြစ်သည်။

သူသည် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

အပြာရောင်ဝတ်စုံဟု ဆိုသော်လည်း ဟောင်းနွမ်းညစ်ပေလွန်း၍ အရောင်မပေါ်လွင်တော့ချေ။

သူသည် ကုလားထိုင်တစ်လုံးပေါ်တွင် အိပ်ငိုက်နေသည်။

အိမ်ကလေးနှင့် အိမ်ပိုင်ရှင်တို့မှာ လိုက်ဖက်ညီလွန်းလှ၏။

အရာရာမှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှပေသည်။

ရုတ်တရက်...

အိမ်ပိုင်ရှင်မှာ ငိုက်မြည်းနေရာမှ ဝါးခနဲ သန်းဝေလိုက်၏။

ထို့နောက် ထိုင်ရာမှထလိုက်၏။

သို့သော်...



သူသည် အရက်အလွန်အကျွံသောက်ထားသည့်အလား ခန္ဓာကိုယ်ပင် မဟန်နိုင်တော့ဘဲ လူရော ကုလားထိုင်ပါ ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။

ထိုအခိုက်...

"ခွမ်း"

အသံတစ်ချက် ထွက်ပေါ်လာသည်။

စားပွဲပေါ်မှ အရက် အိုးအား ခဲလုံးထိမှန်သွားခြင်းကြောင့်ဖြစ်၏။

ထိုခဲလုံးမှာ စားပွဲပေါ်တွင် စိုက်ဝင်နေလေသည်။

အရက်အိုးကွဲသွားသောကြောင့် အရက်များ စားပွဲပေါ်မှတဆင့် ကြမ်းပြင်ပေါ်သို့ စီးကျသွား၏။

ထို့အပြင်...

ကြမ်းပြင်ပေါ်တွင် လဲကျနေသော အိမ်ပိုင်ရှင်၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားသည်။

အိမ်ပိုင်ရှင်၏ ခန္ဓာကိုယ်မှာ ချက်ချင်းပင် အရက်များ စိုရွှဲသွားတော့၏။

သို့သော်...

အိမ်ပိုင်ရှင်မှာ ဘာကိုမှမသိသည့်အလား တခေါခေါဟောက်လျက် အိပ်ပျော်သွားပြီဖြစ်သည်။

အကယ်၍ သူက နေရာတွင်ဆက်လက်ထိုင်နေပါက ခဲလုံးမှာ အရက်အိုးကို ထိမှန်မည်မဟုတ်ဘဲ သူ၏ကျောပြင်သို့သာ စိုက်ဝင်သွားမည်ဖြစ်၏။

ထိုခဲလုံးအား ဖွင့်ထားသော ပြတင်းပေါက်၏အပြင်ဘက်

အမှောင်အတွင်းမှ တစ်စုံတစ်ယောက်က ပစ်လွှတ်လိုက်ခြင်းဖြစ်၏။

* * *

ပတ်ဝန်းကျင်တွင် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

အိမ်ပိုင်ရှင်မှာ ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေဆဲဖြစ်၏။

ရုတ်တရက်...

လေပြင်းတစ်ချက် တိုက်ခတ်လာသည်။

"ကျွီ"

မင်းတုန်းမချထားသောကြောင့် အိမ်တံခါးပွင့်သွား၏။

တံခါးပွင့်သွားသောကြောင့် အိမ်ကလေးအတွင်းမှကြည့်လျှင် ယိမ်းနွဲ့နေသော မြက်ပင်များကိုသာ တွေ့ရမည်ဖြစ်သည်။

လေတိုက်ခတ်မှုရပ်သွားသော်လည်း မြက်ပင်များမှာ လှုပ်ရှားလျက်ရှိသည်။

တခဏအကြာတွင် မြက်ပင်များကြားမှ အဖြူရောင်အရိပ်တစ်ခု တိုးထွက်လာသည်ကို တွေ့လိုက်ရ၏။

မီးရောင်မှာ ပွင့်နေသော တံခါးပေါက်မှတဆင့် အပြင်ဘက်သို့ ကျရောက်နေသဖြင့် တံခါးဝရောက်နေသော အဖြူရောင်အရိပ်အား သဲသဲကွဲကွဲ တွေ့မြင်လိုက်ရလေသည်။

အဖြူရောင်ဝတ်ထားသူမှာ အသက်လေးဆယ်ကျော်ခန့်ရှိလူကြီးတစ်ယောက် ဖြစ်သည်။



ထိုလူသည် မျက်နှာ တစ်ဝက်အုပ်သည်အထိ ခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။

ကျောပေါ်တွင် ဓားရှည်တစ်လက်ကို လွယ်ပိုးထားသည်။

ထိုလူသည် ခြေသံလုံလုံနင်းရင်း အိမ်ကလေးအနီးသို့ ချဉ်းကပ်လာသည်။

အိမ်တံခါးဝသို့ ရောက်သောအခါ အိမ်တွင်းသို့ကြည့်ပြီး လှမ်းပြောလိုက်သည်။

"ဒီးကွက်...မင်းသေချင်ယောင်ဆောင်နေလို့ အပိုပဲ၊ ငါ့ရဲ့ခဲလုံးဟာ မင်းကိုမထိနိုင်ဘူးဆိုတာ ငါသိတယ်"

သူ့အသံမှာ ခပ်သြသြထွက်ပေါ်လာသည်။

သူသည် ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသော အိမ်ပိုင်ရှင်အားရည်ညွှန်း ပြောဆိုလိုက်ဟန်ရှိ၏။

သို့သော်...

ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသော အိမ်ပိုင်ရှင်မှာ သူ၏စကားကို ကြားဟန်မတူချေ။

တခေါခေါဟောက်ရင်း နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်။

ခမောက်ဆောင်းထားသူက ခပ်သဲ့သဲ့ ရယ်မောလိုက်၏။

"ဟဲ...ဟဲ...ဟဲ"

ထို့နောက် အိမ်ကလေးအတွင်းသို့ လှမ်းဝင်လိုက်သည်။

အိမ်ပိုင်ရှင်နှင့် လက်တစ်လှမ်းအကွာရောက်မှ ရပ်တန့်လိုက်လေသည်။

သူသည် အိမ်ပိုင်ရှင်အား စိုက်ကြည့်ကာ...

"မင်းဟာ ဒီးကွက်ဆိုတာ ငါသိတယ်၊ ဒီမှာလာပြီး ဓာတ်မြုပ်နေထိုင်လည်း ငါတွေ့အောင် ရှာနိုင်ပါသေးတယ်"

စကားဆုံးသွားသည်နှင့် တခေါခေါဟောက်သံကို ကြားလိုက်ရပြန်သည်။

ထူးခြားမှုဟူ၍ လုံးဝမရှိချေ။

ခမောက်ဆောင်းထားသူ စိတ်မရှည်တော့ချေ။

ခမောက်ကို အသာပင့်တင်လိုက်၏။

ထိုအခါ တင်းမာခက်ထန်နေသော မျက်နှာထားကို တွေ့မြင်လိုက်ရ၏။

သူ၏နားထင်နှစ်ဖက်မှာ ချိုင့်ဝင်နေပြီး နှာခေါင်းမှာ သိမ်းငှက်ခြေသည်းသဖွယ် ကောက်လွန်းလှ၏။

နှုတ်ခမ်းအစုံမှာ ပါးလွှာနေပြီး မျက်လုံးအစုံမှာ ရူးရှတောက်ပလျှက်ရှိသည်။

သူ၏မျက်နှာတစ်ခုလုံးအား ခြုံငုံကြည့်မည်ဆိုလျှင် ပြတ်သားပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင်ရှိ၏။

ထို့ပြင်...

အတွင်းအား အလွန်ကောင်းသောသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

အိမ်ပိုင်ရှင်အား စိုက်ကြည့်နေရင်းမှ သူ၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ထွက်ပေါ်လာ၏။

ခမောက်ဆောင်းထားသူက မဲ့ပြုံးပြုံးလိုက်ပြီး ပြောလိုက်ပြန်လေသည်။

"ဒီးကွက်..မင်းဘယ်လိုပဲ ရုပ်ဖျက်ထားပေမယ့် ငါသိတယ်



သေသွားတဲ့လူတစ်ယောက်သာ သူ့ရဲ့နောက်ကြောင်း ရာဇဝင်ကို ဖျောက်ဖျက်ပစ်လို့ရမယ်၊ တကယ်လို့ မင်းဟာ နောက်ကြောင်းရာဇဝင်ကို ဖျောက်ဖျက်ချင်နေတယ်ဆိုရင်..."

စကားကစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ထို့နောက်...

ကျောတွင် လွယ်ထားသောဓားကို ဆွဲထုတ်ကာ အိမ်ပိုင်ရှင်အားခုတ်ချလိုက်သည်။

ဝါကျင့်ကျင့်မီးရောင်အောက်တွင် ဓားရောင်မှာ ဝင်းလက်သွား၏။

သူ၏လှုပ်ရှားမှုမှာ မယုံနိုင်လောက်အောင်ပင် လျင်မြန်လွန်းလှ၏။

ထိုစဉ်..

အိမ်ပိုင်ရှင်မှာ ရင်ပူလာဟန်ဖြင့် တအင်းအင်းညည်းညူလိုက်လေသည်။

"ရေ...ရေပေးပါ"

မသဲမကွဲရေရွတ်ရင်း ခန္ဓာကိုယ်ကို တစ်ဖက်သို့လှည့်လိုက်သည်။

"ဒုတ်"

ခမောက်ဆောင်းထားသူ၏ဓားမှာ အိမ်ပိုင်ရှင်အား မခုတ်မိဘဲ ကြမ်းပြင်ပေါ်သို့သာ ခုတ်ချမိသွားလေသည်။

ခမောက်ဆောင်းထားသူမှာ မျက်နှာကွက်ခနဲ ပျက်သွားလေတော့သည်။

ဓားကို လျင်မြန်စွာပြန်ရုပ်သိမ်းလိုက်၏။

သူသည် ခံပြင်းလွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေသည်။

အိမ်ပိုင်ရှင်အားကြည့်ကာ အံကြိတ်ပြီး ပြောလိုက်သည်။

“မင်း ငါ့ကို သဘောမကျဘူးဆိုတာသိလျက်နဲ့ အခုလိုလာတာ ဘာကြောင့်လဲဆိုတာ မမေးတော့ဘူးလား”

အိမ်ပိုင်ရှင်မှာ အိပ်ပျော်နေဆဲဖြစ်သည်။

တုတ်တုတ်မျှ မလှုပ်ချေ။

ခမောက်ဆောင်းထားသူ သက်ပြင်းချလိုက်၏။

“မင်းရဲ့သိုင်းပညာ နဂိုအတိုင်းရှိနေသေးတယ်ဆိုတာ ငါသိပြီ၊ မင်း ငါ့ကိုလိမ်လို့မရဘူး၊ ဟား...ဟား...ဟား”

ပြောရင်း သဘောကျစွာရယ်မောလိုက်၏။

ထို့နောက် ခန္ဓာကိုယ်ကို ချာခနဲလှည့်ကာ အိမ်ကလေးအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

သို့သော်...

အိမ်အပြင်ဘက်သို့ တဆက်တည်းထွက်ခွာသွားခြင်း မဟုတ်ချေ။

တံခါးဝသို့ရောက်လျှင် ခြေလှမ်းတုန့်ခနဲ ရပ်ကာ...

“ဇီးကွက်...စုမာထင်းဟာ နှစ်ရက်အတွင်း အသတ်ခံရတော့မယ်၊ သူ့ကိုကယ်တင်ဖို့ မင်းတစ်ယောက်ပဲ တတ်နိုင်မယ်၊ သူ့ကို ကယ်တင်မယ်ဆိုရင် ဒီအိမ်ကလေးကို မီးရှို့လိုက်ပါ၊ မင်းကို ဆက်သွယ်မယ့်လူတွေ ရောက်လာလိမ့်မယ်”

စကားဆုံးသည်နှင့် အပြင်သို့လှမ်းထွက်သွားလေသည်။

ထို့နောက်...



မြက်ပင်ရှည်များထဲသို့ တိုးဝင်သွားလေသည်။

မကြာမီ...

အမှောင်ထုအောက်၌ လုံးဝပျောက်ကွယ်သွားလေသည်။

အိမ်ကလေးမှာ ယခုအချိန်အထိ ငြိမ်သက်ဆဲပင်ရှိနေလေသည်။

ခမောက်ဆောင်းထားသူမှာ ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှာလည်း ယခင်ကအတိုင်း ပြန်လည်ငြိမ်သက်သွားပြီ ဖြစ်သည်။

ထူးခြားမှု တစ်စုံတစ်ရာမရှိခဲ့သည့်အလား တိတ်ဆိတ်သွားသည်။

အိမ်ပိုင်ရှင်မှာ ကြမ်းပြင်ပေါ်တွင် ခန္ဓာကိုယ် တစ်ချက်လူးလွန့်လိုက်သည်။

“ဝါး”

သူသည် ပျင်းရိစွာ တစ်ချက်သန်းဝေကာအိပ်ရာမှနိုးလာ၏

ထို့နောက်...

အပျင်းတစ်ချက် ဆန့်လိုက်သည်။

တဖန် ပျင်းရိလေးတွဲ့စွာဖြင့်ထကာ အခန်းထောင့်တစ်နေရာဆီသို့ လျှောက်လှမ်းသွားလိုက်၏။

အခန်းထောင့်တွင် မီးဖိုတစ်လုံးရှိနေသည်။

မီးဖိုမှာ ပြာဖုံးနေပြီဖြစ်၏။

သို့သော်...

မီးခိုးများထွက်နေပြီး မီးမသေသေးချေ။

အိမ်ပိုင်ရှင်မှာ မီးဖိုအနီးတွင် ထိုင်ချလိုက်ကာ ထင်းချောင်းများကို ထိုးထည့်လိုက်သည်။

ထို့နောက် တဖူးဖူးဖြင့် မီးကို ကုန်းမှုတ်လိုက်၏။

မကြာမီ...

တဖျောက်ဖျောက်အသံများမြည်ကာ မီးတောက်လာ၏။

ထိုအခါမှ အိမ်ပိုင်ရှင်သည် မီးဖိုနံဘေးတွင် ထိုင်ကာ ထင်းချောင်းများကို တစ်ချောင်းပြီးတစ်ချောင်း စိမ်ပြေနပြေ ထည့်ပေးနေ၏။

မီးအရှိန်မှာ အားကောင်းလာပြီး မီးတဟုန်းဟုန်း တောက်လောင်လာသည်။

မကြာပါချေ။

ထင်းအားကောင်းသောကြောင့် မီးဖိုမှ မီးညွန့်များမှာ ခေါင်မိုးထိအောင်ပင် မြင့်တက်လာ၏။

ထိုအခါမှ အိမ်ပိုင်ရှင်သည် မီးဖိုအနီးမှ ဖယ်လိုက်သည်။

အိပ်ရာနံဘေးသို့ လှမ်းသွားကာ အသင့်ရှိနေသော အဝတ်ထုတ်လေးအား ကောက်ယူလိုက်လေသည်။

အိမ်ပိုင်ရှင်သည် မီးဖိုအားလှည့်မကြည့်တော့ဘဲ အပြင်သို့ ထွက်သွားလေသည်။

အိမ်ပြင်သို့ ရောက်သောအခါ မြေကွက်လပ်ပေါ်၌ အေးအေးဆေးဆေး ထိုင်ချလိုက်၏။

သူသည် အိမ်ကလေးအား ကျောခိုင်းလိုက်ခြင်းဖြစ်သည်။

သူ၏နောက်ဘက်မှ တဖျောက်ဖျောက်မြည်သံများ ထွက်ပေါ်လာ၏။



ထိုအသံများသည် အိမ်ကလေးဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အိမ်ရှင်သည် အိမ်ကလေးအား လှည့်ပင်မကြည့်ပါချေ။

“ဝုန်း”

အသံတစ်ချက် ထွက်ပေါ်လာကာ အိမ်ခေါင်မိုးသို့ မီးစွဲလောင်သွားသည်။

တခဏအတွင်းပင် မီးတောက်မီးလျှံများ အိမ်ကလေးအား ဝါးမြိုသွားလေတော့သည်။

* * *

လမိုက်ညမို့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။

သို့သော်..

သုသာန်အတွင်း၌ မီးရောင်များ လင်းထိန်စွာ ထွက်ပေါ်နေသည်။

ထိုမီးရောင်များသည် အိမ်ကလေးအား မီးလောင်နေရာမှ ထွက်ပေါ်လာခြင်းဖြစ်၏။

မီးတောက်များမှာ အားကောင်းလှပေသည်။

ထို့ကြောင့်...

ပတ်ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်သွားလေသည်။

မီးရောင်ကို အဝေးမှပင် တွေ့မြင်နိုင်ပေသည်။



ဟောင်းနွမ်းသော အိမ်ကလေးမှာ မီးတောက်မီးလျှံများ၏ဝါးမျိုမှုကြောင့် အသံမျိုးစုံမြည်ကာ ပြိုကျနေ၏။

အိမ်ကလေးရှေ့ မနီးမဝေးမြေကွက်လပ်တွင် အိမ်ပိုင်ရှင် (ဝါ) ဦးကွက်ဆိုသူမှာ ငြိမ်သက်စွာ ထိုင်နေသည်။

သူ့မျက်နှာတွင် ဟန်မူရာ ကင်းမဲ့နေသည်။

သူကြာမြင့်စွာနေထိုင်ခဲ့သော အိမ်ကလေးအား မီးလောင်ပျက်စီးသွားသည်ကို နှမြောတသဟန် မရှိချေ။

သံယောဇဉ်ကင်းမဲ့သော လူတစ်ယောက်ပမာ မလှုပ်မယှက်ထိုင်နေ၏။

ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသမျှ သူနှင့်လားလားမျှမသက်ဆိုင်သကဲ့သို့ စောင်းငဲ့၍ပင် မကြည့်ချေ။

သူနေထိုင်ခဲ့သော အိမ်ကလေးမှာ သေးငယ်သောအိမ်ကလေးတစ်လုံးဖြစ်သည်။

ယင်းကြောင့်...

မီးအားကောင်းစွာ လောင်ကျွမ်းလိုက်သည်နှင့် တခဏအတွင်းမှာပင် ပြာပုံဘဝသို့ ပြောင်းလဲသွားလေတော့သည်။

အိမ်ကလေး ပြာပုံ ဘဝရောက်သွားမှ အိမ်ပိုင်ရှင်(ဝါ) ဦးကွက်ဆိုသူ သက်ပြင်းချလိုက်၏။

ထို့နောက် အေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။

"ခင်ဗျား..ကျုပ်ကို ဘာကြောင့်လာမတွေ့သေးတာလဲ"

သူ၏အသံမှာ တိုးညှင်းစွာ ထွက်ပေါ်လာသည်။

သို့သော်...

မကြာပါချေ။

မြက်ပင်များကြားမှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ စောစောက အဖြူရောင်ဝတ်ဆင်ထားသူ မဟုတ်ချေ။

အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်သာ ဖြစ်သည်။

အနက်ရောင်ဝတ်ဆင်ထားသူမှာ မြေကွက်လပ်ဆီသို့ ခုန်ထွက်လာသည်။

ထို့နောက်...

"မင်း"

သူ၏စကားမဆုံးမီ ဇီးကွက်က လက်တစ်ဖက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ အဖြူရောင်အလင်းတန်း ရုတ်ခြည်းထွက်ပေါ်လာလေသည်။

ထိုအဖြူရောင်အလင်းတန်းသည် အနက်ရောင် ဝတ်ဆင်ထားသူထံသို့ လှစ်ခနဲ ပြေးဝင်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူမှာ မျက်လုံးပြူးသွားလေ၏။

ထိတ်လန့်တုန်လှုပ်စွာဖြင့် ဇီးကွက်အားကြည့်လိုက်လေသည်။

"ဇီးကွက်...မင်း"

သူသည် စကားဆုံးအောင်ပင် မပြောလိုက်နိုင်ပါ။

အဖြူရောင်အလင်းတန်းသည် သူ၏နဖူးအား စိုက်ဝင်သွားခြင်းကြောင့် ဖြစ်၏။

ထိုအရာမှာ သံစူးလက်နက်တစ်ခု ဖြစ်သည်။



အနက်ရောင်ဝတ်ဆင်ထားသူ၏နဖူးတွင် သံစူးလက်နက်ပုန်းတစ်ခု တည့်မတ်စွာ စိုက်ဝင်နေ၏။

အနက်ရောင်ဝတ်ဆင်ထားသူသည် မသဲမကွဲ အသံတစ်ချက် ပြုလိုက်သည်။

သူ၏ခန္ဓာကိုယ်မှာ အထိန်းအကွပ် မရှိတော့ဘဲ မြေပြင်ပေါ်သို့ တအိအိ လဲပြိုကျသွားတော့၏။

ဇီးကွက် သက်ပြင်းတစ်ချက် ချလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူ၏အလောင်းအား စိုက်ကြည့်ကာ ပြောလိုက်၏။

"ကျုပ်ကို ခြိမ်းခြောက်လာတဲ့လူဆိုရင် သေရမှာပဲ"

ပြောပြောဆိုဆိုဖြင့် မြေပေါ်မှ အဝတ်ထုပ်ကလေးအား ကောက်ယူလိုက်သည်။

ထို့နောက် ခန္ဓာကိုယ်ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

မကြာမီ...

ဇီးကွက်သည် မြက်ပင်ရှည်များအကြား တိုးဝင်သွားပြီး တရွေ့ရွေ့ လျှောက်လှမ်းကာ ပျောက်ကွယ်သွားလေတော့သည်။

* * *

"အောက်..အီး..အီး..အွတ်"

အဝေးဆီမှ ကြက်တွန်သံများ ထွက်ပေါ်လာ၏။

အရှေ့အရပ်မှ နေဝန်းနီ ထွက်ပေါ်လာပြီ ဖြစ်သည်။

အမှောင်ထုများ နေရာတွင် အလင်းရောင်က အစားထိုးဝင်ရောက်လာသည်။

မိုးစင်စင်လင်းပြီ ဖြစ်သည်။

တစ်ညတာ အိပ်စက်ခဲ့သော ထင်းရှူးမြို့ကလေးမှာ နံနက်နေရောင်ခြည်နှင့်အတူ နိုးထလာခဲ့ပြီ ဖြစ်၏။

ထင်းရှူးမြို့ကလေးမှာ စည်ကားလျက် ရှိနေသည်။

မြို့လယ်လမ်းမကြီးပေါ်တွင် တစ်နေ့တာ လုပ်ငန်းခွင်ဝင်ရန် လူများ ဥဒဟိုသွားလာနေကြ၏။



မင်းလမ်းမ၏တစ်ဖက်တစ်ချက်တွင် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ အထည်အလိပ်ဆိုင်များနှင့် ပြည့်နှက်နေပေသည်။

နံနက်စောစောအချိန်တွင် ထင်းရှူးမြို့၏စည်ကားသောလမ်းမကြီးတစ်လျှောက် လူတစ်ယောက် လျှောက်လှမ်းလာ၏။

ထိုလူမှာ သုသာန်တစပြင်မှ ထွက်လာခဲ့သော ဇီးကွက်ပင်ဖြစ်သည်။

ဇီးကွက်အား တွေ့သည်နှင့် လမ်းသွားလမ်းလာများ နှာခေါင်းရှုံ့သွားကြ၏။

အချို့ကလည်း ဇီးကွက်အား ခပ်ဝေးဝေးမှ ရှောင်ထွက်သွားကြလေသည်။

ဇီးကွက်အား မြင်သည်နှင့် ခွေးလေခွေးလွင့်များ ရတ်တရက် ထိုးဟောင်လိုက်ကြ၏။

သို့သော်...

တစ်ခဏမျှသာ ဟောင်လိုက်ကြပြီး အမြီးကုပ်ကာ လမ်းချိုးလေးများအတွင်းသို့ ပြေးဝင်သွားကြသည်။

ဇီးကွက်သည် ပတ်ဝန်းကျင်မှ ဖြစ်ပျက်နေသမျှကို ဂရုမစိုက်ပါချေ။

ခြေလှမ်းမှန်မှန်ဖြင့် မြို့တွင်းသို့ လှမ်းဝင်လာ၏။

အတန်ကြာ လျှောက်လှမ်းလာခဲ့ပြီးနောက် တစ်နေရာသို့အရောက်တွင် သူ၏ခြေလှမ်းများ ရပ်တန့်သွားလေ၏။

သူ၏မျက်လုံးအစုံမှာ တစ်နေရာသို့ စူးစိုက်ကြည့်နေသည်။

ဇီးကွက် ကြည့်နေသော အရာမှာ ဆိုင်းဘုတ်တစ်ခု ဖြစ်ပါ

သည်။

ထိုဆိုင်းဘုတ်ပေါ်၌...

"ပျံလွှားစားသောက်ဆိုင်"

ဟု ရေးသားထားပေသည်။

ပျံလွှားစားသောက်ဆိုင်မှာ တည်းခိုခန်းနှင့် တွဲဖက်ဖွင့်လှစ်ထားသောဆိုင်တစ်ဆိုင် ဖြစ်သည်။

ပျံလွှားစားသောက်ဆိုင်မှာ ထင်းရှူးမြို့၏အကောင်းဆုံးသော စားသောက်ဆိုင်ဟု ဆိုရပေမည်။

ဇီးကွက်သည် အတန်ကြာ ကြည့်နေပြီးမှ စားသောက်ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်၏။

စားသောက်ဆိုင်တွင်း၌ စကားသံများနှင့် ဆူညံစွာ ထွက်ပေါ်နေသည်။

သို့သော်...

ဇီးကွက် ဆိုင်တွင်းသို့ ဝင်ရောက်လာသည်နှင့် ထိုစကားသံများမှာ မီးကိုရေဖြင့် ငြိမ်းသက်လိုက်သည့်အလား ငြိမ်သက်သွားကြ၏။

စားသောက်နေကြသူများ၏မျက်လုံးမှာ ဇီးကွက်ထံ စုပြုံရောက်လာလေသည်။

ယင်းမျက်လုံးများ၌ ရွံ့ရှာခြင်း၊ ထိတ်လန့်ခြင်း၊ အထင်သေးခြင်း စသည့် ခံစားချက်များနှင့် ရောနှောပါဝင်နေသည်။

မှန်ပေသည်။

ဇီးကွက်မှာ သုသာန်တစပြင်တွင် နေထိုင်သူဖြစ်ကြောင်း မြို့ခံလူအားလုံးက သိရှိထားကြပေသည်။



ယင်းကြောင့် ဇီးကွက်အား တွေ့သည်နှင့် မြွေတစ်ကောင်အား ရုတ်တရက် တွေ့လိုက်ရသကဲ့သို့ ရွံ့ရှာတုန်လှုပ်သွားကြခြင်း ဖြစ်၏။

ဇီးကွက်မှာ ဆိုင်တွင်းသို့ တစ်ချက် ဝေ့ကြည့်လိုက်လေ၏။

သူ၏အကြည့်သည် ဆိုင်ထောင့်တစ်နေရာတွင် ရပ်တန့်သွား၏။

ဆိုင်ထောင့်ရှိ စားပွဲဝိုင်းတွင် လူတစ်ယောက် ရှိနေသည်။

ထိုလူသည် ခေါင်းငုံ့၍ အစားအသောက်များကို စားသောက်နေ၏။

သူသည် ဝါးခမောက်တစ်လုံးကို ဆောင်းထားပြီး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ဇီးကွက် မျက်နှာပေါ်တွင် ကျေနပ်သည့် အရိပ်အယောင်များ ထွက်ပေါ်လာ၏။

ထို့နောက် ခြေလှမ်းမှန်မှန်ဖြင့် ထိုလူထံသို့ လျှောက်သွားလေသည်။

ဤတွင်...

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာ၏။

အကြောင်းမှာ စားပွဲဝိုင်းတစ်ခုတွင် ထိုင်နေကြသော လူငါးယောက်အနက် ခန္ဓာကိုယ် ဝဖိုင့်ဖိုင့်ရှိသူ တစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး ဇီးကွက်အား ကြိမ်းမောင်းလိုက်၏။

"ဟေ့ ကျက်သရေမရှိတဲ့ကောင် ဆိုင်ထဲက မြန်မြန်ထွက်သွားစမ်း"

သူ၏အသံမှာ ကျယ်လောင်ပြီး စူးရှလှ၏။

သို့သော်...

ဦးကွက်မှာ ကြားဟန်မတူချေ။

ရှေ့သို့သာ ဆက်၍ လှမ်းသွား၏။

ဦးကွက်အား ဟန့်တားလိုက်သူမှာ ဤမြို့မှ သူဌေးသား တစ်ယောက် ဖြစ်သည်။

ချမ်းသာကြွယ်ဝသည့်အပြင် သိုင်းပညာတတ်မြောက်ထား သောကြောင့် မြို့ခံလူများကြား၌ ထင်ပေါ်နေလေ၏။

ထိုလူ၏အမည်မှာ စွမ်းဟုတ် ဖြစ်သည်။

ထိုစားပွဲဝိုင်းတွင် စွမ်းဟုတ်နှင့်အတူ လူရွယ်လေးယောက် ထိုင်နေကြ၏။

ထိုလူရွယ်လေးယောက်မှာလည်း ဤမြို့ရှိ လူငယ်လူရွယ် အသိုင်းအဝိုင်း၌ အထင်ကြီးခံရသူများ ဖြစ်ကြသည်။

ယခုလို နံနက်စောစောအချိန်တွင် စွမ်းဟုတ်နှင့် အခြားလူ များ စားသောက်နေသော စားသောက်ဆိုင် တွင်းသို့ သဈှိုင်းစောင့် တစ်ယောက် ဝင်ရောက်လာသည့်အတွက် မင်္ဂလာမရှိဟု ယူဆထား ကြ၏။

ထို့ကြောင့်...

စွမ်းဟုတ်က မောင်းထုတ်ပစ်ရန် ကြံရွယ်ခြင်း ဖြစ်သည်။

သို့သော်...

သဈှိုင်းစောင့်က ဘာကိုမျှ မကြားသည့်အလား ဆိုင်တွင်း သို့ လှမ်းဝင်သွား၏။

စွမ်းဟုတ် ဒေါသချောင်းချောင်း ထွက်သွားသည်။

"ဟေ့ကောင် ငါပြောနေတာ မကြားဘူးလား၊ မင်းသေချင်



ပြီ ထင်တယ်"

ပြောပြောဆိုဆိုဖြင့် သဈှိုင်းစောင့်(ဝါ)ဦးကွက်အား လက် သီးဖြင့် ထိုးချရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူတစ်ယောက်မှာ စွမ်းဟုတ်နှင့် ဦး ကွက်အကြားသို့ ခုန်ဝင်လာ၏။

ဦးကွက်မှာ စွမ်းဟုတ် လက်သီးချက်ကို လုံးဝရှောင်တိမ်း ခြင်း မပြုချေ။

အေးစက်သော မျက်လုံးအစုံဖြင့် စွမ်းဟုတ်ကိုသာ စိုက် ကြည့်နေသည်။

ဦးကွက်နှင့် စွမ်းဟုတ်မှာ မျက်လုံးချင်း ဆုံမိကြ၏။

ထိုအခါ...

မည်သည့်အကြောင်းကြောင့်မှန်းမသိ စွမ်းဟုတ်မှာ ကျော ချမ်းလာသည်ဟု ခံစားရလေသည်။

သူတို့နှစ်ယောက်အကြား ကြားဝင်ဟန့်တားလာသူမှာ ခမောက်ဆောင်းထားသော အဖြူရောင်ဝတ်ဆင်ထားသူ ဖြစ်၏။

ထိုလူမှာ စွမ်းဟုတ်အား မကြည့်ချေ။

ဦးကွက်ကိုသာ စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

"မင်း ကျုပ်နောက်ကို လိုက်လာလိမ့်မယ်ဆိုတာ ကျုပ်သိ တယ်၊ ဒါကြောင့် ဒီမှာ တမင်စောင့်နေတာ"

ပြောရင်း စားသောက်ဆိုင်အတွင်းသို့ ဝေ့ကြည့်လိုက်လေ သည်။

သူတို့နှစ်ယောက်အား အာရုံစိုက်၍ ကြည့်နေကြသူများမှာ မျက်လုံးလွှဲဖယ်သွားကြသည်။

စွမ်းဟုတ်မှာလည်း မည်သည့်စကားမှ မပြောနိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေ၏။

အဖြူရောင်ဝတ်ဆင်ထားသူက သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်...

ဦးကွက်အား စိုက်ကြည့်ကာ ပြောလိုက်၏။

"တို့တစ်နေရာသွားပြီး စကားပြောကြတာပေါ့"

စကားဆုံးသည်နှင့် ဆိုင်ကလေးအတွင်းမှ လှမ်းထွက်သွားသည်။

ဦးကွက်မှာ မည်သည့်စကားမှ ပြန်မပြောချေ။

စက်ရုပ်တစ်ရုပ်ပမာ အဖြူရောင်ဝတ်ဆင်ထားသူနောက်သို့ လိုက်ပါသွား၏။

မကြာမီ...

သူတို့နှစ်ယောက်သည် စားသောက်ဆိုင်အပြင်ဘက်သို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ရှိသွားကြတော့သည်။

* * *



အဖြူရောင်ဝတ်ဆင်ထားသူနှင့် ဦးကွက်တို့မှာ ဆိုင်အတွင်းမှ ထွက်ခွာသွားပြီ ဖြစ်ပါသည်။

စွမ်းဟုတ်မှာ ကြောင်အမ်းအမ်းဖြင့် ရပ်နေဆဲပင်။

အတန်ကြာမှ သတိဝင်လာလေသည်။

သူ၏နံဘေးတွင် ထိုင်နေသော ဗလကြီးဆိုသူ လူရွယ်က မတ်တတ်ထရပ်လာ၏။

ထိုလူရွယ်က စွမ်းဟုတ်အား စိုက်ကြည့်ကာ မေးလိုက်၏။

"စွမ်းဟုတ်၊ မင်းဘယ်လို ဖြစ်သွားတာလဲ"

စွမ်းဟုတ်က ပခုံးတွန့်ကာ ပြောလိုက်သည်။

"မပြောတတ်ဘူး၊ ဒီလူနှစ်ယောက်ဟာ ထူးခြားနေလို့ ကျုပ်လဲ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်ကွ"

ဗလကြီး နှာခေါင်းရှုံ့လိုက်၏။

"သူတို့ကို ကြည့်ရတာ တို့ကို စကားပြောချင်ပုံတောင် မရဘူး၊ အဖက်မတန်သလိုဘဲ တို့လိုက်ပြီး ဆုံးမရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင် ကျုပ်တို့ သိက္ခာကျသွားနိုင်တယ်"

ကျန်သုံးယောက်ကလည်း ဝိုင်းဝန်းထောက်ခံလိုက်ကြ၏။

"ဟုတ်တယ်၊ ချက်ချင်းသွားကြစို့"

"ဒီကောင်တွေကို ကောင်းကောင်းဆုံးမမှ ဖြစ်မယ်"

"တို့ကို မခန့်လေးစား လုပ်သွားတာ မခံနိုင်ဘူး"

စွမ်းဟုတ် မသိမသာ သက်ပြင်းချလိုက်၏။

"မင်းတို့ အရမ်းလုပ်လို့ မဖြစ်ဘူး ထင်တယ်"

ဗလကြီး မကျေမနပ် ဖြစ်သွားသည်။

စွမ်းဟုတ်ကို ကြည့်ကာ မျက်နှာကို မဲ့လိုက်၏။

"ဘာလဲ မင်းက ကြောက်နေတာလား၊ မလိုက်ရဲရင်နေခဲ့၊ ငါတို့ကတော့ သွားမှာပဲ"

စကားဆုံးသည်နှင့် ဆိုင်လုလင်လေးတစ်ယောက်အား ကျသင့်ငွေ ရှင်းပေးလိုက်သည်။

ထို့နောက်...

ကျန်အဖော်သုံးယောက်နှင့်အတူ ဆိုင်တွင်းမှ ထွက်ခွာသွား၏။

စွမ်းဟုတ်မှာ မနေသာတော့ချေ။

ဗလကြီးတို့နောက်သို့ ပြေးလိုက်သွားလေတော့သည်။

* * *



မြို့၏အရှေ့ဘက် လူသူအရောက်အပေါက်နည်းသော နေရာဖြစ်သည်။

ထိုနေရာတွင် ရေကန်ကြီးတစ်ကန် ရှိ၏။

ကန်ရေပြင်မှာ ကြည်စိမ်းနေသည်။

ကြာပန်းရောင်စုံများကြောင့် ရေကန်မှာ လှပတင့်တယ်လျက် ရှိ၏။

ရေကန်ဆီသို့ လူနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရသည်။

အဖြူရောင်ဝတ်ဆင်ထားသူနှင့် ဇီးကွက်တို့ပင် ဖြစ်သည်။

အဖြူရောင်ဝတ်ဆင်ထားသူက ရေကန်ရှေ့သို့ အရောက်တွင် ခြေလှမ်းရပ်တန့်လိုက်၏။

နောက်မှ လိုက်လာသော ဇီးကွက်ကလည်း ရပ်တန့်လိုက်သည်။

အတန်ကြာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြချေ။

နှစ်ယောက်စလုံး ဓာန်ရေပြင်ကိုသာ ငေးကြည့်နေကြ၏။

ထိုအချိန်တွင် လေပြည်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး ကြာပန်းရနံ့များ သင်းပျံ့သွား၏။

အတန်ကြာမှ အဖြူရောင်ဝတ်ဆင်ထားသူက စကားစလိုက်သည်။

"မင်းအိမ်ကလေးကို မီးရှို့ပစ်လိုက်သလား"

ဇီးကွက်က သက်ပြင်းချလိုက်သည်။

"နှမြောစရာတော့ ကောင်းတယ်၊ အဲဒီ အိမ်ကလေးမှာ ကျုပ်နေတာ ဆယ်နှစ်ရှိသွားပြီ"

အဖြူရောင်ဝတ်ဆင်ထားသူက မျက်ခုံးပင့်ကာ မေးလိုက်လေသည်။

"မင်းကို ဆက်သွယ်မယ့်သူကော ရောက်လာတယ် မဟုတ်လား"

ဇီးကွက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"



အဖြူရောင်ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်လေ၏။

"မင်းရဲ့စိတ်ကို ငါသိပါတယ်၊ မင်း သူ့ကို သတ်ပစ်လိုက်မယ်ဆိုတာ၊ ဒါကြောင့် ကျုပ် တာဝန်ကုန်သွားပေမယ့် မင်းကို စောင့်နေတာ"

ဇီးကွက်က အေးစက်စက်လေသံဖြင့်...

"ခင်ဗျား ကျုပ်ကို စောင့်နေမယ်ဆိုတာ ကျုပ် သိတယ်"

အဖြူရောင်ဝတ်ဆင်ထားသူက ရယ်မောလိုက်သည်။

"စုမာထင်းနဲ့ ပတ်သက်ပြီး ကျုပ်က ရှင်းပြနိုင်မယ်လို့ မင်း ထင်သလား"

"ဟုတ်တယ်"

အဖြူရောင်ဝတ်ဆင်ထားသူ စိတ်ပျက်သွား၏။

သူသည် ဇီးကွက်အား စိုက်ကြည့်ကာ...

"တျုပ်ဟာ ဒဂီါးအဖွဲ့က လူတစ်ယောက်ဆိုတာ မေ့နေပြီ ထင်တယ်"

ပြောလိုက်လေသည်။

ဇီးကွက်က ပြုံးလိုက်၏။

"ကျုပ် မမေ့ပါဘူး"

အဖြူရောင်ဝတ်ဆင်ထားသူက မျက်မှောင်ကြုတ်သွားလေသည်။

"ဘာကြောင့် ကျုပ်ကို မေးချင်နေရတာလဲ"

ဇီးကွက်က တည်ကြည်သော လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားကို မေးမှ အမှန်အတိုင်း သိရမှာမို့ပါ"

အဖြူရောင်ဝတ်ဆင်ထားသူ သက်ပြင်းချလိုက်သည်။

သိုင်းလောကတွင် ဒဂါးအဖွဲ့ဟူသော အဖွဲ့အစည်းတစ်ခု ရှိသည်။

ယင်းဒဂါးအဖွဲ့အစည်းမှာ အလွန်ထူးခြားလှ၏။

ငွေရှိမှ အသက်ရှင်နိုင်မည်ဟု တယူသန် စွဲနေကြသူများ ဖြစ်သည်။

သိုင်းလောကတွင် ဖြစ်ပေါ်နေသော ပြဿနာများအား မည်သူ၏အကျိုးကိုမဆို အခကြေးငွေယူ၍ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ဆောင်ရွက်ပေးကြသည်။

ကတိသစ္စာတည်ကြည်မှု တာဝန်ကျေပွန်မှုများကြောင့် ဒဂါးအဖွဲ့မှာ တစ်နေ့တစ်ခြား ကျော်ကြားလာခဲ့သည်။

အဖြူရောင်ဝတ်ဆင်ထားသူက ပြုံးကာ...

"မင်း ဘာကို သိချင်သလဲ"

မေးလိုက်လေ၏။

ဇီးကွက်က...

"ခင်ဗျားကို ငှားတဲ့လူဟာ ဘယ်သူလဲ"

အဖြူရောင်ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်၏။

"ဒါကို ကျုပ် ပြောပိုင်ခွင့် မရှိဘူး"

ဇီးကွက်က ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်ကို လာပြီး ဆက်သွယ်တဲ့လူက ဘယ်သူ လဲ"

အဖြူရောင်ဝတ်ဆင်ထားသူက ချက်ချင်းပင် ဖြေလိုက်၏။

"သူ့နာမည် ကျန်းချူးလို့ ခေါ်တယ်"

ဇီးကွက် မျက်မှောင်ကုတ်သွား၏။



သူ၏နှုတ်မှ ခပ်တိုးတိုးလေး ရေရွတ်လိုက်၏။

"ကျန်းချူး ဟုတ်လား"

ထို့နောက် အဖြူရောင်ဝတ်ဆင်ထားသူဘက်သို့ လှည့်ကာ ပြောလိုက်၏။

"သူ့ကို ကျုပ် မသိပါလား"

အဖြူရောင်ဝတ်ဆင်ထားသူက...

"ဒါ မင်းအလုပ်ပဲ"

ပြတ်သားသော လေသံဖြင့် ပြောလိုက်၏။

ဇီးကွက်က သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ကျန်းချူးဟာ ဘယ်လိုလူစားမျိုးလဲ"

အဖြူရောင်ဝတ်ဆင်ထားသူက ဇီးကွက်အား စိုက်ကြည့်ကာ ပြောလိုက်သည်။

"ဓားသမားတစ်ယောက်ပဲ၊ ပင့်ကူနက်ဂိုဏ်းသားတစ်ယောက် ဖြစ်နိုင်တယ်"

ဇီးကွက်က အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ အဖြူရောင်ဝတ်ဆင်ထားသူဘက်သို့ လှည့်ကာ မေးလိုက်သည်။

"စုမာထင်းကို ပင့်ကူနက်ဂိုဏ်းက ဖမ်းထားတာလား"

"ဒါတော့ ကျုပ်မသိဘူး၊ မင်းအနေနဲ့ ကျန်းချူး လာဆက်သွယ်တာကို လက်ခံခဲ့ဖို့ ကောင်းတယ်"

ထိုစကားကြောင့် ဇီးကွက်၏မျက်နှာပေါ်တွင် အရိပ်တစ်မျိုး ဖြတ်သန်းသွားလေသည်။

ထို့နောက်...

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

"ကျုပ်ကို ခြိမ်းခြောက်လာရင် ဘယ်သူမဆို သေရမှာပဲ"

အဖြူရောင်ဝတ်ဆင်ထားသူ ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်း လိုက်သည်။

"ဒီတစ်ခါတော့ မင်းရဲ့ သဘောထားကို ပြောင်းဖို့ လိုလိမ့်မယ်၊ စုမာထင်းဟာ သူတို့ လက်ထဲမှာ ရှိနေတယ် မဟုတ်လား"

ထိုစကားကြောင့် ဇီးကွက် ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

သူက အဖြူရောင်ဝတ်ဆင်ထားသူအား စေ့စေ့ကြည့်လိုက်လေသည်။

"ကွမ်းမု၊ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် စုမာထင်းကို ပင့်ကူနက်ဂိုဏ်းက ဖမ်းထားတာပေါ့"

အဖြူရောင်ဝတ်ဆင်ထားသူ အမည်မှာ ကွမ်းမု ဖြစ်သည်။

သူသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောကက တည်းက သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူ ဖြစ်သည်။

ကွမ်းမု၏သိုင်းပညာအဆင့်ကို မည်သူမျှ မခန့်မှန်းနိုင်ကြချေ။

သို့သော်...

တိုက်ပွဲတိုင်းတွင် တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့်ခဲ့ဖူးခြင်း မရှိပါချေ။

မည်သို့ဆိုစေ...


ကွမ်းမုကို မေးပါက ဤသို့ အဖြေပေးလိမ့်မည် မဟုတ်ချေ။



အကြောင်းကား သူသည် လူတစ်ယောက်အား ရှုံးနိမ့်ခဲ့ဖူးသည် မဟုတ်ပါလား။

သူ့အား အနိုင်ယူသွားသူမှာ ဝမ်းဖုံးပင် ဖြစ်ပါသည်။

ကွမ်းမုသည် သံစူးလက်နက်ပုန်းဝမ်းဖုံးအား ရှုံးနိမ့်သွားပြီး နောက်မှ ဒဂီးအဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပေသည်။



အဖြူရောင်ဝတ်ဆင်ထားသူနှင့် ဦးကွက်တို့သည် တစ်ယောက်ကိုတစ်ယောက် စကားမပြောကြချေ။

ကန်ရေပြင်ကိုသာ ငေးကြည့်နေကြ၏။

အမှန်တွင်...

ဦးကွက်ဆိုသူမှာ အခြားသူ မဟုတ်ချေ။

သံစူးလက်နက်ပုန်း သိုင်းသမားဝမ်းဖုံးသာ ဖြစ်သည်။

အတန်ကြာမှ ကွမ်းမုက စကားစလိုက်သည်။

“ကျုပ် အမှန်အတိုင်း ပြောရင် မင်းယုံမှာလား”

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

“ခင်ဗျား ပြောသမျှ ကျုပ် ယုံတယ်”

ကွမ်းမု၏မျက်နှာပေါ်တွင် ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။



မိတ်ဆွေတစ်ယောက်၏ယုံကြည်မှုကို ခံရသောအခါ မည်သူမဆို စိတ်လှုပ်ရှားတတ်ကြသည်ပင် မဟုတ်ပါလား။

ဝမ်းဖုံးကို စိုက်ကြည့်ကာ...

“အမှန်အတိုင်း ပြောရရင် ကျုပ်ဆီကို တစ်သောင်းတန် ငွေလွှဲလက်မှတ်နဲ့ စာတစ်စောင် ရောက်လာတယ်”

ဝမ်းဖုံးက မျက်ခုံးပင့်ကာ မေးလိုက်သည်။

“ကျုပ်ကို လာတွေ့ခိုင်းလာလား”

ကွမ်းမု ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်”

ဝမ်းဖုံး မျက်မှောင်ကြုတ်လိုက်သည်။

“ဘယ်သူက ပို့လိုက်တာလဲ”

ကွမ်းမု ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်လဲ မသိဘူး”

ဝမ်းဖုံး အံ့ဩသွားသည်။

“ဒါဆို ခင်ဗျား မသိဘဲနဲ့ လက်ခံခဲ့တာပေါ့”

ကွမ်းမုက သဘောကျစွာ ပြုံးလိုက်၏။

“ကျုပ်ဟာ ဒင်္ဂါးအဖွဲ့သားတစ်ယောက်ဆိုတာ မင်းမေ့နေပြီလား”

ဝမ်းဖုံးမှာ ပါးစင်ရိုက်ထားလိုက်သည်။

ကွမ်းမုက စကားဆက်လိုက်သည်။

“စာထဲမှာ မင်း ရှိတဲ့နေရာကို အတိအကျ ဖော်ပြထားတယ်၊ ဒါကြောင့် မင်း ရှိတဲ့နေရာကို ကျုပ် ရောက်အောင် လာနိုင်ခဲ့တာပဲ”

ဝမ်းဖုံး၏မျက်လုံးများ ပြူးကျယ်သွား၏။

အံ့ဩသော လေသံဖြင့်...

"ခင်ဗျားကို နိုင်းတဲ့လူက ကျုပ် ရှိတဲ့နေရာကို အတိအကျ သိထားတယ် ဟုတ်လား"

မေးလိုက်လေသည်။

"ဟုတ်တယ်"

"ဘယ်လိုလုပ်ပြီး သိတာလဲ"

ကွမ်းမုက ပြုံးလိုက်သည်။

"ဒီမေးခွန်းကို ဖြေစရာ မလိုဘူး ထင်တယ်"

ဝမ်းဖုံးမှာ ဒုတိယအကြိမ် ပါးစပ်ပိတ်ထားလိုက်ရ၏။

ကွမ်းမု သက်ပြင်းချလိုက်သည်။

"စာထဲမှာ မင်းနာမည် ပါလာတော့ ကျုပ် အံ့ဩသွားတယ်၊ ဒါကြောင့် အလုပ်လက်ခံပြီး မင်းကို လာတွေ့တာ"

ဝမ်းဖုံးက အနည်းငယ် စဉ်းစားလိုက်၏။

ပြီးမှ...

"ခင်ဗျားကို နိုင်းတဲ့လူဟာ ဘယ်သူလဲဆိုတာကိုတော့ ခင်ဗျား သိချင်နေတယ် မဟုတ်လား"

ကွမ်းမု မျက်လုံးပြူးသွား၏။

ဝမ်းဖုံးအား စိုက်ကြည့်ကာ ပြန်မေးလိုက်သည်။

"မင်း ဘယ်လိုသိလဲ"

ဝမ်းဖုံးက ပြုံးလိုက်သည်။

"ခင်ဗျားသာ စိတ်မဝင်စားဘူးဆိုရင် ကျုပ်ကို လာဆက်သွယ်မယ့်လူ ဘယ်သူလဲဆိုတာ စုံစမ်းမှာ မဟုတ်ဘူး"



မှန်ပေသည်။

ကွမ်းမုက သူ့အား စေခိုင်းခဲ့သူ မည်သူမည်ဝါဆိုသည်ကို သိချင်နေခဲ့ပေလိမ့်မည်။

ထို့ကြောင့်...

ဝမ်းဖုံးအား ပင့်ကူနက်ဂိုဏ်းမှ ကျန်းချူးက လာရောက်ဆက်သွယ်ခဲ့သည်ကို သိရှိထားခဲ့သည် မဟုတ်ပါလား။

ဝမ်းဖုံး စကားဆက်လိုက်သည်။

"ခင်ဗျားကို ဘယ်သူပိုင်တယ်ဆိုတာကော သိပြီးပြီလား"

ကွမ်းမုက ခေါင်းညိတ်ပြလိုက်၏။

"ကျုပ်တို့ရဲ့ အလုပ်က အလုပ်ရှင် သဘောမတူရင် သူ့နာမည်ကို ပြောပြခွင့် မရှိဘူး၊ ဒါပေမယ့် မင်းကို လာဆက်သွယ်တဲ့ ကျန်းချူး သေသွားပြီဆိုတော့ ကျုပ် အနေနဲ့ ပြောပြလို့ ရကောင်းပါရဲ့"

ဝမ်းဖုံး ကျေနပ်သွားပုံရ၏။

သူက ကွမ်းမုအား ကြည့်ကာ...

"ဒါဖြင့် ပြောပြပါ"

ကွမ်းမု အနည်းငယ် တွေဝေသွား၏။

ပြီးမှ တုန့်ဆိုင်းဆိုင်း လေသံဖြင့် ပြောလိုက်သည်။

"တုကုချင်းဆိုကဲ့လူကို၊ မင်း ကြားဖူးသလား"

ဝမ်းဖုံး အံ့ဩသွား၏။

"နတ်လက်ဝါးတုကုချင်းလား"

ကွမ်းမု ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဝမ်းဖုံးက မေးလိုက်ပြန်သည်။

"သူက ခင်ဗျားကို နိုင်းခဲ့တာလား"

"ဟုတ်တယ်"

ဝမ်းဖုံး အနည်းငယ် စဉ်းစားလိုက်သည်။

"ဒါဖြင့် စုမာထင်းကို တုကုချင်း ဖမ်းထားတာပေါ့ ဟုတ်လား"

ကွမ်းမုက စဉ်းစားလိုက်ပြီး...

"ဖြစ်နိုင်တယ်၊ ဒါပေမယ့် ကျိန်းသေတော့ မပြောနိုင်ဘူး"

ဝမ်းဖုံးက ကွမ်းမုအား စိုက်ကြည့်ကာ...

"အခု သူ ဘယ်မှာ ရှိသလဲ"

ကွမ်းမုက သွက်လက်စွာပင် ပြန်ဖြေ၏။

"လုယန်မြို့မှာ ရှိတယ်"

ဝမ်းဖုံး မည်သည့်အကြောင်းမှ ထပ်မမေးတော့ချေ။

သူ သိလိုသမျှ အလုံးစုံကို သိလိုက်ရပြီ မဟုတ်ပါလား။

သို့သော်...

ဝမ်းဖုံး၏ရင်ထဲတွင် အလွန်သိချင်သော အကြောင်းအရာတစ်ခုကား ကျန်ရှိနေသေး၏။

ထိုအချက်မှာ တုကုချင်းက အဘယ်ကြောင့် စုမာထင်းအား ဖမ်းထားရသနည်းဟူ၍ ဖြစ်သည်။

အလားတူပင်...

ကွမ်းမု၏ရင်ထဲတွင်လည်း သိလိုသော အချက်တစ်ချက် ရှိနေ၏။

ယင်းကား ဝမ်းဖုံးသည် အဘယ်ကြောင့် သိုင်းလောကမှ



ခတ်မြုပ်ကာ သချိုင်းစောင့်အဖြစ် ဟန်ဆောင်နေရပါသနည်း။

မည်သို့ဆိုစေ...

အမေးရှိလျှင် အဖြေရှိရမည်ပင် ဖြစ်၏။

သို့သော် ဝမ်းဖုံးက ဖြေကြားမည်လော။

* * *

ဝမ်းဖုံးသည် ကွမ်းမုအား ကြည့်ကာ ပြောလိုက်သည်။

"ကျုပ် မေးသမျှ ခင်ဗျား ဖြေတဲ့အတွက် ကျုပ်အပေါ်မှာ အကြွေးတစ်ခု တင်နေပြီလို့ မှတ်ထားပါ၊ လိုအပ်တဲ့အချိန် ကျုပ်ဆီမှာ လာတောင်းနိုင်ပါတယ်"

ကွမ်းမုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တော့မှ လာတောင်းမှာ မဟုတ်ဘူး"

ဝမ်းဖုံး မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

ကွမ်းမုက မဲ့ပြုံးပြုံးလိုက်၏။

"မင်းသာ တုကုချင်းကို သွားတွေ့ရင် ကျုပ်ကို ကျေးဇူးဆပ်ဖို့ အချိန်မရှိနိုင်တော့ဘူးလို့ ကျုပ် ယုံကြည်တယ်"

စကားဆုံးသည်နှင့် ကိုယ်ကို ချာခနဲ လှည့်လိုက်၏။

"ကဲ ကျုပ်သွားပြီဗျို့"

အော်ဟစ်နှုတ်ဆက်ရင်း လျင်မြန်စွာ ပြေးလွှားထွက်ခွာသွား

၏။

မကြာမီ...

ဝမ်းဖုံး၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *



## အပေးအယူ

ကွမ်းမုမှာ ရေကန်အနီးမှ ထွက်ခွာသွားပြီ ဖြစ်၏။

သူ၏ခန္ဓာကိုယ် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ဝမ်းဖုံး ငေးကြည့်နေလေသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် ချလိုက်၏။

"ခင်ဗျားလို လူမျိုးတွေ သိုင်းလောကမှာ တစ်နေ့တစ်ခြား ရှားပါလာပြီ ထင်တယ်"

ပြောရင်း ကွမ်းမု ထွက်ခွာသွားရာနှင့် ဆန့်ကျင်ဘက်အရပ်သို့ လှမ်းသွားရန် ခြေလှမ်းပြင်လိုက်၏။

သို့သော်...

သုံးလေးလှမ်းမျှ လျှောက်သွားပြီး ရပ်တန့်လိုက်လေသည်။

တစ်ဆက်တည်းပင် နောက်သို့ လှမ်းကြည့်လိုက်၏။

အနောက်ဘက်တွင် သစ်ပင်အနည်းငယ် ရှိပြီး ချုံနွယ်များ ပါ ပေါက်ရောက်လျက် ရှိသည်ကို တွေ့လိုက်ရသည်။

ဝန်းကျင်တစ်ခုလုံး ပကတိ ငြိမ်သက်လျက် ရှိ၏။

သို့သော် သတိထား၍ ကြည့်ရှုမည်ဆိုလျှင် ချုံပုတ်တစ်ခုမှ လေမတိုက်ဘဲ လှုပ်ရှားနေသည်ကို တွေ့ရမည် ဖြစ်သည်။

ဝမ်းဖုံးက သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက်...

လှုပ်ရှားနေသော ချုံပုတ်ရှိရာသို့ လှမ်းပြောလိုက်လေ၏။

"မင်းတို့ ဘာဖြစ်လို့ ပုန်းနေရတာလဲ"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ချုံနွယ်များကြားမှ လူငါးယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူများမှာ စွမ်းဟုတ်တို့လူသိုက်ပင် ဖြစ်သည်။

သူတို့အဖွဲ့ကို ဦးဆောင်လာသူမှာ ဗလကြီးပင် ဖြစ်လေ၏။

သူတို့သူငယ်ချင်းငါးယောက်အနက် ဗလကြီးမှာ သတ္တိအရှိဆုံး အရဲရင့်ဆုံး ဖြစ်သည်။

ဗလကြီးက ဝမ်းဖုံးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

ထို့နောက်...

လက်နှစ်ဖက်ကို ခါးထောက်ကာ ဝမ်းဖုံးအား မေးလိုက်လေသည်။

"မင်း ကျုပ်တို့ကို ပျံလွှားစားသောက်ဆိုင်မှာ စော်ကားသွားတာ မှတ်မိသေးလား"



ဝမ်းဖုံးမှာ ဗလကြီးတို့အား ကြည့်ကာ စိတ်ပျက်သွား၏။

ဘာမဟုတ်သော ကိစ္စဖြင့် ပြဿနာ မတက်ချင်ပေ။

ထို့ကြောင့်...

မည်သည့်စကားမျှ ပြန်မပြောဘဲ ရှောင်ထွက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော်...

"ရပ်လိုက်"

ဗလကြီးနှင့် ပါလာသူ သုံးယောက်က သူ၏ရှေ့၌ ဟန့်တားလိုက်ခြင်းကြောင့် ဖြစ်သည်။

ဝမ်းဖုံးမှာ ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့ဘဲ ခြေလှမ်းရပ်တန့်လိုက်ရ၏။

သူက ဗလကြီးတို့အား ကြည့်ကာ ပြောလိုက်သည်။

"မင်းတို့ အေးအေးဆေးဆေး ပြန်သွားကြရင် ကောင်းမယ်ထင်တယ်"

ဗလကြီးက ရင်ကော့ကာ ပြောလိုက်၏။

"ပျံလွှားစားသောက်ဆိုင်မှာ ကျုပ်တို့ကို စော်ကားခဲ့တဲ့အတွက် ဝန်ချတောင်းပန်မှ ကျုပ်တို့ သွားမယ်၊ ဒါမှ မဟုတ်ရင်.."

ဗလကြီးက စကားကို ရပ်ထားလိုက်ပြီး ဝမ်းဖုံးအား စိုက်ကြည့်လိုက်သည်။

ဝမ်းဖုံးက မျက်မှောင်ကြုတ်လိုက်၏။

"ကျုပ် ဘာများ စော်ကားမိလို့လဲ"

ဗလကြီးက လေသံမာမာဖြင့်...

"ကျုပ်တို့ စားသောက်ဆိုင်ထဲမှာ ရှိတာ သိလျှက်နဲ့ ဝင်လာတာ၊ ကျုပ်တို့ကို စော်ကားတာပေါ့"

ဝမ်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် လူတစ်ယောက်ကို သွားရှာတာပါ၊ သူ ဒီမြို့ကို ရောက်လျှင် ပျံလွှားစားသောက်ဆိုင်မှာပဲ ရှိမယ်ဆိုတာ သိလို့ လာရှာတာပါ"

သူက ပြေရာပြေကြောင်း ရှင်းပြလိုက်သည်။

သို့သော်...

ဗလကြီးက လက်မခံပါချေ။

"ဘာပဲဖြစ်ဖြစ် စွမ်းဟုတ်က မင်းကို ထွက်သွားခိုင်းတာ ဘာကြောင့် ထွက်မသွားရတာလဲ"

ဝမ်းဖုံး ခံပြင်းလာ၏။

သူက ဗလကြီးတို့အား လေသံတင်းတင်းဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်မှာ လူရှာဖို့ အရေးကြီးတယ်၊ ဒါကို မင်းတို့ သိထားပါ"

ဗလကြီးက နှာခေါင်းရှုံ့လိုက်၏။

ဝမ်းဖုံးအား အထင်သေးသော အကြည့်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

"မင်းလို သုသာန်မှာနေတဲ့ လူတစ်ယောက်က ကျုပ်တို့ တစ်တွေရှိရဲ့သားနဲ့ ဝင်လာတာ အသားနာချင်လို့ပဲ"

သူ၏စကားကို ကျန်လူများကလည်း ထောက်ခံလိုက်ကြ၏။

"ဟုတ်တယ်"



"ဗလကြီး၊ မင်း သူ့ကို နည်းနည်းလောက် ဆုံးမလိုက်စမ်းပါ"

စသည်ဖြင့် ဝိုင်းဝန်းမြှောက်ပင့် ပြောဆိုလိုက်သည်။

ထိုစကားများကြောင့် ဗလကြီးမှာ သွေးကြွလာပုံရ၏။

သူက ဟန်တစ်လုံး ပန်တစ်လုံးဖြင့် ပြောလိုက်၏။

"မင်း ကျုပ်တို့ကို ဝန်ချတောင်းပန်ပါ"

ပြောပြီး ဝမ်းဖုံးအား မခိုးမခန့် ကြည့်လိုက်၏။

ဝမ်းဖုံး၏မျက်နှာပေါ်တွင် အရိပ်အယောင်တစ်မျိုး ဖြစ်ပေါ်လာ၏။

လူသတ်လိုသော အရိပ်လက္ခဏာပင် ဖြစ်သည်။

သို့သော်...

သူက စိတ်ကို ချုပ်ထိန်းထားလိုက်ပြီး ဗလကြီးအား ကြည့်ကာ...

"ကျုပ်က စော်ကားတာ မဟုတ်ဘူး၊ စားသောက်ဆိုင်ဆိုတာ ဘယ်သူမဆို ဝင်စားနိုင်တယ်၊ မင်းတို့ကသာ ကျုပ်ကို တမင်သက်သက် စော်ကားနေတာ"

ပြောလိုက်၏။

ဗလကြီးမှာ ဒေါသထွက်သွားပုံရ၏။

"ဘာပြောတယ်၊ မင်း သေချင်ပြီ ထင်တယ်"

ကျယ်လောင်စွာ ကြိမ်းမောင်းရင်း ရှေ့သို့ ခုန်ထွက်ကာ ဝမ်းဖုံး၏မျက်နှာအား လက်သီးဖြင့် ထိုးချလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လွန်းလှ၏။

ဗလကြီး၏အဖော်များက ဗလကြီး၏လက်ချက်ကြောင့်

ဝမ်းဖုံး လဲကျသွားလိမ့်မည်ဟု ယုံကြည်ထား၏။

သို့သော်...

သူတို့ တွက်ဆထားသလို ဖြစ်မလာပါချေ။

ရုတ်တရက်...

လူရိပ်တစ်ခုမှာ အပေါ်သို့ မြောက်တက်သွားကာ ရေကန်ထဲသို့ ခြေကားယားလက်ကားယားဖြင့် ပြုတ်ကျသွားသည်ကို တွေ့လိုက်ကြရသည်။

"ဝုန်း"

ပြုတ်ကျသွားသော အရှိန်မှာ ပြင်းထန်လှသောကြောင့် ပတ်ဝန်းကျင် အနီးတစ်ဝိုက်ကို ရေမှုန်ရေစက်များ လွင့်စင်သွား၏။

မရှေးမနှောင်းမှာပင် ယက်ကန်ယက်ကန်ဖြင့် ရေထဲမှ လူတစ်ယောက် ပြန်ပေါ်လာလေသည်။

စွမ်းဟုတ်တို့လူစုမှာ ရေထဲမှ လူအား ကြည့်လိုက်ကြလေသည်။ ထိုအခါ...

သူတို့၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရလေသည်။ အကြောင်းကား...

ရေထဲသို့ ရုပ်ပျက်ဆင်းပျက် ပြုတ်ကျသွားသူမှာ ဗလကြီး ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

စွမ်းဟုတ်တို့လူစုမှာ တဒင်္ဂ မင်တက်နေမိကြသည်။

အတန်ကြာမှ သတိဝင်လာပြီး ရေကန်ဆီသို့ ပြေးသွားလိုက်ကြ၏။ ထို့နောက်...

လေးယောက်သား စုပေါင်း၍ ဗလကြီးအား ကယ်တင်လိုက်ကြသည်။



အဖော်များ၏ကယ်ဆယ်မှုကြောင့် ဗလကြီးမှာ ကုန်းပေါ်သို့ ပြန်လည်ရောက်ရှိလာ၏။ သို့သော်...

သူ၏တစ်ကိုယ်လုံးမှာ ရေများ ရွှဲရွှဲစိုနေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်နေလေ၏။

မကောင်းဆိုးဝါးတစ်ကောင်နှင့် တွေ့ခဲ့ရသူပမာ တုန်တုန်ယင်ယင် ဖြစ်နေ၏။

စွမ်းဟုတ်တို့လူစုမှာ ဗလကြီးအား ကြည့်ကာ အံ့သြနေမိကြသည်။

ဗလကြီးအတွက် စိတ်ချရမှ ဝမ်းဖုံးအား လှည့်ကြည့်လိုက်ကြ၏။ သို့သော်...

ဝမ်းဖုံးအား နေရာတွင် မတွေ့ရတော့ပါချေ။

စွမ်းဟုတ်တို့သည် အနီးပတ်ဝန်းကျင်သို့ ဝေ့ကြည့်လိုက်ကြသည်။

ဝမ်းဖုံးကား ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်၏။

ဗလကြီးအား ဝိုင်း၍ ကူညီနေကြစဉ် ဝမ်းဖုံးမှာ ထွက်ခွာသွားဟန် ရှိသည်။

ယခုတွင်မူ ဝမ်းဖုံးမှာ ဘယ်ဆီသို့ ရောက်သွားသည်ကို မသိနိုင်တော့ချေ။

ဗလကြီးတို့လူစု၏စိတ်ထဲ၌ ထိတ်လန့်တုန်လှုပ်မှုမှာ လုံးဝပျောက်ကွယ်မသွားဘဲ ပို၍သာ တိုးလာကြလေသည်။

* * *

လုယန်မြို့...

လုယန်မြို့သည် စည်ကားသာယာသော မြို့တစ်မြို့ ဖြစ်လေသည်။

စည်ကားသော မြို့တစ်မြို့ ဖြစ်သောကြောင့် စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ အထည်အလိပ်ဆိုင်များ၊ အပြိုင်အဆိုင် ဖွင့်လှစ်ရောင်းချလျက် ရှိ၏။

လုယန်မြို့၏မြောက်ဘက် တံခါးအနီး၌ ဂေဟာကြီးတစ်ခု ရှိသည်။

ထိုဂေဟာကြီးမှာ ကြီးမားခန့်ညားလှ၏။

ယင်းဂေဟာပိုင်ရှင်မှာ လုယန်မြို့ထဲရှိ ကြီးမားလှသော စားသောက်ဆိုင်ဆယ်ခုကို ပိုင်ဆိုင်သော ဖန်ထုံဆိုသူပင် ဖြစ်သည်။

လုယန်မြို့ရှိ အလွန်ချမ်းသာသော သူဌေးသူကြွယ်များ စာရင်းတွင် ဖန်ထုံလည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။



ဖန်ထုံ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း မာန်မာန ထောင်လွှားခြင်း မရှိချေ။

သူသည် ကိုယ်ချင်းစာနာစိတ်ရှိကာ ဆင်းရဲသားများအား ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲတတ်ပေသည်။

ထို့ပြင်...

မိတ်ဆွေအပေါင်းအသင်းများ အပေါ်၌လည်း အနစ်နာခံ ကူညီတတ်သူ ဖြစ်သည်။

ထို့ကြောင့် ဖန်ထုံ၏သတင်းမှာ မြို့သူမြို့သားများ၏ ပါးစပ်ဖျားတွင် သတင်းမွှေးလျက် ရှိပေသည်။

လုယန်မြို့ရှိ လူတိုင်းလိုလိုကပင် ဖန်ထုံအား ချစ်ခင်လေးစားကြသည်။

သို့သော်...

ဖန်ထုံ၏ဘဝဇာတ်ကြောင်းကို သိသူမှာ အလွန်နည်းပါးကြလေသည်။

စပ်စုတတ်သူတစ်ယောက်က ဖန်ထုံ၏ဘဝဇာတ်ကြောင်းကို လိုက်လံစုံစမ်းမည်ဆိုပါလျှင် ဆန့်ကျင်ဘက်များ ဒွန်တွဲနေတတ်သည့် လောက၏ဓမ္မတာတရားကို ကိုယ်တွေ့ နားလည်သဘောပေါက်သွားမည် ဖြစ်၏။

အကြောင်းကား...

ဖန်ထုံသည် တစ်ချိန်က အလွန်ဆင်းရဲခဲ့သူ ဖြစ်သည်။

သို့သော် မိဘများ ကွယ်လွန်သွားပြီးနောက် ခြေသလုံး အိမ်တိုင် နေရာအနှံ့ လှည့်လည်သွားလာ နေထိုင်ခဲ့၏။

ကံကောင်းထောက်မ၍ ဆိုရမလားမသိ။

တစ်နေ့တွင် ထူးဆန်းသော အဘိုးအိုတစ်ယောက်နှင့် တွေ့ဆုံခဲ့မိလေသည်။

ထိုအဘိုးအိုသည် ဖန်ထုံအား သိုင်းပညာ သင်ကြားပေးခဲ့သဖြင့် သိုင်းလောကသားတစ်ယောက် ဖြစ်လာလေသည်။

ဖန်ထုံသည် အဆင့်မြင့်သိုင်းပညာများကို တတ်မြောက်ထားသူ ဖြစ်သည်။

ထို့ကြောင့်...

သူ့အား ပင့်ကူနက်ဂိုဏ်းမှ မျက်စိကျကာ ခေါ်ယူနေရာပေးခဲ့သည်။

ထိုအချိန်မှစ၍ ဖန်ထုံမှာ ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်လာခဲ့တော့၏။

ဖန်ထုံသည် ချမ်းသာလာသည်နှင့်အမျှ စည်းစိမ်ဥစ္စာကို မက်မောလာသည်။

ထို့ပြင်...

လူသားတို့၏ထုံးစံအတိုင်း သေရမည်ကိုလည်း အလွန်ကြောက်ရွံ့လာသည်။

သူ ပိုင်ဆိုင်ထားသော စည်းစိမ်ဥစ္စာများ တစ်ချိန် ပြန်လည် နိမ့်ပါးသွားမည်ကိုလည်း စိုးရိမ်လာ၏။

ဖန်ထုံသည် ပင့်ကူနက်ဂိုဏ်း၏ကျေးဇူးကို နားလည်သိတတ်သောအားဖြင့် ပေးလာသည့် တာဝန်ကို ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့၏။

ယခုလည်း ပင့်ကူနက်ဂိုဏ်းက သူ့အား အမိန့်ပေးခဲ့ပြလေသည်။



ဖန်ထုံသည် ယင်းအမိန့်ကို လက်ခံရရှိပြီးသောအခါ အစစအရာရာ လိုလေသေးမရှိအောင် ပြင်ဆင်ထားပြီး ဖြစ်၏။

မည်သို့ဆိုစေ...

လောကဌ် အလုံးစုံ ပြီးပြည့်စုံသည်ဟု ရှိပါ၏လော။

လောကဌ် မည်သည့်အရာမှ ကြိုတင် တွက်ဆထား၍ မရနိုင်ချေ။

မထင်မှတ်သော အကြောင်းအရာများဖြင့် ပြောင်းလဲစမြဲ ဖြစ်သည်။

ထို့ကြောင့်...

ဖန်ထုံ၏အစီအစဉ်များမှာ တိမ်းစောင်းချွတ်ချော်ခဲ့ရ၏။

သူသည် လက်ရွေးစင်ကြေးစား ကျန်းချူးအား ဝမ်းဖုံးထံသို့ စေလွှတ်ခဲ့သည်။

သို့သော်...

ကျန်းချူးမှာ သူ့ထံသို့ ပြန်ရောက်မလာတော့ချေ။

ကျန်းချူး အချိန်တန်၍ ပြန်လည် ရောက်မလာသည်နှင့် ဖန်ထုံမှာ နေမထိထိုင်မသာ ဖြစ်ရလေတော့၏။

နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် အကြောင်းကိစ္စများအတွက် အပြည့်အဝ ရင်ဆိုင်နိုင်ရန် လက်ရွေးစင်သိုင်းသမား ဆယ့်ငါးယောက်ကို သူ၏စံအိမ်သို့ ဆင့်ခေါ်ထားခဲ့၏။

အကြောင်းကား...

ကျန်းချူး သူ့ထံသို့ ပြန်ရောက်မလာသော်လည်း ဝမ်းဖုံးမှာ သူ့ထံသို့ ကျိန်းသေ ရောက်ရှိလာမည်ဟု တွက်ဆထားသော ကြောင့် ဖြစ်သည်။

ထို့ပြင်...

ဝမ်းဖုံးသည် စမာထင်းအတွက် သူတို့အား လက်စားချေလိမ့်မည်ဟုလည်း ယုံကြည်ထားသည်။

ထို့ကြောင့် ပင့်ကူနက်ဂိုဏ်းသို့ လူလွှတ်သတင်းပို့လိုက်၏။

ဖန်ထုံကမူ ဝမ်းဖုံး ရောက်ရှိလာမည့် အချိန်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေရလေတော့သည်။

* * *



ည...

ညဉ့်နက်လှပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှာ မည်းမှောင်နေသည်။

ကောင်းကင်၌ လခြမ်းပဲ့ကလေးနှင့် ကြယ်ကလေး အနည်းငယ်မျှသာ ရှိ၏။

မှုန်ဝါးဝါး လင်းလက်နေသော ကြယ်ရောင်လရောင်သာ မရှိလျှင် လက်တစ်ကမ်း အကွာအဝေးပင် ဖြစ်နိုင်မည် မဟုတ်ချေ။

လုယန်မြို့မှာ အမှောင်ထုအောက်ဝယ် အိပ်မောကျနေ၏။

မြို့သူမြို့သား အပေါင်းမှာလည်း သောကကင်းစွာဖြင့် တစ်ညတာ အိပ်စက်နေကြပြီ ဖြစ်သည်။

သို့သော်...

မအိပ်စက်နိုင်ကြသေးသူများလည်း ရှိနေပါသေး၏။

ယင်းလူများမှာ ဖန်ထုံ၏ဂေဟာအတွင်းမှ လူများပင် ဖြစ်သည်။

ဖန်ထုံ၏ဂေဟာ အနီးတစ်ဝိုက်တွင် မီးရောင်များ ထိန်ထိန်လင်းလျက်ရှိ၏။

အစောင့်အကြပ်များမှာလည်း ထူထပ်စွာ စောင့်ကြပ်နေကြသည်ကို တွေ့ရမည် ဖြစ်သည်။

ယခုလို အချိန်တွင် ဖန်ထုံ၏စံအိမ်အတွက်းသို့ လူမဆိုထားနှင့် တိရစ္ဆာန်တစ်ကောင်ပင် အစောင့်များ မသိဘဲ ဝင်ရောက်ရန် မလွယ်ကူချေ။

"ထုံ...ထုံ"

အဝေးမှ တုံးမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာ၏။

မိုးလင်းသည်အထိ သုံးကြိမ်သုံးခါ အစောင့်များ လူလဲကာ ကင်းစောင့်ရသည်။

သို့မှသာ နေ့စဉ်ရက်ဆက် တစ်ညလုံး အခါမလပ် စောင့်ကြပ်နိုင်မည် ဖြစ်၏။

ထို့ကြောင့်...

တုံးမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်နှင့် အစောင့်များ အပြေးအလွှား လူချင်းလဲလိုက်ကြ၏။

တာဝန်ပြီးဆုံးသွားပြီ ဖြစ်သော အစောင့်များမှာမူ အနားယူရတော့မည် ဖြစ်၍ ကျေနပ်နေကြလေသည်။

ထိုအခိုက်...

ဖန်ထုံ၏ဂေဟာ အရှေ့ဘက် ခြံဝင်းအုတ်တံတိုင်းအနီးမှ



သစ်ပင်ကြီးတစ်ပင်ပေါ်သို့ လူရိပ်တစ်ခု တွယ်တက်လာ၏။

ထိုလူရိပ်မှာ ကြောင်ရိုင်းတစ်ကောင်နှယ် ပေါ့ပါးဖျတ်လတ်နေသဖြင့် မည်သူမျှ သတိမပြုမိကြပါချေ။

ထိုလူရိပ်သည် အစောင့်များ ကင်းလဲ၍ ရှုပ်ယှက်ခပ်နေသော အချိန်ကို အခွင့်ကောင်းယူကာ သစ်ပင်ပေါ်မှတစ်ဆင့် ခြံဝင်းအတွင်းသို့ ခုန်ချလိုက်၏။

ထို့နောက် ပန်းရုံများအား အကာအကွယ်ယူကာ ဂေဟာအနီးသို့ ချဉ်းကပ်လာ၏။

ယင်းဂေဟာသည် အခန်းပေါင်း မြောက်များစွာဖြင့် တည်ဆောက်ထားသော အဆောက်အအုံတစ်ခု ဖြစ်သည်။

တိတ်တဆိတ် ဝင်ရောက်လာသူမှာ ဂေဟာနံဘေးသို့ ပြေးကပ်ကာ အခြေအနေ ကြည့်ပြီး ဂေဟာပေါ်သို့ တက်လိုက်၏။

ထိုလူမှာ အခြားသူ မဟုတ်ချေ။

ဇီးကွက်(ဝါ)သံစူးလက်နက် ဝမ်းဖုံးပင် ဖြစ်ပေသည်။

သူသည် လုယန်မြို့သို့ အရောက်တွင် ပင့်ကူနက်ဂိုဏ်းမှ ဌာနခွဲမှူး ဖြစ်သော ဖန်ထုံ၏ဂေဟာသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်၏။

ဝမ်းဖုံးသည် အမှောင်ရိပ်ခို၍ လျင်မြန်စွာ လျှောက်လှမ်းလာခဲ့၏။

မကြာမီ...

မီးများ လင်းထိန်နေသော အခန်းတစ်ခုအနီးသို့ ရောက်ရှိလာခဲ့၏။

ထိုအခန်းထဲတွင် စာအုပ်စင်များနှင့် စာအုပ်အတော်များများ တွေ့ရ၏။

ယင်းကြောင့် စာကြည့်ခန်းဟု ထင်မြင်ယူဆရပေသည်။

ထိုစာကြည့်ခန်းအနီးသို့ ရောက်သည်နှင့် ဝမ်းဖုံး၏ခြေလှမ်းများ ရပ်တန့်သွား၏။

အကြောင်းမှာ စာကြည့်ခန်းတွင်းမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားရခြင်းကြောင့် ဖြစ်သည်။

စကားသံများ မပီမသ မသဲမကွဲသာ ကြားနေရ၏။

ဝမ်းဖုံးမှာ စိတ်ဝင်စားလာပြီး အခန်းအနီးသို့ တိုးကပ်သွားကာ နားစွင့်လိုက်သည်။

ထိုအခါ ခပ်သြသြအသံတစ်သံအား ကြားလိုက်ရ၏။

"ခြံဝင်းထဲမှာ အခြေအနေ ဘယ်လို ရှိသလဲ"

ထိုအသံမှာ ဖန်ထုံ၏အသံဖြစ်ကြောင်း ဝမ်းဖုံး ရိပ်မိလိုက်၏။

ဝမ်းဖုံးသည် လွန်ခဲ့သော ဆယ်နှစ်ကျော်က ဖန်ထုံနှင့် သုံးကြိမ်ထက်မနည်း တွေ့ဆုံခဲ့ဖူး၏။

ထို့ပြင် ဖန်ထုံမှာ ပင့်ကူနက်ဂိုဏ်း၏ ဌာနမှူးဖြစ်ကြောင်းကိုလည်း သိရှိထားခဲ့သည်။

အကြောင်းမှာ...

လွန်ခဲ့သော ဆယ်နှစ်ကျော်ချိန်က ဝမ်းဖုံးမှာ သိုင်းလောကတစ်ခုလုံးသို့ ခြေရာထပ်အောင် သွားလာလှုပ်ရှားခဲ့သူ မဟုတ်ပါလား။

ထိုစဉ် နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာသည်။

ကင်းအဖွဲ့ခေါင်းဆောင်၏အသံတစ်သံ ဖြစ်ပုံရပေသည်။

"အခြေအနေ အားလုံး ကောင်းပါတယ်၊ ရန်သူရဲ့ အရိပ်အယောင် လုံးဝမတွေ့ရပါဘူး"



ဖန်ထုံက...

"ကောင်းပြီ၊ ဒါဖြင့် မင်း သွားတော့၊ မိုးလင်းမယ့် အချိန်ကိုဖိုပြီး ဂရုစိုက်ပါ၊ သတိမလစ်ဟင်းစေနဲ့"

ကင်းအဖွဲ့ခေါင်းဆောင်က ရိုကျိုးသော လေသံဖြင့် ပြန်ပြောလိုက်သည်။

"စိတ်ချပါ ဌာနခွဲမှူး"

စကားသံများ ဆုံးသွားပြီးနောက် ခြေသံတစ်သံ သူ ရှိရာဘက်သို့ ဦးတည်လာနေကြောင်း ဝမ်းဖုံး ရိပ်မိလိုက်သည်။

ထိုအခါမှ သူ ရပ်နေသော နေရာမှာ အခန်းတံခါးအနီးမှာ ဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ဝမ်းဖုံးမှာ ကမန်းကတန်းပင် အခန်းအနီးမှ ရှောင်ဖယ်၍ ပုန်းကွယ်ရန် နေရာရှာလိုက်၏။

သို့သော်...

ပုန်းကွယ်စရာ နေရာက လုံးဝမရှိချေ။

ထိုအခိုက် အခန်းတံခါး ပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာလေသည်။

ထို့ပြင် အခန်းတွင်းမှ မီးရောင်များမှာလည်း အပြင်ဘက်သို့ ဖြာကျလာ၏။

ထိုအခါ အခန်းတွင်းမှ ထွက်လာသူမှာ ဝမ်းဖုံးအား တွေ့မြင်သွားလေတော့သည်။

ရုတ်တရက်...

လူစိမ်းတစ်ယောက်အား တွေ့မြင်လိုက်ရသဖြင့် ထွက်လာ

သူမှာ အထိတ်တလန့်ဖြင့် အော်ဟစ်ရန် ဟန်ပြင်လိုက်၏။

ဝမ်းဖုံးမှ လျှပ်တပြက် လှုပ်ရှားလိုက်၏။

တဆက်တည်းလိုလိုပင် ဝင်းလက်သော အလင်းတန်းလေး တစ်ခု ထွက်ပေါ်လာ၏။

ယင်းအလင်းတန်းကလေးမှာ အခန်းထဲမှ ထွက်လာသူ၏ နဖူးတည့်တည့်သို့ စိုက်ဝင်သွား၏။

ထိုလူမှာ အသံ မထွက်နိုင်တော့ဘဲ ကြမ်းပြင်ပေါ် လဲပြိုကျသွားတော့၏။

ဝမ်းဖုံးက တုံ့ဆိုင်းနေခြင်း မပြုဘဲ အခန်းတွင်းသို့ ရုတ်ချည်းခုန်ဝင်လိုက်သည်။

အခန်းတွင်း၌ မီးရောင်များ လင်းထိန်စွာ ထွန်းညှိထားပြီး အဖိုးတန် အိမ်ထောင်ပရိဘောဂများဖြင့် တန်ဆာဆင်ထား၏။

ခန်းလုံးပြည့် မွေးပွကော်ဇောများ ခင်းကျင်းထားပြီး စာအုပ်စင်များတွင် စာအုပ်များ အစီအရီ တင်ထားသည်ကို တွေ့ရ၏။

ထို့ပြင် စားပွဲဝိုင်းတစ်ခုတွင် အသက်လေးဆယ်ခန့်ရှိ လူတစ်ယောက် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူ၏ရုပ်သွင်မှာ တည်ကြည်ခန့်ညားလှပေသည်။

သို့သော်...

သတိထား၍ ကြည့်မည်ဆိုပါလျှင် ထိုလူ၏ရက်စက်ကြမ်းကြုတ်သည့် ဟန်ပန်ကို တွေ့မြင်ရမည် ဖြစ်၏။

ထိုလူမှာ တခြားသူ မဟုတ်ချေ။

လုယန်မြို့တွင် ဂုဏ်သတင်း မွှေးပျံ့လျက် ရှိသော သူဌေး



ကြီးဖန်ထုံပင် ဖြစ်သည်။

ဖန်ထုံမှာ ဝမ်းဖုံးအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် မျက်စိမျက်နှာ ပျက်သွား၏။

အယောင်ယောင်အမှားမှားဖြင့် ထိုင်ရာမှ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

"မင်း...မင်း"

ဝမ်းဖုံးက ဖန်ထုံအနီးသို့ လျင်မြန်စွာ တိုးကပ်သွား၏။

ထို့နောက်...

အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျား မသေချင်ယင် ပြန်ထိုင်လိုက်စမ်း"

သိုင်းလောက၌ ဝမ်းဖုံး၏သံစူးလက်နက်ပုန်းကို မည်သူမျှ ရှောင်နိုင်စွမ်း မရှိဟု ဆိုရိုးစကား ရှိခဲ့၏။

ဖန်ထုံမှာ ထိုဆိုရိုးစကားကို ကောင်းစွာ နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။

ထို့ကြောင့် နေရာတွင် ပြန်လည် ထိုင်ချလိုက်၏။

သူက ဝမ်းဖုံးအား ကြည့်ကာ...

"မင်း ရောက်လာပြီကိုး"

ဝမ်းဖုံးသည် အခန်းတံခါးကို သေသေချာချာ ပြန်ပိတ်လိုက်၏။

အနီးသို့ ရောက်မှ ဖန်ထုံနှင့် မျက်နှာချင်းဆိုင် ဝင်ရောက်ထိုင်ချလိုက်သည်။

ဝမ်းဖုံးသည် ဖန်ထုံအား စူးစူးစိုက်စိုက် စိုက်ကြည့်လိုက်၏။

အတန်ကြာမှ လေသံခပ်မာမာဖြင့်...

"ကျွန်းချူးကို ခင်ဗျား လွှတ်လိုက်တာ မဟုတ်လား"
မေးလိုက်၏။

ဖန်ထုံမှာ ငြင်းပယ်၍ မရနိုင်မှန်း ရိပ်မိလိုက်သည်။ ထို့ကြောင့် အမှန်အတိုင်း ဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ ဒါကို မင်း ဘယ်လိုလုပ် သိတာလဲ"

ဝမ်းဖုံးက ပြုံးလိုက်သည်။

"ကျွန်းချူးက လုယန်မြို့က လာတာဆိုတော့ ခင်ဗျား ဌာနခွဲကပဲ လာတာ ဖြစ်မှာပေါ့"

ဖန်ထုံက ဝမ်းဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"ကျွန်းချူးကို မင်း ရှင်းပစ်လိုက်ပြီ မဟုတ်လား"

ဝမ်းဖုံးက အေးတိအေးစက် လေသံဖြင့် ပြောလိုက်လေ၏။

"ကျုပ်ကို ခြိမ်းခြောက်လို့ မရဘူးဆိုတာ ခင်ဗျား သိပါတယ်"

ဖန်ထုံက ဝမ်းဖုံးအား စိုက်ကြည့်ကာ မေးလိုက်သည်။

"မင်း၊ စုမာထင်းကို မတွေ့ချင်တော့ဘူးပေါ့"

ဝမ်းဖုံး မဲ့ပြုံးပြုံးလိုက်၏။

"စုမာထင်း သေသွားရင် ခင်ဗျားတို့လဲ တစ်ယောက်မှ အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

ဖန်ထုံက ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်သည်။

"တို့ ပင့်ကူနက်ဂိုဏ်းဟာ အင်မတန် အင်အားများတယ်၊ မင်းတစ်ယောက်တည်းနဲ့ ဘယ်လို ရင်ဆိုင်မလဲ"

ဝမ်းဖုံးက ပြတ်သားသော လေသံဖြင့် ပြောလိုက်၏။



"ကိစ္စမရှိဘူး၊ ဒါ ကျုပ် အလုပ် ခင်ဗျားနဲ့ မဆိုင်ပါဘူး"

ဖန်ထုံ သက်ပြင်းချလိုက်၏။

"ကောင်းပြီ၊ ဒါဆိုရင် ဘာကြောင့် ကျုပ်ဆီ လာခဲ့ရတာလဲ ဆိုတာ ပြောပါ"

ဝမ်းဖုံး၏မျက်နှာ ခက်ထန်တင်းမာသွားသည်။

"စုမာထင်း ဘယ်မှာလဲ"

ဖန်ထုံ သက်ပြင်းချလိုက်၏။

ဝမ်းဖုံး၏မေးခွန်းအား မဖြေပါက သူ သေရမည် ဖြစ်သည်ကို သိထားသည် မဟုတ်ပါလား။ ထို့ကြောင့်...

"သူ့ကို ပင့်ကူနက်ဂိုဏ်း ဌာနချုပ်မှာ ဖမ်းဆီးထားတယ်"

ဖြေလိုက်လေသည်။ ဝမ်းဖုံး မျက်မှောင်ကြုတ်သွား၏။

"ဘာကြောင့် ဖမ်းထားရတာလဲ"

ဖန်ထုံက လွယ်လွယ်ကူကူပင် အဖြေပေးလိုက်၏။

"မင်းဆီက အကူအညီ တစ်ခုလိုလို့ပါ"

ဝမ်းဖုံး ဒေါသထွက်လာသည်။

"ဘာ ကျုပ်ဆီက အကူအညီ လိုတာနဲ့ စုမာထင်းကို ဓားစာခံအဖြစ် ဖမ်းထားတယ်ဆိုပါတော့"

"ဟုတ်တယ်"

ဝမ်းဖုံး၏မျက်နှာ ဒေါသကြောင့် နီရဲလာသည်။

"ကျုပ်ကို ဒီလို ခြိမ်းခြောက်လို့ ရမယ် ထင်သလား"

ဖန်ထုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေ၏။

"မလုပ်မဖြစ်လို့ပါ၊ ခင်ဗျား သဘောကျမှာ မဟုတ်ဘူးဆို

တာ သိပါတယ်၊ ဒါပေမယ့် ပင့်ကူနက်ဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ် တုကုချင်း ကြုံတွေ့နေရတဲ့ ဒုက္ခကို ခင်ဗျားတစ်ယောက်ပဲ ကူညီနိုင်စွမ်း ရှိမယ်"

ထိုစကားကြောင့် ဝမ်းဖုံးမှာ အလွန်ပင် အံ့အားသင့်သွားလေတော့သည်။

* * *



ပင့်ကူနက်ဂိုဏ်း...

ပင့်ကူနက်ဂိုဏ်းမှာ လူအင်အား ငွေအင်အား အလွန်တောင့်တင်းသော ဂိုဏ်းတစ်ခု ဖြစ်၏။

ထိုဂိုဏ်းသည် သိုင်းလောကအတွင်း၌လည်း အတော်ပင်သြဇာလွှမ်းမိုးနိုင်ပေသည်။

သို့သော်...

ပင့်ကူနက်ဂိုဏ်း၏ဒုဂိုဏ်းချုပ် တုကုချင်းမှာ အလွန်ခက်ခဲသော ပြဿနာတစ်ရပ်ဖြင့် ကြုံတွေ့နေရ၏။

ဤသို့ဆိုပါလျှင်...

တုကုချင်းမှာ မည်သို့သော ဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသနည်း။

ဝမ်းဖုံးမှာ စိတ်ဝင်စားလာသည်။

ထို့ကြောင့်...

ဖန်ထုံအား ကြည့်ကာ မေးလိုက်သည်။

"တုကုချင်းက ဒုက္ခနဲ့ ရင်ဆိုင်နေရတယ် ဟုတ်လား"

ဖန်ထုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဘယ်လို ဒုက္ခမျိုးလဲ"

"ဒါတော့ ကျုပ်လဲ မသိဘူး"

ဝမ်းဖုံး တွေဝေသွားသည်။

စုမာထင်းမှာ သူနှင့် အလွန်ရင်းနှီး ချစ်ခင်ခဲ့သော ပညာသင်ဘက် ညီအစ်ကို ဖြစ်သည်။

မွေးစားဖခင်ဖြစ်သူက စုမာထင်းနှင့် ဝမ်းဖုံးအား သိုင်းပညာရပ်များကို ဆရာစားမချန်ဘဲ အပြည့်အဝ သင်ကြားပေးခဲ့၏။

သူတို့နှစ်ယောက်သည် သိုင်းလောကကို ဆင်းခဲ့ပြီး နောက်ပိုင်းတွင် ဝမ်းဖုံးမှာ သံစူးလက်နက်ပုန်း သိုင်းသမားဟု ကျော်ကြားလာခဲ့သလို စုမာထင်းကလည်း ဓားသမား စုမာထင်းဟူသော အမည်ဖြင့် သိုင်းအကျော်အမော်တစ်ယောက် ဖြစ်လာကြသည်။

ဝမ်းဖုံးသည် မွေးစားဖခင်၏ ညွှန်ကြားချက်အတိုင်း သိုင်းလောကတွင် လှည့်လည်သွားလာရင်း မတရားမှုများကို သုတ်သင်ရှင်းလင်းခဲ့၏။

ထိုသို့ လှည့်လည်သွားလာ နေထိုင်ရင်း သိုင်းလောကအတွင်းမှ ကလဲ့စားချေမှုများ၊ ရန်ငြိုးဖွဲ့မှုများ စသည့်မဆုံးနိုင်သော သံသရာများအား စိတ်ပျက်လာခဲ့သည်။

ထို့ကြောင့်...



လူသူကင်းဝေးရာ သုသာန်သို့ သွားရောက်ကာ သချိုင်းစောင့်အဖြစ် ဇာတ်မြှုပ်နေထိုင်ခဲ့ခြင်း ဖြစ်၏။

ဤသည်ကပင် ဝမ်းဖုံးအတွက် အမှားတစ်ရပ် ဖြစ်သည်။

ယခုတွင် ဝမ်းဖုံးမှာ လူသူကင်းဝေးရာတွင် ဇာတ်မြှုပ်နေထိုင်ခဲ့သဖြင့် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေများနှင့် မျက်ချေပြတ်နေခဲ့ရသည်။

ဝမ်းဖုံးတွင် ထူးခြားသော အကျင့်တစ်ခု ရှိ၏။

ထိုအချက်ကား သူ့အား နိုင့်ထက်စီးနင်း ပြုလုပ်ခြင်း၊ စော်ကားမော်ကား ပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် စော်ကားလာသူများအား ငံ့မခံ လက်တုံ့ပြန်တတ်ခြင်း ဖြစ်သည်။

ထိုသို့ စိတ်မြန်ကိုယ်မြန် ရှိခဲ့မှုကြောင့် မကြာခဏ ပြဿနာရပ်များဖြင့် ရင်ဆိုင်ခဲ့ရ၏။

သူ့အနေဖြင့် သိုင်းလောကမှ ဇာတ်မြှုပ်သွားခြင်းမှာ ဤအချက်လည်း တစ်ခု အပါအဝင် ဖြစ်သည်။

ယခုမူ သူသည် စုမာထင်းအတွက် သိုင်းလောကသို့ ပြန်လည် ခြေချခဲ့ရပြီ ဖြစ်၏။

ဝမ်းဖုံးက ဖန်ထုံအား စိုက်ကြည့်ကာ မေးလိုက်လေသည်။

"တုကုချင်းရဲ့ အခက်အခဲကို ကျုပ် ကူညီမှ ဖြစ်မယ်ပေါ့"

ဖန်ထုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားတစ်ယောက်ပဲ အကူအညီပေးနိုင်မယ်၊ ဒါကြောင့် တုကုချင်းက စုမာထင်းကို ဓားစာခံ လုပ်ထားတာပါဗျာ"

ဝမ်းဖုံးက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

"ကျုပ် မကူညီဘူးဆိုရင်ကော"

ဖန်ထုံ ပခုံးတွန့်လိုက်၏။

"ဒါဆိုရင်တော့ စုမာထင်းအတွက် စိတ်မကောင်းစရာပဲ၊ သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လောကကြီးထဲက ထွက်ခွာသွားရလိမ့်မယ်"

ဝမ်းဖုံးမှာ ပါးစပ်ပိတ်ထားလိုက်တော့၏။

ဖန်ထုံက စကားဆက်လိုက်၏။

"တုကုချင်းကတော့ ခင်ဗျား ကျိန်းသေ ကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ ခင်ဗျား သူ့ကို မကူညီဘူးဆိုရင် စုမာထင်းကို ချမ်းသာပေးမှာ မဟုတ်ဘူး၊ စုမာထင်းအတွက် ခင်ဗျား ကူညီလိမ့်မယ်လို့ ကျုပ်လဲ ယူဆပါတယ်ဗျ"

ဝမ်းဖုံး ခံပြင်းသွား၏။

သို့သော်...

စိတ်ကို ချုပ်တည်းကာ...

"ကျုပ် ကူညီမယ်ဆိုရင် စုမာထင်းကို လွှတ်ပေးမှာလား"

မေးလိုက်လေ၏။

ဖန်ထုံ အားတက်သွားသည်။

ထို့ကြောင့်...

ကပျာကယာ ခေါင်းညိတ်ကာ ပြောလိုက်သည်။

"လွှတ်ပေးမှာပေါ့၊ စိတ်ချစမ်းပါဗျာ"

ဝမ်းဖုံးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ကောင်းပြီ၊ ကျုပ်ရဲ့ အကူအညီ လိုအပ်တယ်ဆိုရင် စုမာထင်းကို အရင်လွှတ်ပေးလိုက်ပါ၊ သူ ဘေးကင်းရာကို ရောက်သွားမှ ကျုပ် ခင်ဗျားတို့နဲ့ ဆွေးနွေးမယ်"



ဖန်ထုံ အလျင်အမြန် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ဖြစ်မလဲ၊ စုမာထင်း လွတ်မြောက်သွားတာနဲ့ ခင်ဗျားကျုပ်တို့ကို ဒုက္ခပေးမှာပေါ့"

ထိုအခါ ဝမ်းဖုံးက စိတ်မရှည်တော့သည့်ဟန်ဖြင့် ထိုင်ရာမှ ထရပ်လိုက်၏။

"ကဲ ဒါဖြင့် ကျုပ်သွားမယ်၊ စုမာထင်း တစ်ခုခုဖြစ်ရင် ခင်ဗျားတို့အားလုံး သေဖို့သာ ပြင်ထားကြပေတော့"

ပြောပြောဆိုဆို ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်...

"ခဏနေပါဦး"

ဖန်ထုံ၏ဟန့်တားသံ ထွက်ပေါ်လာ၏။

ဝမ်းဖုံး ခြေလှမ်း ရပ်တန့်လိုက်သည်။

ဖန်ထုံက...

"မင်း တကယ်ပဲ စုမာထင်းကို ထားရစ်ခဲ့ပြီး သွားတော့မလို့လား"

ဝမ်းဖုံးမှာ တွေဝေသွားသည်။

ဤသည်ကို ဖန်ထုံ ရိပ်မိလိုက်၏။

ထို့ကြောင့်...

"ကျုပ်ဟာ ပင့်ကူနက်ဂိုဏ်းမှာ ဩဇာအာဏာ သိပ်မရှိပါဘူး၊ ဒါကြောင့် မင်းအနေနဲ့ တုကုချင်းကို သွားတွေ့ရင် ကောင်းမယ်ထင်တယ်"

ထိုစကားကြောင့် ဝမ်းဖုံးမှာ တုကုချင်းအား တွေ့လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာ၏။

ဖန်ထုံအား စေ့စေ့ကြည့်လိုက်ကာ...

"တုကုချင်း ဘယ်မှာလဲ"

ဖန်ထုံမှာ ဝမ်းသာကျေနပ်သွားပုံရ၏။

သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထွက်ပေါ်လာလေသည်။

သူက ဝမ်းဖုံးအား ကြည့်ကာ...

"မင်း သူ့ကို တွေ့ချင်သလား"

ဝမ်းဖုံးမှာ ပြန်မဖြေပါချေ။

အေးတိအေးစက် လေသံဖြင့် ထပ်မေးလိုက်၏။

"တုကုချင်း ဘယ်မှာလဲ"

ဖန်ထုံက သဘောကျစွာ ပြုံးကာ ပြောလိုက်သည်။

"မင်း တွေ့ချင်ရင် ကျုပ် လိုက်ပို့ပေးပါ့မယ်၊ ဒါပေမယ့်.."

သူက စကားကို ရပ်ကာ ဝမ်းဖုံးအား အကဲခတ် ကြည့်လိုက်၏။

ဝမ်းဖုံးက...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဖန်ထုံက စကားကို ဆက်လိုက်၏။

"မင်း သူနဲ့ တွေ့သင့်မတွေ့သင့်ကို အခုကတည်းက စဉ်းစားထားရင် ကောင်းမယ်၊ တုကုချင်းနဲ့ တွေ့မှ သူ့စကားကို ငြင်းပယ်မယ်ဆိုရင် ဒုက္ခရောက်သွားနိုင်တယ်"

ဝမ်းဖုံးက မဲ့ပြုံးပြုံးလိုက်သည်။



"ကိစ္စမရှိပါဘူး၊ ကျုပ် သူနဲ့ တွေ့ရရင် တော်ပါပြီ"

ဖန်ထုံ သက်ပြင်းချလိုက်၏။

"ကောင်းပြီ၊ ကျုပ် နောက်က လိုက်ခဲ့ပေတော့"

ပြောပြောဆိုဆို ရှေ့မှ ဦးဆောင်ကာ ထွက်သွားလေ၏။

ဝမ်းဖုံးလည်း ဘာမှ စဉ်းစားမနေတော့ဘဲ နောက်မှ ထပ်ကြပ်မကွာ လိုက်သွားတော့သည်။

* * *

## အဝေးအယူ

ဝန်းကျင်မှာ မှောင်မဲနေဆဲ ဖြစ်သည်။

အဝေးမှ ကြက်တွန်သံများကို တစ်ချက်တစ်ချက် ကြားနေရလေသည်။

ထို့ကြောင့်...

မိုးလင်းပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။

သို့သော် ဤနေရာ၌ အလင်းရောင် လုံးဝမရှိချေ။

အကြောင်းမှာ...

ယင်းနေရာသည် အလုံပိတ် မြင်းလှည်းတစ်စီးအတွင်း၌ ဖြစ်နေသောကြောင့် ဖြစ်၏။



ဝမ်းဖုံးမှာ ထိုအလုံပိတ် မြင်းလှည်းအတွင်း ရောက်ရှိနေ၏။

မြင်းလှည်းသည် တဝုန်းဝုန်း တဒုန်းဒုန်း လှုပ်ယင်း မောင်းနှင်နေ၏။

ထို့ကြောင့်...

လမ်းဆိုးပြီး ချိုင့်ဝှမ်းထူထပ်သည့် လမ်းတစ်ခုအား ဖြတ်ကျော်မောင်းနှင်နေရကြောင်း သိသာနိုင်ပေသည်။

ဝမ်းဖုံးမှာ ပင့်ကူနက်ဂိုဏ်း တည်ရှိရာစခန်းကို မမှတ်မိစေရန် အလုံပိတ် မြင်းလှည်းအတွင်းမှ လိုက်ပါခဲ့ရခြင်း ဖြစ်၏။

ဤသည်မှာ ဖန်ထုံ၏အစီအစဉ်ပင် ဖြစ်သည်။

တစ်ခါတစ်ရံ မြင်းလှည်းသမား၏ အော်ငေါက်သံနှင့် စကားပြောသံသဲ့သဲ့ ကြားရ၏။

သို့သော်...

သဲသဲကွဲကွဲ မကြားရပါချေ။

မြင်းလှည်းမှာ ခရီးကြမ်း မောင်းနှင်သွားလာနေသော်လည်း မြင်းလှည်းအိမ်အတွင်း၌ လိုက်ပါလာသော ဝမ်းဖုံးမှာ ပင်ပန်းနွမ်းနယ်ခြင်း အလျဉ်းမရှိဘဲ မတုန်မလှုပ် ကျောက်ရုပ်ပမာ ရှိနေ၏။

သူသည် မြင်းလှည်းကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း မြင်းလှည်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာသည်။

အချိန်အတန် ကြာသွားသောအခါ မြင်းလှည်းမှာ လမ်းဆိုးအား ကျော်လွန်ခဲ့ပြီး ညီညာသော ကျောက်ခင်းလမ်းတစ်ခုပေါ်သို့ ရောက်ရှိလာလေ၏။

မြင်းခွာသံတွင် ကပ်ရိုက်ထားသော သံခွာနှင့် ကျောက်တို့ ထိမိ၍ ထွက်ပေါ်လာသော အသံကြောင့် ဝမ်းဖုံး ခန့်မှန်းနိုင်ခဲ့ခြင်း

ဖြစ်လေသည်။

မြင်းခြေသံမှာ တဖြည်းဖြည်း စိတ်လာ၏။

မကြာမီ...

မြင်းလှည်းမှာ လုံးဝရပ်တန့်သွားသည်။

တစ်ခဏအတွင်းမှာပင် မြင်းလှည်းတံခါးမှာ ပွင့်သွား၏။

တဆက်ထဲပင် စူးရှသော အလင်းရောင်မှာ မြင်းလှည်းအတွင်းသို့ တိုးဝင်လာသည်။

ထိုအခိုက်...

ဖန်ထုံ၏အသံ ထွက်ပေါ်လာ၏။

"ဝမ်းဖုံး မြင်းလှည်းထဲက ဆင်းလာနိုင်ပါပြီ"

ဝမ်းဖုံး ထိုင်ရာမှ ခုန်ထလိုက်သည်။

ထို့နောက်...

ချက်ချင်းပင် မြင်းလှည်းအောက်သို့ ခုန်ဆင်းလိုက်လေ၏။

ဤတွင် သူသည် ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခုအတွင်းရှိ ကြီးမားသော အဆောက်အအုံကြီးတစ်ခုရှေ့သို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထို့ပြင် အဆောက်အအုံကြီး၏ နေရာအနှံ့အပြားတွင် မီးခိုးရောင်ဝတ်ဆင်ထားသော အစောင့်အကြပ်များ ရှိနေသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ကြောင့်...

ဤနေရာသည် ပင့်ကူနက်ဂိုဏ်း ဌာနချုပ် ဖြစ်ရမည်ဟု ဝမ်းဖုံး ချက်ချင်း ရိပ်မိလိုက်၏။

ဖန်ထုံက...



"ဝမ်းဖုံး၊ ကျုပ်နောက် လိုက်ခဲ့ပါ"

ပြောပြောဆိုဆို ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။

ဝမ်းဖုံးလည်း နောက်မှ လိုက်သွား၏။

မကြာပါချေ။

ဝမ်းဖုံးမှာ ကျယ်ဝန်းသော အခန်းတစ်ခုသို့ ရောက်ရှိသွားလေတော့သည်။

* * *

ဤနေရာမှာ ကျယ်ဝန်းသော အခန်းတစ်ခု ဖြစ်၏။

သို့သော်...

အခန်းအတွင်း၌ အိမ်ထောင်ပရိဘောဂများ ရှိမနေပါချေ။

ဟောင်းနွမ်းသော စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးမျှသာ ရှိပေသည်။

ထို့ကြောင့်...

ဤအခန်းမှာ ဧည့်သည် တွေ့ဆုံသော အခန်း မဟုတ်ကြောင်း သိသာနိုင်၏။

ပင့်ကူနက်ဂိုဏ်းသည် ငွေအင်အား လူအင်အား တောင့်တင်းသဖြင့် အဆောက်အအုံများနှင့် ဒုဂိုဏ်းချုပ် တုကုချင်းမှာ အလွန်ကြီးကျယ် ခမ်းနားလှမည်ဟု ဝမ်းဖုံး ထင်မှတ်ထားပေသည်။

သို့သော်...



ဖန်ထုံ၏စကားများကို ကြားလိုက်ရသည်နှင့် ဝမ်းဖုံးယုံကြည်ချက်များ ပျက်ပြားသွားရတော့သည်။

ဖန်ထုံက...

“ကျုပ်တို့ ခဏစောင့်ကြရလိမ့်မယ်၊ ဒုဂိုဏ်းချုပ် မကြာခင် ထွက်လာလိမ့်မယ်”

ပြောလိုက်လေ၏။

ဝမ်းဖုံး အံ့အားသင့်သွားသည်။

သူက ဖန်ထုံအား မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

“ဒီနေရာဟာ ဧည့်ခန်း ဟုတ်လား”

ဖန်ထုံ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ ဒုဂိုဏ်းချုပ်က ဘယ်ဧည့်သည်မဆို ဒီမှာပဲ လက်ခံတွေ့ဆုံလေ့ရှိတယ်”

ဝမ်းဖုံး ပါးစပ်ပိတ်ထားလိုက်သည်။

ဆက်ပြောရန်လည်း စကားရှာမရတော့ချေ။

ထိုအခိုက်...

အခန်း၏ဝဲဘက် စကြိုလမ်းမှ ခြေသံများ ထွက်ပေါ်လာ၏။

တဆက်တည်းမှာပင် အခန်းဝ၌ အဘိုးအိုတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ယင်းအဘိုးအိုသည် တည်ကြည်သော မျက်နှာထားဖြင့် အခန်းထဲသို့ ဝင်လာ၏။

ထိုအခါ ဖန်ထုံ၏မျက်နှာပေါ်တွင် လေးစားသည့် အရိပ်အယောင်များ ထွက်ပေါ်လာပြီး လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်၏။

"ဒုဂိုဏ်းချုပ်ကို ဂ်ါရဝ ပြုပါတယ်"

မှန်ပါသည်။

အခန်းတွင်းသို့ ဝင်ရောက်လာသော အဘိုးအိုမှာ ပင့်ကူ နက်ဂိုဏ်း၏ဒုဂိုဏ်းချုပ် တုကုချင်းပင် ဖြစ်ပေသည်။

တုကုချင်းက လက်ကို ဝှေ့ယမ်းပြလိုက်သည်။

"ထိုင်ကြပါ"

ဝမ်းဖုံးနှင့် ဖန်ထုံတို့က ကုလားထိုင်များပေါ်သို့ ဝင် ရောက်ထိုင်ချလိုက်၏။

ဝမ်းဖုံးမှာ တုကုချင်းအား မသိမသာ အကဲခတ်ကြည့်လိုက် ၏။

တုကုချင်းသည် အသက်ခြောက်ဆယ်ကျော်မျှ ရှိပြီ ဖြစ်၏။

သူ၏မျက်လုံးအစုံမှာ သိမ်းငှက်မျက်လုံးကဲ့သို့ စူးရှတောက် ပြောင်လှ၏။

ခန္ဓာကိုယ်မှာ အရိုးပေါ် အရေတင်မျှ ပိန်ချုံးနေသော် လည်း နားထင်နှစ်ဖက်မှာ ချိုင့်ဝင်နေပြီး ရင်ဘတ်မှာ မို့မောက်နေ သည်။

ထို့ကြောင့် အတွင်းအား အလွန်ကောင်းသူ ဖြစ်ကြောင်း သိသာနိုင်၏။

တုကုချင်းသည် လွတ်နေသော ထိုင်ခုံတစ်လုံးတွင် ဝင် ရောက်ထိုင်ချလိုက်၏။

ထို့နောက် လက်ခုပ်တစ်ချက် တီးလိုက်၏။

ချက်ချင်းဆိုသလိုပင် အစောင့်တစ်ယောက် အခန်းတွင်းသို့ လှမ်းဝင်လာသည်။



တုကုချင်းက အစောင့်အား လှမ်းပြောလိုက်၏။

"တို့အတွက် စားစရာနဲ့ အရက် ယူလာခဲ့စမ်း"

အစောင့်မှာ ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ ခင်ဗျာ"

စကားဆုံးသည်နှင့် အခန်းပြင်သို့ လျင်မြန်စွာ ပြန်ထွက် သွား၏။

ထိုအခါမှ တုကုချင်းက ဝမ်းဖုံးအား အကဲခတ်ကြည့်ကာ မေးလိုက်သည်။

"ခရီးပန်းလာပြီ ထင်ပါရဲ့"

ဝမ်းဖုံး ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး၊ ဒါဟာ အသေးအဖွဲ ကိစ္စတစ်ခုပါ"

တုကုချင်းက ပြုံးလိုက်သည်။

"ဒါဖြင့် မင်း အရေးကြီးတဲ့ကိစ္စ ပြောချင်တယ်ပေါ့"

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

တုကုချင်းက ဝမ်းဖုံးအား စိုက်ကြည့်လိုက်၏။

"စုမာထင်းကို ခင်ဗျားတို့ ဖမ်းထားတယ် မဟုတ်လား"

တုကုချင်း မျက်မှောင်ကြုတ်သွားသည်။

ထို့နောက် ဖန်ထုံအား လှည့်ကြည့်ကာ...

"မင်း သူ့ကို ဘာမှ မပြောပြဘူးလား"

ဖန်ထုံမှာ သူ့ကို အပြစ်ပေးမည်ကို စိုးရိမ်စိတ်ဖြင့် ထိတ် လန့်တုန်လှုပ်သွားသည်။

ထို့ကြောင့် ကပျာကယာ ရှင်းပြလိုက်၏။

"ကျွန်တော် အကြောင်းစုံ ပြောပြပြီးပါပြီ"

ထိုအဖြေကို တုကုချင်း ကျေနပ်ဟန်မပေါ်ချေ။

သူက ဖန်ထုံအား ထပ်မေးလိုက်၏။

"ဒါဖြင့် သူက ဘာကြောင့် ထပ်မေးနေရတာလဲ"

သူတို့နှစ်ယောက်မှာ ဝမ်းဖုံးကို လှည့်မကြည့်ဘဲ ပြောဆိုနေကြခြင်း ဖြစ်သည်။

ဖန်ထုံမှာ သူ့အား တုကုချင်းက မကျေမနပ် ဖြစ်နေသည်ကို စိုးရိမ်သွား၏။

ထို့ကြောင့် မနေသာတော့ဘဲ ဝမ်းဖုံးဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ကျုပ် မင်းကို ပြောပြခဲ့တယ် မဟုတ်လား၊ ဂိုဏ်းချုပ်ကြီးကို လိုက်တွေ့တာနဲ့ မင်းဟာ ကျုပ်တို့ သဘောအတိုင်း လိုက်နာဖို့ပဲ ရှိတော့တယ်၊ ဘာမှ စောဒက တက်နေစရာ မလိုဘူး"

ဝမ်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် ခေါင်းကို ခါယမ်းကာ ပြောလိုက်၏။

"ဒါက ကျုပ် သဘောပဲ၊ ကျုပ် သဘောတူချင်တူမယ် မတူချင်မတူဘူး၊ ခင်ဗျားတို့ ပြောတဲ့အတိုင်းတော့ မလုပ်နိုင်ဘူး"

ထိုစကားကြောင့် ဖန်ထုံ ရင်ထိတ်သွား၏။

သူ့မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားသည်။

တုကုချင်း၏မျက်နှာမှာလည်း အလိုမကျသည့်အလားမည်းမှောင်သွား၏။

ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။



ဝမ်းဖုံး၏မျက်လုံးအောက်မှ ကြွက်သားများ လှုပ်ရှားသွားသည်။

သူက တုကုချင်းအား စူးစိုက်ကြည့်ကာ ပြောလိုက်လေသည်။

"ခင်ဗျား သွားလို့ မဖြစ်သေးဘူး ထင်တယ်"

သူ၏စကားသံထဲတွင် တုကုချင်းအနေဖြင့် ဖွတ်အထင်းထွက်သွားပါက သူက တိုက်ခိုက်မည့်ဟန် အရိပ်အမြွက် ပါဝင်နေပေသည်။

တုကုချင်း ခြေလှမ်း ရပ်တန့်လိုက်၏။

ထို့နောက်...

ဝမ်းဖုံးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"မင်းဟာ ပင့်ကူနက်ဂိုဏ်း ဌာနချုပ်ကို ရောက်နေတယ်ဆိုတာ သတိထားပါဦး၊ ဒီနေရာမှာ ဘယ်သူမဆို ကျုပ်က အမိန့်ပေးရမှာ၊ မင်းက အမိန့်ပေးစရာ မလိုဘူး"

ဝမ်းဖုံးက မခိုးမခန့် ပြုံးလိုက်၏။

"ကျုပ်က ဘယ်နေရာမဆို ကျုပ်ရဲ့သံစူးကို အသုံးပြုခွင့်တယ်ဆိုတာကိုလဲ ခင်ဗျား သိထားပါ"

တုကုချင်းက သက်ပြင်းချလိုက်သည်။

"မင်းဟာ ခုထိ အခြေအနေကို နားမလည်သေးဘူး၊ မင်းလှုပ်ရှားလိုက်တာနဲ့ စုမာထင်း သေသွားမယ်ဆိုတာကို မှတ်ထားပါ"

ဝမ်းဖုံး၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သူက ခြောက်သွေ့အက်ကွဲသော လေသံဖြင့် မေးလိုက်၏။

"စုမာထင်း ဘယ်မှာလဲ"

တုကုချင်းက ဝမ်းဖုံးအား စိုက်ကြည့်ကာ...

"သူ ကောင်းကောင်းမွန်မွန် ရှိပါတယ်ကွာ၊ မပူပါနဲ့ မင်းသာ လှုပ်လှုပ်ရှားရှား မလုပ်ရင် သူ ဘာမှ မဖြစ်နိုင်ပါဘူး"

ဝမ်းဖုံးမှာ စားပွဲပေါ်သို့ တင်ထားသော သူ၏လက်နှစ်ဖက်ကို ပြန်လည် ရုပ်သိမ်းလိုက်ရသည်။

ထိုအခါ...

တုကုချင်းကလည်း ကုလားထိုင်အနီးသို့ ပြန်လျှောက်လာကာ ထိုင်ချလိုက်၏။

ပြီးမှ ဝမ်းဖုံးအား စေ့စေ့ကြည့်ကာ ပြောလိုက်၏။

"စုမာထင်းကလည်း မင်းကို တွေ့ချင်တယ်လို့ချည်းပဲ တောင်းဆိုနေတယ်၊ မင်းသာ ကတိတစ်ခုပေးမယ်ဆိုရင် မင်းတို့နှစ်ယောက်ကို တွေ့ပေးဖို့ မခဲယဉ်းပါဘူး"

ဝမ်းဖုံး ခံပြင်းသွား၏။

သို့သော်...

စိတ်ကို ပြန်လည်ချုပ်တည်းထားလိုက်သည်။

သူက တုကုချင်းအား စိုက်ကြည့်ကာ မေးလိုက်၏။

"ကျုပ် ဘာကတိပေးရမှာလဲ"

သူ၏အသံမှာ မသိမသာ တုန်ယင်နေပေသည်။

တုကုချင်းက ပြုံးလိုက်၏။

"လွယ်ပါတယ်၊ ကျုပ်မှာ အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်နေရတယ်၊ ဒီအတွက် မင်း အကူအညီပေးမယ်လို့ ကတိပြုရုံပါပဲ"

ဝမ်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က အကူအညီ ပေးရမယ် ဟုတ်လား"



တုကုချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဝမ်းဖုံးက...

"ခင်ဗျားမှာ ဘယ်လို အခက်အခဲမျိုးနဲ့ ရင်ဆိုင်နေရလို့လဲ"

တုကုချင်းက ရုတ်တရက် မည်သို့မျှ အဖြေမပေးဘဲ အနည်းငယ် စဉ်းစားနေပုံရသည်။

အတန်ကြာမှ သက်ပြင်းချကာ...

"စုမာထင်းအတွက် မင်း ဒီကို လိုက်လာတော့ သူ သေဆုံးသွားမှာ မလိုလားဘူးဆိုတာ ကျုပ် သဘောပေါက်ပါတယ်"

သူ၏စကားမှာ အဓိပ္ပါယ်များစွာ ပါဝင်နေသည်။

ဤသို့ ပြောလိုက်ခြင်းဖြင့် ဝမ်းဖုံးက သူ့အား ကျိန်းသေကူညီလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားပုံရသည်။

ထို့ကြောင့်...

တုကုချင်းက ဆက်ပြောလိုက်၏။

"ကျုပ်မှာ ငွေသေတ္တာအပြည့် တင်ထားတဲ့ မြင်းလှည်းခုနစ်စီး ရှိတယ်၊ ဒီမြင်းလှည်းတွေကို စီးဂူရေကန် အရောက်ပို့ပေးရမယ်၊ ငွေကြေးပမာဏက များပြားနေတော့ လူဆိုးဓားပြတွေရဲ့ အန္တရာယ်က မသေးဘူး၊ ဒါကြောင့် ဒီမြင်းလှည်းတွေကို မင်းပဲ ဦးဆောင်ပြီးပို့ပေးစေချင်ပါတယ်"

ထိုစကား ကြားလိုက်ရသောအခါ ဝမ်းဖုံးမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

မိမိနားကိုပင် မယုံနိုင်အောင် ဖြစ်သွားမိ၏။

တုကုချင်းအား အံ့သြစွာ ကြည့်ကာ...

"ကျုပ်က ငွေသေတ္တာပါတဲ့ မြင်းလှည်းတွေကို စောင့်ရှောက်ပြီး လိုရာရောက်အောင် ပို့ပေးရမယ် ဟုတ်လား"

တုကုချင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

ဝမ်းဖုံးက မျက်မှောင်ကြုတ်ကာ ပြောလိုက်၏။

"ဒီကိစ္စမျိုး ရေးကြီးခွင်ကျယ်လုပ်လို့ဗျာ၊ လုယန်မြို့မှာ အာမခံဌာနပေါ့ ဒီလောက် ပေါများနေတာ၊ သူတို့ကို ငှားရမ်းလိုက်လဲ ပြီးတာပဲ မဟုတ်လား"

တုကုချင်းက ပြုံးလိုက်သည်။

"ဒီမြို့မှာ အကျော်ကြားဆုံးဖြစ်တဲ့ သိမ်းငှက်အာမခံဌာနကို ငှားရမ်းဖို့ စီစဉ်ထားပါတယ်၊ ဒါပေမယ့် အဲဒီ အာမခံအဖွဲ့နဲ့အတူ မင်းက ဦးဆောင်ပြီး တာဝန်ယူ စောင့်ရှောက်ပေးဖို့ပါပဲ"

ဝမ်းဖုံး နားမလည်နိုင်အောင် ဖြစ်သွား၏။

"ဒီလောက်လွယ်တဲ့ ကိစ္စကို တခြားလူကို ခိုင်းလို့ မရဘူးလား"

တုကုချင်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ မင်းတစ်ယောက်သာ စွမ်းဆောင်နိုင်မှာမို့ စုမာထင်းကို ဒေးစာခံ လုပ်ရတာပါ"

ဝမ်းဖုံးက သက်ပြင်းချလိုက်၏။

"ကျုပ်က သဘောတူတယ်ဆိုရင် စုမာထင်းကို လွှတ်ပေးမှာလား"

တုကုချင်းက အားတက်လာပုံရသည်။

လှိုက်လှဲသော လေသံဖြင့် ပြောလိုက်၏။



"ဟုတ်တယ်၊ စုမာထင်းကို လွှတ်ပေးမယ့်အပြင် မင်းအတွက် ငွေတစ်သိန်းတိတိ စောင့်ရှောက်ခပေးပါ့မယ်"

ဝမ်းဖုံး အနည်းငယ်စဉ်းစားကာ...

"စီးဝူရေကန်ကို ရောက်အောင် ကျုပ် အစီအစဉ်နဲ့ သွားရမှာလား"

မေးလိုက်သည်။

တုကုချင်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ဟုတ်ပါ့မလဲ၊ မင်း သဘောတူမယ်ဆိုယင် ကျုပ်ရဲ့ အစီအစဉ်တွေကို ပြောပြပါ့မယ်၊ အဲသည်အတိုင်း အံဝင်ခွင်ကျ လုပ်ရုံပါပဲ"

ဝမ်းဖုံး မျက်မှောင်ကြုတ်လိုက်သည်။

"ခင်ဗျားရဲ့ အစီအစဉ်က ဘယ်လို.."

သူ၏စကားမဆုံးမီ တုကုချင်းက လက်ကာပြလိုက်သည်။

ထို့နောက်...

သူက ဝမ်းဖုံးအား အကဲခတ်ကြည့်ကာ မေးလိုက်၏။

"ကျုပ် ပြောတဲ့ကိစ္စ မင်း သဘောတူပြီလား"

ဝမ်းဖုံးမှာ စဉ်းစားတွေဝေနေခြင်း မရှိတော့ချေ။

အစစအရာရာ ဖြစ်နိုင်သမျှ အလုံးစုံကို ဟာကွက်မရှိ စဉ်းစားတွေးတောထားပြီး ဖြစ်၏။

ယင်းကြောင့်...

ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ် သဘောတူပါတယ်၊ ဒါပေမယ့်"

သူက စကားကို ရပ်ထားလိုက်သည်။

တုကုချင်းသည် မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဝမ်းဖုံးက ပြတ်ပြတ်သားသား လေသံဖြင့် ပြောလိုက်၏။

"ကျုပ်က စုမာထင်းကို တွေ့ချင်တယ်၊ သူ ကောင်းကောင်း မွန်မွန် ရှိနေမှ ကျုပ်က လက်ခံနိုင်မယ်"

တုကုချင်းက သဘောကျစွာ ပြုံးလိုက်သည်။

"ရပါတယ်၊ စုမာထင်းကို တွေ့ရစေမယ်၊ ကဲ လာ ကျုပ်နောက်လိုက်ခဲ့"

ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

တဖန်...

ရှေ့မှ ဦးဆောင်ကာ အခန်းပြင်သို့ ထွက်သွားသည်။

ထိုအခါ...

ဝမ်းဖုံးနှင့် ဖန်ထုံတို့လည်း နောက်မှ လိုက်သွားကြလေ၏။

* * *



အဆောက်အအုံမှာ ကြီးမားကျယ်ဝန်းလှပေတော့သည်။

စင်္ကြံလမ်းကလေး များစွာရှိပြီး ဟိုချိုးသည်ကွေ့ဖြင့် ရှိနေလေသည်။

အတန်ကြာ လျှောက်လှမ်းပြီးသောအခါ မြေတိုက်ခန်းတစ်ခန်း၏အရှေ့သို့ ရောက်ရှိလာလေသည်။

ထိုအခါ...

တုကုချင်း ခြေလှမ်းကို ရပ်တန့်လိုက်သည်။

အခန်းမှာ ကျောက်သားနံရံဖြင့် ပြုလုပ်ထားပြီး လေးဘက်လေးတန် အခိုင်အမာ ပိတ်ဆို့ထား၏။

တံခါးတစ်ချပ်သာရှိပြီး တံခါးပေါ်တွင် သေးငယ်သော အပေါက်ကလေးတစ်ပေါက် ရှိလေသည်။

တုကုချင်းသည် ထိုအပေါက်ကလေးအား ညွှန်ပြကာ ပြောလိုက်လေ၏။

"အဲသည် အပေါက်က ကြည့်ပါ၊ အထဲမှာ စုမာထင်း ရှိတယ်"

ဝမ်းဖုံးသည် တုကုချင်းနှင့် ဖန်ထုံတို့အား တချက် အကဲခတ်ကြည့်လိုက်လေသည်။

ထို့နောက်...

ရဲဝံ့စွာပင် အပေါက်ကလေးအနီးသို့ သွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်၏။

သူက အပေါက်ကလေးအား ချောင်းကြည့်နေစဉ် တုကုချင်းနှင့် ဖန်ထုံတို့က တိတ်တဆိတ် တိုက်ခိုက်လာနိုင်ပေတော့၏။

အမှန်တွင်...

ဝမ်းဖုံးမှာ သူ့အနေနှင့် ဤအချက်ကို သတိထားမိသည်။

သို့သော်...

သူက မသိဟန်ဆောင်ကာ နေခဲ့သည်။

အတွင်းဘက်တွင် အလင်းရောင်လုံလောက်စွာ ရရှိနေပါသည်။

ယင်းကြောင့်...

အခန်းတွင်းမှ အခြေအနေကို ကောင်းစွာ မြင်တွေ့လိုက်ရပေသည်။

အခန်းတွင်း၌ ခုတင်တစ်လုံး ရှိသည်။

ယင်းခုတင်ပေါ်တွင် လူတစ်ယောက်သည် ရှိနေပေ၏။

ထိုလူမှာ ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။

သူ၏အသားအရေမှာ ဖြူဖပ်ဖြူလျော် ရှိနေပြီး ခုတင်ပေါ်



တွင် လူပမာတစ်ယောက်ပမာ လဲလျောင်းနေသည်။

ဝမ်းဖုံးမှာ ထိုလူအား တွေ့လိုက်သည်နှင့် တပြိုင်နက် ခန္ဓာကိုယ်တချက် တုန်ခါသွားသည်။

သူ့အနေဖြင့် မည်သည့် အခြေအနေမျိုးတွင်မဆို စုမာထင်းအား တွေ့မြင်ရသည်နှင့် မှတ်မိနိုင်ပေသည်။

ယင်းကြောင့်...

လဲလျောင်းနေသော လူမှာ စုမာထင်းပင် ဖြစ်ပေတော့၏။

ဝမ်းဖုံး အံကြိတ်လိုက်၏။

တုကုချင်းဘက်သို့ လှည့်ကာ...

"ခင်ဗျားတို့ တောင်းတဲ့ အကူအညီကို ကျုပ် လက်ခံတယ်၊ သူ့ကို လက်ဖျားနဲ့တောင် မထိနဲ့၊ သူ တစ်ခုခုဖြစ်ရင် ခင်ဗျားတို့အားလုံးကို ကျုပ် သတ်ပစ်မယ်"

ပြောလိုက်၏။

တုကုချင်းက ပြုံးလိုက်၏။

"စိတ်ချပါဗျာ၊ ကျုပ် အခက်အခဲကို ကူညီမယ်ဆိုတော့ ကျေးဇူးတင်ပါတယ်ဗျာ"

ဝမ်းဖုံး လက်ကာပြလိုက်၏။

"မလိုပါဘူး၊ ကိစ္စပြီးရင် သူ့ကို လွှတ်ပေးလိုက်ပါ"

ပြောပြီး အခန်းတွင်းမှ လှည့်ထွက်သွားလေတော့သည်။

* * *

## လျှို့ဝှက်သူ

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ထို့အတူ သိမ်းငှက်အာမခံဌာနမှာလည်း အေးချမ်းလျက်ရှိပေသည်။

သိမ်းငှက်အာမခံဌာန...

သိမ်းငှက်အာမခံဌာနသည် လုယန်မြို့တွင် အကျော်ကြားဆုံး အာမခံဌာနတစ်ခု ဖြစ်သည်။



သိမ်းငှက်အာမခံဌာန၏ပိုင်ရှင်မှာ ကျင်းစန်းပင် ဖြစ်ပေ၏။

သိမ်းငှက်အာမခံဌာနတွင် ပို့ဆောင်ခိုင်းသော ပစ္စည်းများ ပျောက်ရှခြင်း တစ်ခါမျှ မရှိခဲ့ပါချေ။

ထို့ကြောင့် တစ်နေ့ထက်တစ်နေ့ သိမ်းငှက်အာမခံဌာနမှာ ကျော်ကြားလာလေသည်။

ယနေ့...

လူရွယ်တစ်ယောက်သည် သိမ်းငှက်အာမခံဌာနထဲသို့ ဝင်လာ၏။

ကောင်တာသို့ လျှောက်သွားကာ...

“ကျုပ်၊ ကျင်းစန်းကို တွေ့ချင်တယ်”

ခေါင်းငုံ့ကာ အလုပ်ရှုပ်နေသော လူကြီးတစ်ယောက်အား ပြောလိုက်၏။

ထိုစကားကြားလျှင် အလုပ်ရှုပ်နေသော လူကြီးမှာ ခေါင်းမော့ကြည့်လာ၏။

လူရွယ်အား တွေ့လျှင်...

“ဘာကိစ္စ ရှိလို့လဲ သူငယ်”

မေးလိုက်လေသည်။

လူရွယ်က...

“ကျုပ်၊ ကျင်းစန်းနဲ့ တွေ့ချင်တယ်”

လူရွယ်၏စကားကြောင့် ကောင်တာမှ လူကြီးက ပြောလိုက်၏။

“ဆရာကျင်းစန်းဟာ အနားယူနေပါတယ်၊ မင်း ပစ္စည်းအပ်မယ်ဆိုရင် ကျုပ်ဆီမှာ အပ်ထားခဲ့လို့ ဖြစ်ပါတယ်”

လူရွယ်က...

"မလိုချင်ဘူး၊ ကျုပ်က ကျင်းစန်းကိုပဲ တွေ့ချင်တာ၊ သူနဲ့ စကားပြောပြီး ပစ္စည်းအပ်မယ်"

ထိုစကားကြောင့် ကောင်တာမှ လူကြီး ခံပြင်းသွား၏။

လူရွယ်အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

သူသည် ကျင်းစန်း၏ကိုယ်ရံတော်တစ်ယောက် ဖြစ်သော လွှေမင်းပင် ဖြစ်သည်။

သိမ်းငှက်အာမခံဌာနတွင် ပိုင်ရှင်ကျင်းစန်းပြီးလျှင် လွှေမင်းသာ ဦးဆောင်ရသူ ဖြစ်သည်။

လွှေမင်းမှာ ခေသူတစ်ယောက် မဟုတ်ချေ။

စုတ်တံသိုင်းသမားဟု သိုင်းလောကတွင် နာမည်ရသူ ဖြစ်သည်။

လွှေမင်းသည် လူဆိုးဓားပြများနှင့် သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ရန် ဝန်မလေးတတ်သူ ဖြစ်၏။

သို့သော်...

အာမခံဌာနသို့ အလုပ်လာအပ်သူနှင့် အချီအချ ငြင်းခုံပြောဆိုရန်ကိုမူ အလွန်ဝန်လေးနေသည်။

ထို့ကြောင့်...

ရောက်လာသူ လူရွယ်အား အကဲခတ်ကြည့်ကာ ပြောလိုက်၏။

"ဒီမှာ သူငယ်၊ ကျုပ်တို့ဆီမှာ ပစ္စည်းအပ်ချင်တယ်ဆိုရင် ကျုပ်ဆီမှာ အပ်ထားခဲ့လို့ ဖြစ်ပါတယ်၊ သူငယ် ပို့ပေးစေချင်တဲ့ နေရာကိုသာ ပြောပါ၊ အဲဒီ နေရာကို ပစ္စည်းရောက်သွားမှ ကျုပ်တို့



အတွက် ပို့ဆောင်ခပေးရုံပါပဲ"

အမှန်တွင်...

သိမ်းငှက်အာမခံဌာနသို့ ရောက်ရှိလာသော လူရွယ်မှာ အခြားသူ မဟုတ်ချေ။

သံစူးလက်နက်ပုန်း သိုင်းသမား ဝမ်းဖုံးသာ ဖြစ်ပါသည်။

ဝမ်းဖုံး ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ကျုပ်၊ ကျင်းစန်းကိုပဲ တွေ့ချင်တယ်"

လွှေမင်း သက်ပြင်းချလိုက်သည်။

"ကျုပ်တို့ ဆရာ အနားယူသွားတာ ကြာပါပြီ၊ ဒါကြောင့် သူက အလုပ်ကိစ္စထဲ ဝင်ပါချင်မှာ မဟုတ်ပါဘူး"

ဝမ်းဖုံးက ဇွတ်အတင်း ပြောလိုက်သည်။

"ကျုပ်၊ သူနဲ့ တွေ့ရမှ ဖြစ်မယ်"

လွှေမင်း စိတ်မရှည်နိုင်တော့ပါချေ။

ယင်းကြောင့်...

ဝမ်းဖုံးအား သူက လေသံမာမာဖြင့် ပြောလိုက်လေ၏။

"သည်မှာ သူငယ်၊ ကျုပ်တို့ ဆရာကို တွေ့လို့ မဖြစ်ဘူး လို့ ပြောနေပြီပဲ၊ ဘာကြောင့် အတင်းတွေ့ချင်နေတာလဲ"

ဝမ်းဖုံးက လေသံပြတ်ဖြင့်...

"ပစ္စည်းတစ်ခု အပ်ချင်လို့ပါ"

ဟု ဖြေလိုက်၏။

လွှေမင်း သက်ပြင်းတချက် ချလိုက်သည်။

သူက စိတ်ကို အတတ်နိုင်ဆုံး လျှော့၍ ပြောလိုက်သည်။

"ပစ္စည်းအပ်ချင်တယ်ဆိုယင် ကျုပ်ဆီမှာ အပ်ခဲ့လို့ ရပါ

တယ်"

ဝမ်းဖုံးက လွှမင်းအား စိုက်ကြည့်ကာ...

"မဟုတ်သေးဘူး၊ ကျုပ်က ကျင်းစန်းဆီမှာ အပ်ချင်တယ်၊ သူကိုယ်တိုင် လက်ခံမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

လွှမင်း ခေါင်းယမ်းလိုက်သည်။

"သည်လိုဆိုယင်တော့ ဝမ်းနည်းပါတယ်၊ မင်းရဲ့ ပစ္စည်းကို ကျုပ်တို့ လက်ခံမှာ မဟုတ်ဘူး"

ထိုအခါ...

ဝမ်းဖုံး၏မျက်လုံးအစုံမှာ ရူးရှတောက်ပြောင်လာလေ၏။

သူက လွှမင်းအား ရူးရူးစိုက်စိုက် တချက်ကြည့်လိုက်၏။

လွှမင်းမှာ ဝမ်းဖုံး၏အကြည့်အား သတိပြုလိုက်မိ၏။

ထိုအခါ...

ဝမ်းဖုံး၏မျက်လုံးထဲမှ မီးတောက်မီးလျှံများပင် ထွက်လာသည်ဟု ခံစားလိုက်ရသည်။

လွှမင်းမှာ ရင်ထိတ်သွားသည်။

ထိုလူရွယ်မှာ အလွန်ထူးခြားသော လူရွယ်တစ်ယောက် ဖြစ်ရမည်ဟုလည်း ရိပ်မိလာသည်။

သို့သော်...

သိုင်းလောကမှ ဆယ်နှစ်တာမျှ ပျောက်ကွယ်သွားခဲ့သော သံစူးလက်နက်ပုန်း ဝမ်းဖုံး ဖြစ်လိမ့်မည်ဟု လုံးပမထင်မိခဲ့ချေ။

ယင်းကြောင့်...

မောက်မာစွာ သူက ပြောဆိုဆက်ဆံလိုက်လေတော့သည်။



ဝမ်းဖုံးနှင့် လွှမင်းတို့မှာ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြလေသည်။

အတန်ကြာမှ လွှမင်းက...

"ကဲ ကျုပ်တို့ အပေးအယူ မတည့်တဲ့အတွက် အလုပ်ဖြစ်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းလဲ ဒီမှာ အချိန်ဖြုန်းမနေပါနဲ့တော့၊ မင်းရဲ့ အလုပ်ကို ကျုပ် လက်ခံနိုင်မှာ မဟုတ်ဘူး"

ဝမ်းဖုံး စိတ်ပျက်သွားခြင်း မရှိပါချေ။

နေရာတွင် မလှုပ်မယှက် ရပ်နေ၏။

သူက လွှမင်းအား တည်ငြိမ်သော လေသံဖြင့်...

"ကျုပ်က ကျင်းစန်းနဲ့ မတွေ့ရရင် မသွားဘူး"

လွှမင်း ဒေါသထွက်သွား၏။

"ကျုပ် ဆရာနဲ့ မတွေ့ရဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

ပြောပြောဆိုဆို အသင့်စောင့်ကြပ်နေကြသူများအား ခေါ်လိုက်၏။

"ဟေ့ တစ်ယောက်လာပြီး သူ့ကို ဆွဲထုတ်ပစ်လိုက်စမ်း"

သူ၏စကားသံ ဆုံးသည်နှင့် အစောင့်တစ်ယောက်မှာ ဝမ်းဖုံးအနီးသို့ သွက်လက်စွာ လျှောက်လှမ်းလာ၏။

ထိုလူမှာ ခန္ဓာကိုယ် ထွားကျိုင်းသန်မာပြီး အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်ပုံရပေသည်။

ဝမ်းဖုံးအနီးသို့ ရောက်သည်နှင့် အော်ဟစ်ပြောဆိုလိုက်၏။

"ဟေ့ အသားမနာချင်ရင် ဒီက အမြန် ထွက်သွားစမ်း"

ပြောရင်း ဝမ်းဖုံးအား ဆွဲထုတ်ရန် လက်လှမ်းလိုက်၏။

သို့သော်...

ဝမ်းဖုံး၏ပခုံးအား ဆွဲကိုင်လိုက်မိသည်နှင့်...

"အား"

စူးရှသော အော်ဟစ်ရင်း နောက်သို့ ကပျာကယာ ဆုတ်သွား၏။

ထို့ပြင် ဝမ်းဖုံးအား ကြောက်ရွံ့ထိတ်လန့်သော မျက်လုံးအစုံဖြင့် ငေးကြည့်နေလေသည်။

အမှန်တွင်...

ဝမ်းဖုံးက ယာဘက်လက်ကို နောက်သို့ လွှဲလိုက်ပြီး လူသန်ကြီး၏ခါးဆစ်မှ ကျင်ကြောအား လက်ညှိုးဖြင့် ထောက်ချလိုက်ခြင်းပင် ဖြစ်၏။

သူ၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်းရသည် ဖြစ်ရာ မည်သူမျှမတွေ့လိုက်ကြရချေ။

လွှမင်းမှာ ဒေါပွသွားရ၏။

အစောင့်များဘက်သို့ လှည့်ကာ...

"အားလုံး ဝိုင်းထားလိုက်ကြစမ်း"

အမိန့်ပေးလိုက်လေသည်။

သူ၏အမိန့်သံအဆုံးတွင် အစောင့်အကြပ်များမှာ ဝမ်းဖုံးအား ဝိုင်းရံထားလိုက်ကြသည်။

သို့သော်...

ဝမ်းဖုံးမှာ တုတ်တုတ်မျှ မလှုပ်သေးပါချေ။

လွှမင်းမှာ သူ၏ခါးကြားထဲမှ စုတ်တံကို ထုတ်ကာ...

"သိမ်းငှက်အာမခံဌာနကို စော်ကားရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး"



ပြောရင်း တိုက်ခိုက်ရန် ချဉ်းကပ်သွား၏။

အခြေအနေမှာ အလွန်တင်းမာနေပေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခု အချိန်အခါမရွေး ဖြစ်ပေါ်လာနိုင်ပေသည်။

ထိုအခိုက်...

"ရပ်လိုက်ကြစမ်း"

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

တဆက်တည်းမှာပင် အာမခံဌာနအတွင်းဘက်မှ လူတစ်စု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

အဘိုးအိုတစ်ယောက်၊ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ထွက်လာကြခြင်း ဖြစ်ပေသည်။

အဘိုးအို၏အဝတ်အစား အဆောင်အယောင်များကို ကြည့်ခြင်းဖြင့် သိမ်းငှက်အာမခံဌာနခေါင်းဆောင်ဖြစ်ကြောင်း သိသာနိုင်ပေသည်။

မှန်ပေသည်။

ထိုအဘိုးအိုမှာ ကျင်းစန်းပင် ဖြစ်၏။

သူ၏ညာဘက်မှ ယောကျ်ားပျိုမှာ သူ၏သားဖြစ်သူ ကျင်းရှောင် ဖြစ်ပြီး ဘယ်ဘက်မှ မိန်းမပျိုမှာ သမီးဖြစ်သူ ကျင်းကျင်းဖြစ်သည်။

ကျင်းစန်းအား တွေ့လိုက်သည်နှင့် လွှမင်းနှင့် အစောင့်အကြပ်များက ဦးညွတ်အရိုအသေ ပြုလိုက်ကြ၏။

ကျင်းစန်းက လွှမင်းရှေ့သို့ လျှောက်သွား၏။

ထို့နောက် လွှမင်းအား မျက်နှာထားတင်းတင်းဖြင့် မေး

လိုက်သည်။

"တို့ အာမခံဌာနမှာ အလုပ်လာအပ်တဲ့လူကို မင်း ဘာကြောင့် မချေမငံ ဆက်ဆံရတာလဲ"

လွှမင်းက မကျေမနပ် ဖြင့် ပြောလိုက်၏။

"သူက.."

သူ၏စကားမဆုံးမီ ကျင်းစန်းက လက်ကာပြပြီး ပြောလိုက်၏။

"တော်တော့၊ အထဲကနေ ကျုပ် အကုန်ကြားပြီးပြီ၊ သူဟာ အကြောင်းရှိလို့သာ ကျုပ်ကို တောင်းဆိုတာနေမှာပေါ့၊ မင်း လုပ်ရမှာက ကျုပ်ကို လာခေါ်ဖို့ပဲ"

လွှမင်း ခေါင်းငုံ့ရင်း အသာအယာ နောက်ဆုတ်နေလိုက်၏။

ထိုအခါမှ ကျင်းစန်းက ဝမ်းဖုံးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ကဲ သူငယ်၊ မင်း ကျုပ်ကို တွေ့ချင်နေတယ် မဟုတ်လား၊ အခု မင်းရှေ့မှာ ကျုပ် ရောက်နေပြီလေ၊ ပြောစရာရှိတဲ့ စကားကို ပြောနိုင်ပါတယ်"

ဝမ်းဖုံးအား ပြောလိုက်၏။

ဝမ်းဖုံးက အခန်းတွင်းရှိ လူများအား တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ ကျင်းစန်းအား မေးလိုက်၏။

"ဘယ်လိုစကားမျိုးမဆို ဒီလိုနေရာမှာ ပြောလို့ ဖြစ်သလား"

ကျင်းစန်းက ခေါင်းညိတ်ပြလိုက်သည်။



"ဖြစ်ပါတယ်၊ ကျုပ်မှာ လျှို့ဝှက်တဲ့ ကိစ္စဆိုတာ လုံးဝမရှိပါဘူး၊ ဖြစ်ပျက်သမျှ ကိစ္စတွေကို အားလုံး နားထောင်ပြီး ဘယ်လိုလုပ်သင့်တယ်ဆိုတာ ဘယ်လို ဖြေရှင်းသင့်တယ်ဆိုတာ စုပေါင်းပြီး တိုင်ပင်ဆွေးနွေးကြပါတယ်"

ဝမ်းဖုံး သက်ပြင်းချလိုက်၏။

သူ့အနေဖြင့် ကျင်းစန်းနှင့် နှစ်ယောက်ထဲ တွေ့ဆုံပြီး တိုင်ပင်ဆွေးနွေးရန် မဖြစ်နိုင်ကြောင်း သဘောပေါက်လာသည်။

ထို့ကြောင့်...

ရှင်းရှင်းပင် ဖွင့်ပြောရန် ဆုံးဖြတ်လိုက်၏။

"ပစ္စည်းတစ်ခု ပို့ဆောင်စရာရှိလို့ ခင်ဗျားတို့အဖွဲ့ကို ငှားရမ်းချင်တယ်"

ကျင်းစန်းက လွှမင်းအား လှည့်ကြည့်ကာ...

"တို့အဖွဲ့ အလုပ်လက်ခံထားတာ ရှိသလား"

မေးလိုက်လေသည်။

လွှမင်းမှာ ကျင်းစန်းအား ကြည့်ကာ ပြောလိုက်၏။

"ရှိပါတယ်၊ ဒါပေမယ့် အသေးအမွှား ပစ္စည်းကလေးတွေကို ပို့ဆောင်ပေးဖို့ပါပဲ"

ကျင်းစန်းက အနည်းငယ် စဉ်းစားကာ...

"ငယ်သားတွေနဲ့ လွှဲပေးထားလို့ ဖြစ်တဲ့ကိစ္စဆိုပါတော့"

လွှမင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ထိုအခါ ကျင်းစန်းက ဝမ်းဖုံးဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ကဲ မင်း ကြားတဲ့အတိုင်းပဲ၊ ပို့ဆောင်ပေးရမယ့်ပစ္စည်း များများစားစားဆိုရင်တော့ ကျုပ်တို့က ဦးစားပေး လက်ခံပါ့မယ်"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ငွေသေတ္တာအပြည့်ပါတဲ့ မြင်းလှည်းခုနစ်စီးကို လိုက်ပို့ပေးရမယ်"

"ဟာ"

"ဟင်"

ထိုစကား ကြားလိုက်ရသောအခါ ကျင်းစန်းသာမက အခန်းတွင်းရှိ လူအားလုံးလိုလိုပင် အံ့အားသင့်သွားကြရသည်။

သိမ်းငှက်အာမခံဌာန၏ သက်တမ်းတစ်လျှောက်တွင် ဤကဲ့သို့ များပြားသော အဖိုးတန်ပစ္စည်းများအား တစ်ခါနှစ်ခါမျှသာ လက်ခံရဖူး၏။

ယခင်အခါများက နယ်စားကြီးများ၊ သူဌေးကြီးများ၏ စေခိုင်းချက်အရ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

ယခုမူ အမည်မသိသော အညတရ လူငယ်တစ်ယောက်က လာရောက်အပ်နှံနေခြင်း ဖြစ်၏။

ထို့ကြောင့် ဤကိစ္စကို ပေါ့ပေါ့တန်တန် သဘောထား၍ မရမှန်း နားလည်လိုက်၏။

ဝမ်းဖုံးအား ဖိတ်ခေါ်လိုက်၏။

"အင်း မင်းရဲ့ ကိစ္စဟာ တော်တော် အရေးကြီးတယ်ဆိုတာ ကျုပ် ရိပ်မိပါပြီ၊ ဒါကြောင့် အေးအေးဆေးဆေး ဆွေးနွေးရအောင် အတွင်းခန်းကို လိုက်ခဲ့ပါလား"

ထိုစကားကြောင့် ဝမ်းဖုံး ပြုံးလိုက်၏။



တက်ကြွသော လေသံဖြင့် ပြောလိုက်သည်။

"ကောင်းပြီ သွားကြတာပေါ့"

ကျင်းစန်းမှာ ဝမ်းဖုံးအား ခေါ်ဆောင်သွားလေသည်။

အတွင်းခန်းသို့ ကျင်းစန်း၏အမိန့်မရဘဲ မည်သူမျှ မဝင်ရချေ။

ထို့ကြောင့်...

လွှမင်းနှင့် အစောင့်အကြပ်များမှာ မလှုပ်မယှက်ရပ်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

* * *

အတွင်းခန်း...

အတွင်းခန်းမှာ အလွန်အရေးကြီးသော ပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံသော ကျင်းစန်း၏လျှို့ဝှက်အခန်းတစ်ခု ဖြစ်သည်။

အခန်းတံခါး ပိတ်ထားလျှင် အတွင်းဘက်ရှိ အော်ကြီးဟစ်ကျယ် အသံများပင် အပြင်မှ ကြားရလိမ့်မည် မဟုတ်ချေ။

ယခုတွင် အတွင်းခန်းသို့ ကျင်းစန်းနှင့် ဝမ်းဖုံးတို့ ရောက်ရှိနေကြပြီ ဖြစ်၏။

အတွင်းခန်းသို့ ရောက်သည်နှင့် ကျင်းစန်းက ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးကာ ပြောလိုက်၏။

"ကဲ ထိုင်ပါ မောင်ရင်"

ဝမ်းဖုံးသည် ကျင်းစန်း ညွှန်ပြသော ကုလားထိုင်တွင် ထိုင်ချလိုက်၏။



ကျင်းစန်းကလည်း လွတ်နေသော ကုလားထိုင်တစ်လုံးတွင် နေရာတကျ ထိုင်လိုက်သည်။

ပြီးမှ ဝမ်းဖုံးကို ကြည့်ကာ စကားစလိုက်၏။

"မင်းရဲ့ အလုပ်ဟာ တော်တော် စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဒါကြောင့် ကျုပ်တို့အတွက် ရမယ့်အခကြေးငွေနဲ့ လိုက်ပို့ရမယ်၊ ခရီးစဉ်ကို ပြောပြပါ"

ဝမ်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့်...

"ခင်ဗျားတို့ အဖွဲ့ဟာ လူအင်အားငါးဆယ်ထက်မနည်း အသုံးပြုပြီး လိုက်ရမယ်၊ စောင့်ရှောက်ခအဖြစ် ကျုပ်က ငွေသားလေးသိန်းပေးမယ်"

ထိုစကားကြောင့် ကျင်းစန်း၏မျက်လုံးအစုံမှာ ရုတ်တရက် ဝင်းလက်တောက်ပြောင်လာသည်။

သို့သော် ချက်ချင်းပင် ပြန်လည် မှေးမှိန်သွား၏။

အာမခံပစ္စည်းများအား ကာကွယ်စောင့်ရှောက်ပေးရမည့် အခကြေးငွေမှာ အလွန်များပြားလှသည်။

ထို့ကြောင့်...

ကြုံတွေ့ရမည့် အန္တရာယ်မှာလည်း မသေးလှကြောင်း နားလည်သဘောပေါက်လိုက်၏။

ဝမ်းဖုံးအား မေးလိုက်၏။

"နေစမ်းပါဦး၊ မင်းရဲ့ ပစ္စည်းတွေကို ဘယ်နေရာအထိ လိုက်ပို့ပေးရမှာလဲ"

ဝမ်းဖုံးက တည်ကြည်သော လေသံဖြင့်...

"ကျုပ်ကိုယ်တိုင် ဒီခရီးကို လိုက်မှာ၊ ကျုပ်တို့ သွားမယ့်

လမ်းကြောင်းကို လူသိများသွားရင် မလိုလားအပ်တဲ့ အန္တရာယ်တွေ ဖြစ်လာနိုင်တယ်၊ ဒါကြောင့် ခရီးစဉ်ကို လျှို့ဝှက်ထားရလိမ့်မယ်"

ကျင်းစန်းမှာ အံ့သြသွားမိ၏။

"မင်း အနေနဲ့ ခရီးစဉ်ကို လျှို့ဝှက်ထားမယ်ဆိုပါတော့"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းစန်း မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

"ကျုပ်တို့ကိုလည်း အသိမပေးဘူးပေါ့"

ဝမ်းဖုံး ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်တယ်"

ကျင်းစန်း၏စိတ်ထဲတွင် အလိုမကျ ဖြစ်သွား၏။

မနှစ်မြို့သော လေသံဖြင့် ပြောလိုက်သည်။

"ဒါဖြင့် ကျုပ်တို့က ဘယ်လိုလုပ်ပြီ လိုက်ပို့ရမှာလဲ"

ဝမ်းဖုံးက သဘောကျစွာ ပြုံးလိုက်၏။

"ကျုပ် ပြောပြီးပြီ မဟုတ်လား၊ ဒီခရီးစဉ်ကို ကျုပ်ကိုယ်တိုင် လိုက်မယ်လို့"

ထိုအခါ...

ကျင်းစန်းက ခေါင်းကိုယမ်းကာ...

"ဒီလိုဆိုယင် ကျုပ်တို့ အလုပ်မဖြစ်ဘူး ထင်တယ်"

ဝမ်းဖုံး အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ"

ကျင်းစန်းက သက်ပြင်းချကာ...

"အာမခံဌာနရဲ့ လုပ်ငန်းဟာ ပို့ပေးမယ့် နေရာကို သိထား



ဖို့က အရေးကြီးဆုံးဖြစ်တယ်၊ ဒါမှ အန္တရာယ်အကင်းဆုံးလမ်းကို ရွေးပြီး ပို့ပေးနိုင်မယ် မဟုတ်လား"

ဝမ်းဖုံးက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ဟာ ခင်ဗျားဆီမှာ ပစ္စည်းအပ်တဲ့လူဆိုတာကို မမေ့ပါနဲ့ဦး၊ ပစ္စည်းတွေ ဆုံးရှုံးသွားမှာကို ခင်ဗျားထက် စိုးရိမ်တယ်၊ ဒါကြောင့် အခုလို စီစဉ်ရတာပါ"

ထိုစကားကြောင့် ကျင်းစန်း တွေဝေသွားသည်။

ထိုလူ၏စကားမှာ သွေးထွက်အောင် မှန်ကန်နေသည် မဟုတ်ပါလား။

ကျင်းစန်းက...

"ကျုပ်တို့ဟာ အချိန်ကိုက်ပြီး အလုပ်လုပ်ရတယ်၊ ဒါကြောင့် ကျုပ်တို့အဖွဲ့ကို အသုံးပြုတဲ့အခါ အချိန်ဘယ်လောက် ကြာကြာလိုမယ် ထင်သလဲ၊ ခန့်မှန်းခြေ လိုအပ်တဲ့ အချိန်ကို ပြောနိုင်မယ် မဟုတ်လား"

ဝမ်းဖုံး ခေါင်းညိတ်ကာ...

"သုံးလလောက်တော့ ကြာလိမ့်မယ် ထင်တယ်"

ကျင်းစန်းက...

"သုံးလအတွင်း မင်း သွားလိုတဲ့ နေရာကို ရောက်လိမ့်မယ် ဟုတ်လား"

"ဟုတ်တယ်"

ကျင်းစန်း အနည်းငယ် စဉ်းစားလိုက်၏။

အတန်ကြာမှ...

"ကောင်းပြီလေ၊ မင်းရဲ့ အလုပ်ကို ကျုပ် လက်ခံတယ်၊

ဘယ်အချိန်မှာ ခရီးစထွက်ချင်သလဲ"

ဝမ်းဖုံးက ချက်ချင်းပင် အဖြေပေးလိုက်သည်။

"မနက်ဖြန်"

"မနက်ဖြန် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့အဖို့ လိုရာခရီးကို မြန်မြန်သွားတာ အကောင်းဆုံးပဲ မဟုတ်လား"

ပြောရင်း အိတ်ထဲမှ ငွေလွှဲလက်မှတ်တစ်ထပ်ကို နှိုက်ယူလိုက်သည်။

ထို့နောက်...

ကျင်းစန်းရှေ့သို့ ချပေးလိုက်၏။

"ဟောဒီမှာ တစ်သောင်းတန် ငွေလွှဲလက်မှတ် အရွက်လေးဆယ် ကြိုက်တဲ့ငွေတိုက်မှာ သွားထုတ်နိုင်တယ်"

ပြောပြီး အခန်းထဲမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ကျင်းစန်းက ဟန့်တားလိုက်သည်။

"ခဏနေပါဦး"

ဝမ်းဖုံးက ခြေလှမ်းရပ်တန့်လိုက်၏။

ကျင်းစန်းက မေးလိုက်သည်။

"မင်းနာမည် ဘယ်သူလဲဆိုတာ ပြောခဲ့ပါဦး"

"ဝမ်းဖုံး"

ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေ၏။

ဝမ်းဖုံးဟူသော အမည်ကို ကြားလိုက်ရသည်နှင့် ကျင်းစန်း၏ခန္ဓာကိုယ်မှာ တောင့်တင်းသွားရလေတော့သည်။

* * *



## အန္တရာယ်ခရီး

နေဝန်းနီမှာ ကောင်းကင်အလယ်ဗဟိုကည့်တည့်တွင် ရောက်ရှိနေပြီ ဖြစ်၏။

တစ်ချက်တစ်ချက် ဖုံ့ယမ်းတိုက်ခတ်သော လေပြည်တွင် ပူလောင်မှုအပြည့် ရှိနေသည်။

သို့သော်...

ထိုပူလောင်မှုအား အံတုကာ မြင်းလှည်းတန်းတစ်ခုမှာ ခရီးပြင်းနှင်လာကြ၏။

မြင်းလှည်းများကို ရှေ့ဆင့်နောက်ဆင့် စီတန်း၍ မောင်းနှင်လာကြခြင်း ဖြစ်၏။

မြင်းလှည်းများ၏နံဘေးတွင် မြင်းသည်တော်များက ခြံရံစောင့်ရှောက်လျက် လိုက်ပါလာ၏။

ရှေ့ဆုံးမှ မြင်းလှည်းပေါ်တွင် အလံတစ်ခု စိုက်ထူထား၏။

ဇွေ့ယမ်းတိုက်ခတ်လာသော လေပြည်တွင် အလံမှာ တလူလူ လွင့်လျက် ရှိသည်။

ယင်းအလံပေါ်တွင် ရွှေချည်ဖြင့် ထိုးထားသော သိမ်းငှက်တစ်ကောင်ပုံ ပါရှိ၏။

ယင်းအလံအား ကြည့်ခြင်းအားဖြင့် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိမ်းငှက်အာမခံဌာန၏ အထိမ်းအမှတ်ဖြစ်ကြောင်း သိသာနိုင်ပေ၏။

သိုင်းလောက၌ အဖြူရောင်သိုင်းသမားများသာမက အနက်ရောင်သိုင်းသမားများကပါ သိမ်းငှက်အာမခံဌာနပိုင်ရှင် ကျင်းစန်းအကြောင်းကို ကောင်းကောင်း သိကြသည်။

ကျင်းစန်း၏ဓားသိုင်းနှင့် လက်နက်ပုန်းပညာတို့ကို ကြောက်ရွံ့ကြခြင်း ဖြစ်သည်။

မြင်းလှည်းတန်း၏ရှေ့ဆုံးတွင် လွှေမင်းက ဦးဆောင်နေ၏။

ရှေ့ဆုံးမြင်းလှည်းပေါ်တွင် ကျင်းစန်းနှင့်အတူ သားဖြစ်သူ ကျင်းရှောင်၊ သမီးဖြစ်သူ ကျင်းကျင်းတို့က ဦးဆောင်နေကြ၏။

ကျင်းစန်း၏သားသမီးနှစ်ယောက်သည် ကျင်းစန်းနှင့်အတူ အရေးကြီးသော တာဝန်ကို ပူးတွဲထမ်းဆောင်နေကြခြင်း ဖြစ်သည်။

* * *



နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားပြီ ဖြစ်သည်။

နေမွန်းလွဲသွားပြီ ဖြစ်သော်လည်း ဝမ်းဖုံးတို့မှာ သဲဝါလွင်ပြင်အတွင်း၌ပင် ရှိနေကြသေးသည်။

ထို့ကြောင့်...

ညအိပ်ရပ်နားရန် အခက်အခဲ တွေ့လိမ့်မည်ဟု ကျင်းစန်း ရိပ်မိလိုက်၏။

ထို့ကြောင့်...

သားဖြစ်သူ ကျင်းရှောင်အား ကြည့်ကာ...

"တို့တွေ ညဘက်ခရီး ဆက်မလားဆိုတာ သွားမေးလိုက်ပါဦး"

ကျင်းရှောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

စကားဆုံးသည်နှင့် မြင်းဇက်ကြိုးကို ဆွဲယင်း နောက်ပြန်လှည့်ကာ မောင်းနှင်သွားသည်။

မကြာမီ...

ဝမ်းဖုံး ရှိရာ မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားမိ၏။

ထိုအခါ...

နံဘေးမှ ယှဉ်တွဲ မောင်းနှင်ကာ လှမ်းပြောလိုက်၏။

"ကျုပ်တို့ ညဘက် ခရီးဆက်ကြမလား"

ဝမ်းဖုံး ခေါင်းခါယမ်းလိုက်၏။

"ညဘက် နားမယ်၊ ဒါပေမယ့် မိုးမလင်းခင် ခရီးဆက်ကြမယ်"

ကျင်းရောင်က...

"ဘယ်နေရာမှာ နားမှာလဲ"

ဝမ်းဖုံးက အေးတိအေးစက် လေသံဖြင့်...

"မိုးချုပ်သွားတာနဲ့ ရောက်တဲ့နေရာမှာ ရပ်ပြီး နားကြတာပေါ့"

ဟု ပြောလိုက်၏။

ကျင်းရောင်မှာ သူ၏အဖြေကို သဘောမကျချေ။

သို့သော်...

မည်သည့် စကားမျှ ပြန်မပြောတော့ချေ။

မြင်းကိုသာ ရှေ့သို့ ပြန်လည် မောင်းနှင်သွားတော့သည်။

မြင်းလှည်းတန်းတွင် ဝမ်းဖုံး၏မြင်းလှည်း ခုနစ်စီးအပြင် မြင်းလှည်းသုံးစီး အပိုပါလာ၏။

ယင်းမြင်းလှည်းများပေါ်၌ စားနပ်ရိက္ခာနှင့် သောက်ရေ



များ တင်ဆောင်လာသည်။

ထို့အပြင်...

စခန်းချ ရပ်နားရန် ရွက်ဖျင်တဲများ ပါလာ၏။

ထို့ကြောင့်...

မည်သည့်နေရာသို့ ရောက်စေကာမူ စခန်းချ အနားယူနိုင်ပေသည်။

ဤသည်မှာလည်း ခရီးဝေးသွားလေ့ရှိသော အာမခံဌာန၏ လုပ်ရိုးလုပ်စဉ် တာဝန်တစ်ခုပင် ဖြစ်၏။

မကြာမီ...

နေဝန်းနီမှာ အနောက်ဘက်သို့ ရွေ့လျားသွားသည်။

အလင်းရောင်မှာလည်း တဖြည်းဖြည်း အားပျော့လာ၏။

နေလုံးမပျောက်မီ ရသလောက် အတိုင်းအတာအထိ ခရီးဆက်ပြီးမှ မြင်းလှည်းတန်းများအား ရပ်နားရန် ဝမ်းဖုံးက အချက်ပြလိုက်သည်။

ထိုအခါ....

မြင်းလှည်းများမှာ ပစောက်ပုံသဏ္ဍာန် ရပ်နားကာခြင်းလှည်းများနံဘေးတွင် ရွက်ဖျင်တဲများကို ထိုးကာ အနားယူရန် စီစဉ်လိုက်ကြသည်။

နေလုံးကွယ်ပျောက်သွားသောအခါ မြင်းလှည်းတန်းမှာ ရပ်တန့်သွားပြီး ရွက်ဖျင်တဲများဖြင့် တစ်ညတာ အနားယူရန် အဆင်သင့် ဖြစ်သွားလေတော့သည်။

* * *

မီးပုံမှာ မီးအားကောင်းစွာဖြင့် တဟုန်းဟုန်း တောက်လောင်နေ၏။

နေ့ဘက်တွင် အလွန်ပူပြင်းခဲ့သော သဲဝါလွင်ပြင်မှာ ညအချိန်တွင် သိသိသာသာ အေးမြလာ၏။

ကောင်းကင်ပေါ်တွင် တိမ်ညိုတိမ်မည်းများ ကင်းစင်နေ၏။

ထို့ကြောင့်...

လဝန်းနှင့် ကြယ်ကလေးများအား တွေ့မြင်နိုင်၏။

ကောင်းကင်ရှိ ကြယ်များကို ကြည့်ခြင်းဖြင့် မြောက်ဘက်သို့ ဦးတည်ခရီးသွားနေကြကြောင်း ကျင်းစန်းက ရိပ်စားမိခဲ့၏။

လရောင်အောက်တွင် မြင်းလှည်းတန်းနှင့် ရွက်ဖျင်တဲများအား တွေ့မြင်ရမည် ဖြစ်သည်။



မြင်းလှည်းတန်းအနီးတွင် မီးပုံသုံးလေးပုံ ရှိပြီး သိမ်းငှက်အာမခံဌာနမှ လူများ ဝိုင်းဖွဲ့ထိုင်နေကြသည်။

အချို့က ကင်းစောင့်ရန် တာဝန်ချကြသည်။

အချို့ကမူ အစားအစာများ စားသောက်နေကြ၏။

များသောအားဖြင့် ယခုသွားမည့် ခရီးစဉ်ကို စိတ်ဝင်စားစွာ ပြောဆိုနေကြခြင်း ဖြစ်၏။

မှန်ပေသည်။

ယခု ခရီးမှာ အလွန်များပြားသော ငွေကြေးပမာဏအား လိုက်လံပို့ဆောင်ခကြရခြင်း ဖြစ်၏။

ထို့ကြောင့်...

အလွန် များပြားသော အန္တရာယ်များနှင့် ကြုံတွေ့နိုင်ပေသည်။

ဤသည်ကိုလည်း လူတိုင်း နားလည်ထားကြပေသည်။

ကျင်းစန်း၊ ကျင်းကျင်း၊ ကျင်းရှောင်နှင့် လွေမင်းတို့မှာ မီးပုံတစ်ခုအား ဝိုင်းဖွဲ့ကာ ထိုင်နေကြသည်။

သူတို့အားလုံး စားသောက် ပြီးစီးသွားကြပြီ ဖြစ်လေသည်။

ကျင်းရှောင်က ဖခင်ကြီးအား ကြည့်ကာ ပြောလိုက်၏။

ကျင်းရှောင်နှင့် ကျင်းကျင်းတို့မှာ ငယ်ရွယ်သူများပီပီ ယခုသွားရမည့် ခရီးစဉ်ကို အလွန်စိတ်ဝင်စားနေကြလေသည်။

ထို့ကြောင့်...

ဖခင်ဖြစ်သူအား ထုတ်ဖော်မေးမြန်းကြတော့၏။

ကျန်းရှောင်က ဖခင်ကြီးအား ကြည့်ကာ...

"ဖေဖေ၊ ကျွန်တော် မရှင်းတဲ့ အချက်တစ်ခု ရှိနေတယ်"

ကျင်းစန်း မျက်မှောင်ကုပ်သွား၏။

"သား ဘာသိချင်သလဲ"

ကျင်းရှောင်က...

"ကျွန်တော်တို့ အခု မြောက်အရပ်ကို ခရီးနှင်ကြတာ မ ဟုတ်လား"

ကျင်းစန်း ပြုံးလိုက်၏။

"ဟုတ်တယ်ကွ"

ကျင်းရှောင်က တွေးတွေးဆဆဖြင့်...

"သည်အတိုင်းသာ မြောက်ဘက်တည့်တည့် ခရီးနှင်သွားယင် မြောင်နယ်စပ်ကို ရောက်သွားလိမ့်မယ် ထင်တယ်"

ကျင်းရှောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"မြင်းလှည်းထဲမှာ ငွေတုံးလေးတွေ ပါလာတယ်၊ နောက် ပြီး မြောင်နယ်စပ်ကို သွားမယ်ဆိုတော့ လမ်းခရီးမှာ အန္တရာယ်တွေ နဲ့ ရင်ဆိုင်ရမယ် ထင်တယ်"

ကျင်းစန်း၏မျက်နှာ တည်ကြည်လေးနက်သွား၏။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ...

"မြောက်ဘက်ချည်း ခရီးဆက်မယ်လို့ မပြောနိုင်ဘူး အ ခြေအနေ စောင့်ကြည့်ရဦးမယ်"

ကျင်းကျင်းက ကြားဝင် ပြောလာ၏။

"ကျွန်မတော့ သည်ခရီးကို သိပ်သဘောမကျဘူး၊ လျို့ဝှက် မှုတစ်ခုခုတော့ ရှိလိမ့်မယ် ထင်တယ်"

ထိုစဉ် လွှမင်းက လေသံတိုးတိုးဖြင့်...



"ရှူးတိုးတိုး လူလာနေတယ်"

သူ၏စကားကြောင့် အားလုံး ပါးစပ်ပိတ်သွားကြ၏။

မကြာမီ...

ခြေသံနှင့်အတူ လူတစ်ယောက် ရောက်လာလေသည်။

ထိုလူမှာ ဝမ်းဖုံးပင် ဖြစ်သည်။

ဝမ်းဖုံးအား တွေ့သည်နှင့် ကျင်းစန်းက မျက်ရိပ်တစ်ချက် ပြလိုက်၏။

ထိုအခါ...

ကျင်းကျင်း၊ ကျင်းရှောင်နှင့် လွှမင်းတို့မှာ အလိုက်သိစွာ ဖြင့် နေရာမှ ထသွားကြသည်။

အတန်ကြာမှ ကျင်းစန်းက ဝမ်းဖုံးအား အကဲခတ်ကြည့်ကာ

"မင်း အိပ်မပျော်ဘူး ထင်တယ်"

ဝမ်းဖုံး ဘာမှ မပြောဘဲ ဝင်ထိုင်လိုက်၏။

ထို့နောက်...

ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်ပြီး လေသံတိုး တိုးဖြင့်...

"ကျုပ်တို့ မနက် အရှေ့တည့်တည့်ကို ခရီးဆက်ကြမယ်"

ထိုစကားကြောင့် ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား သည်။

မြောက်ဘက်သို့သာ ခရီးဆက်မည်ဟု သူက တွေးထင် ထားသည် မဟုတ်ပါလား။

ဝမ်းဖုံးက ဆက်ပြောလိုက်၏။

"အရှေ့ဘက်တည့်တည့် ငါးမိုင်လောက် သွားပြီးယင် မြို့

တစ်မြို့ကို ရောက်လိမ့်မယ်၊ အဲသည်မှာ နားမယ်"

တန်ဖိုးကြီး ပစ္စည်းများ သယ်ဆောင်လာလျှင် မြို့ရွာများကို ကွင်းရှောင်သည်က အန္တရာယ်ကင်းနိုင်၏။

ထို့ကြောင့်...

ကျင်းစန်းက အံ့သြစွာဖြင့် ပြန်မေးလိုက်၏။

"ကျုပ်တို့ မြို့ထဲမှာ ရပ်နားရမယ် ဟုတ်လား"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဒါဆို အန္တရာယ်များမှာပေါ့"

"ဒါကို ကျုပ် နားမလည်ဘူး၊ အဲသည်မြို့မှာ ဝင်နားမှ ကျုပ်ကို လာပြီး ဆက်သွယ်တဲ့လူနဲ့ တွေ့ရမှာ"

ထိုစကားကြောင့် ကျင်းစန်း မျက်လုံးပြူးသွားလေသည်။

သူက ဝမ်းဖုံးအား မနှစ်မြို့နိုင်သောလေသံဖြင့် မေးလိုက်လေသည်။

"ဘာ မင်းနဲ့ ဆက်သွယ်မယ့်လူ ရောက်လာဦးမယ် ဟုတ်လား"

ဝမ်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ကျင်းစန်း ဘဝင်မကျတော့ချေ။

ဝမ်းဖုံးအပေါ် သံသယစိတ်များ ဝင်ရောက်လာလေတော့သည်။

ထို့ကြောင့်...

သူက လေသံမာမာဖြင့်...



"မင်းရဲ့ သဘောက ဘယ်လိုလဲ၊ ကျုပ်တို့အပေါ် သိပ်လျှို့ဝှက်လွန်းနေပြီ ထင်တယ်"

ဟု မေးလိုက်၏။

ဝမ်းဖုံးက...

"ကဲ ကျုပ် သွားမယ်၊ မနက်မိုးလင်းတာနဲ့ အရှေ့ဘက်တည့်တည့်ကို ဦးတည်သွားပါ"

သူက လိုရင်းကိုသာ ပြောလိုက်၏။

စကားဆုံးသည်နှင့် ကျင်းစန်းအား ကျောခိုင်းကာ ထွက်ခွာသွားလေသည်။ အမှန်တွင်...

ဝမ်းဖုံးမှာ လမ်းခရီးတွင် မည်သို့မည်ပုံ သွားရမည်ကို သူ့အား လာမေးမည်စိုးသောကြောင့် ကြိုတင်လာပြောထားခြင်း ဖြစ်၏။

ကျင်းစန်း သက်ပြင်းချလိုက်၏။

ဝမ်းဖုံးသည် အနားယူရန် မြို့ကလေးသို့ မရောက်မီ သူ့အား စကားတစ်ခွန်းတစ်လေမျှပင် ပြောတော့မည် မဟုတ်ဟု ရိပ်မိလိုက်၏။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။ ထိုစဉ်...

လေတစ်ချက် ဝှေယမ်းတိုက်ခတ်လာ၏။

သဲဝါလွင်ပြင်တစ်ခုလုံး အေးစိမ့်မှုက လွှမ်းခြုံနေသည်။

အရိုးကွဲမတတ် အေးစိမ့်မှုက လွှမ်းခြုံနေသော်လည်း ကျင်းစန်း၏ရင်ထဲ၌ ပူလောင်နေသည်ဟု ခံစားနေရပေသည်။

ဝမ်းဖုံးသည် မည်သို့သော လူစားမျိုးနည်း။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

ဝမ်းဖုံးတို့သည် သဲဝါလွင်ပြင်ထဲတွင် ရောက်ရှိနေကြခြင်းကြောင့် ထွက်ပေါ်လာသည့် နေလုံးကို အတင်းသား မြင်တွေ့ကြရလေသည်။

သူတို့သည် နေထွက်ရာ အရှေ့ဘက်သို့ ရောင်နီထွက်ပေါ်လာသည်နှင့် သိမ်းငှက်အာမခံဌာန အဖွဲ့သားများ၏ မြင်းလှည်းတန်းများ စတင်၍ ခရီးဆက်ခဲ့ကြ၏။

ကျင်းရှောင်နှင့် ကျင်းကျင်းမှာ အရှေ့ဘက်သို့ ဦးတည်သွားနေသည်ကို တွေ့လိုက်သည်နှင့် အံ့အားသင့်သွားကြသည်။

အကြောင်းကား...

သူတို့မောင်နှမနစ်ယောက်သည် ညက ဝမ်းဖုံး လာပြောသော ခရီးကို မသိလိုက်ကြသောကြောင့် ဖြစ်သည်။



ကျင်းစန်း၏သား ကျင်းရှောင်သည် အရှေ့ဘက်သို့ ဦးတည်သွားနေသော ခရီးလမ်းကြောင်းအတိုင်း လိုက်ပါရန် အခြေအနေကို စောင့်ကြည့်နေ၏။

အတန်ကြာမှ ခရီးလမ်းကြောင်းကို ဦးတည်ရာ မပြောင်းလဲသောအခါ ကျင်းရှောင်မှာ မနေနိုင်တော့ချေ။

မိမိတို့ ဦးတည်ရာခရီးစဉ်ကို သိလိုစိတ် ပြင်းပြလာလေ၏။

ယင်းကြောင့်...

ဖခင်အနီးသို့ ချဉ်းကပ်သွားကာ မေးလိုက်၏။

"ဖေဖေ၊ ကျွန်တော်တို့တွေ အခု ဘယ်ကို သွားကြမှာလဲ"

ကျင်းစန်းက ပခုံးတွန့်ပြလိုက်သည်။

"ငါလဲ မသိဘူး"

ဟု ပြောလေသည်။

ကျင်းရှောင်သည် အနည်းငယ် စဉ်းစားတွေးတောလိုက်၏။

အတန်ကြာမှ ဖခင်ကြီးအား ကြည့်ကာ ပြောလိုက်သည်။

"အရှေ့ဘက်တည့်တည့်ကို သွားမယ်ဆိုယင် မြို့ကလေးတစ်မြို့ကို ရောက်သွားလိမ့်မယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"အေး ဟုတ်တယ်၊ တို့ အဲသည်မြို့ကို အရင်ဆုံးသွားရမှာပဲ"

ကျန်းရှောင် ပါးစပ်ပိတ်ထားလိုက်သည်။

ဆက်ပြောစရာ စကားလည်း ရှာမရတော့ချေ။

သူ့အနေနှင့်လည်း လမ်းခရီးစဉ်ကို စဉ်းစား၍ မရလောက်အောင်ပင် ခေါင်းရှုပ်သွားရပြီ မဟုတ်ပါလား။

ကျောင်းစန်းတို့သားအဖမှာ တစ်ယောက်နှင့်တစ်ယောက် စကားဆက်မပြောဖြစ်ကြတော့ချေ။

အရှေ့တည့်တည့်ကိုသာ ဦးတည်၍ ခရီးနှင်နေမိကြတော့၏။

မကြာမီ...

အဝေး၌ မြို့တစ်မြို့အား လှမ်း၍ မြင်လိုက်ကြရလေတော့သည်။

* * *



## ထူးဆန်းသူ

ကြို့ဟှာမြို့...

ကြို့ဟှာမြို့သည် တောမြို့ကလေးတစ်မြို့ ဖြစ်သည်။

သို့သော်...

ယင်းမြို့ကလေးသည် မြို့ကြီးပြကြီးများနှင့်မခြား စည်ကားနေပေသည်။

နယ်ခြားမှလည်းကောင်း၊ ပြည်မသို့ လာရာတွင် ခရီးတစ်

ထောက်အဖြစ်လည်းကောင်း၊ တောင်တန်းများဆီမှလည်းကောင်း၊ ခရီး တစ်ထောက်နားရာ မြို့ကလေးတစ်မြို့ ဖြစ်၏။

အများအားဖြင့် ခရီးဝေး ကူးသန်းရောင်းဝယ်ကြသည့် ကုန်သည်များမှာ ဤမြို့ကလေးတွင် နားခိုစခန်းချကြပေတော့သည်။

ယင်းကြောင့်...

ဂေဟာမြို့ကလေးဟု ဆိုရသော်လည်း မြို့ကြီးပြကြီးများနှင့်မခြား စည်ကားနေခြင်း ဖြစ်၏။

ကြံ့ဂှာမြို့ကလေးတွင် မင်းလမ်းမတစ်ခုတည်းသာ ရှိ၏။

မင်းလမ်းမ ဝဲယာတစ်ဘက်တစ်ချက်တွင် စားသောက်ဆိုင်များ၊ ကုန်ပစ္စည်းရောင်းချသော ဆိုင်များ စည်ကားစွာ ရှိနေပေ၏။

ယင်းမြို့ကလေးကို ရောက်ဖူးသူများမှာ 'သူဌေးမင်းတည်းခိုခန်း'အား မသိသောသူ မရှိပေ။

ကြံ့ဂှာမြို့ကလေးတွင် 'သူဌေးမင်းတည်းခိုခန်း'မှာ အကောင်းဆုံး ဖြစ်သည်။

သူဌေးမင်းတည်းခိုခန်းမှာ မင်းလမ်းဘေး ကျယ်ဝန်းသည်။

ခြံဝင်းကျယ်တစ်ခုအတွင်းတွင် ဖွင့်လှစ်ထားခြင်းပင် ဖြစ်ပါသည်။

နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အခန်းဆောင်များက များပြားလှပေသည်။

တည်းခိုရန် အိပ်ခန်းများအပြင် အရက်နှင့် အကောင်းဆုံးစားသောက်ဖွယ်ရာများလည်း ရရှိနိုင်၏

ထို့အပြင်...

ငွေကြေးသုံးဖြုန်းနိုင်ပါက ပျော်တော်ဆက် မိန်းကလေးများလည်း ရရှိနိုင်ပေသည်။



ယနေ့...

* * *

သူဌေးမင်းတည်းခိုခန်းတွင် ထူးထူးခြားခြား တည်းခိုသူများ ပြည့်နှက်နေသည်။

ထို့အတူ...

အိပ်ခန်းတိုင်းလိုလိုမှာလည်း မအားလပ်ကြပါတော့ချေ။

အကြောင်းကား...

နဂိုက ရှိနှင့်နေပြီးသော ဧည့်သည်များအပြင် နောက်ထပ်ဧည့်သည်တစ်စု ရောက်ရှိနေခြင်းကြောင့် ဖြစ်သည်။

နောက်ထပ် ရောက်ရှိလာသူတစ်ဦးမှာ မြင်းလှည်းတန်းများဖြင့် ရောက်ရှိလာခြင်း ဖြစ်၏။

ယင်းလူစုသည် သူဌေးမင်းတည်းခိုခန်း၏ လွတ်နေသော အခန်းများအား တပြိုင်နက်တည်း ငှားရမ်းလိုက်ကြသည်။

သူဌေးမင်းတည်းခိုခန်း၏ ခြံဝင်းအတွင်းတွင် မြင်းလှည်းများ အစီအရီ ရှိနေပြီး မြင်းဇောင်းတွင်လည်း မြင်းများ ပြည့်ကျပ်သွား၏။

မြင်းလှည်းများဖြင့် ရောက်ရှိလာသူများအနက် အချို့မှာ ခြံဝင်းအတွင်း ရွက်ဖျင်တဲများ တိုးနေရသော တော်ပေလေသည်။

သို့မဟုတ်လျှင်...

တည်းခိုခန်း၌ ကြိုတင်ရောက်နှင့်နေသော တည်းခိုသူများအား ဖယ်ရှားပေးရမည့် သဘောပင် ရှိနေပါသည်။

သူဌေးမင်းတည်ခိုခန်းပိုင်ရှင်၏မျက်နှာ ပြုံးရွှင်နေသည်။

ဧည့်သည်များများ ရောက်လာခြင်းက သူ့အတွက် ဝင်ငွေကောင်းလာနိုင်သည် မဟုတ်ပါလား။

ယင်းကြောင့်...

သူကိုယ်တိုင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် တည်းခိုခန်းတံခါးဝတွင် ဆိုင်းဘုတ်တစ်ခုအား ချိတ်ဆွဲထားလိုက်လေသည်။

ယင်းဆိုင်းဘုတ်ကား...

"အခန်းငှားရန် မရှိပါ"

ဟူ၍ ဖြစ်သည်။

သူဌေးမင်းတည်းခိုခန်းသို့ ရောက်ရှိလာကြသော သူများမှာ အခြားသူများ မဟုတ်ချေ။

ဝမ်းဖုံး ဦးဆောင်သော သိမ်းငှက်အာမခံဌာန အဖွဲ့သားများပင် ဖြစ်ပေသည်။

* * *



ကြုံ့ဗွာမြို့ကလေးအတွင်းတွင် စည်ကားနေ၏။

လူသွားလူလာများသော လမ်းမအတွင်း ဝမ်းဖုံး လျှောက်လာသည်။

ယင်းသို့ လျှောက်လာရင်းမှ ပင့်ကူနက်ဂိုဏ်းမှ ဒုဂိုဏ်းချုပ်တုကုချင်း၏စကားကို ပြန်လည် ကြားယောင်လာမိသည်။

"မြို့ကလေးကို ရောက်ရင် မြောက်ဘက်မြို့စွန်ကို သွားပါ၊ အဲသည်မှာ ဘုံကျောင်းတစ်ခု ရှိတယ်၊ မင်းကို ဆက်သွယ်မယ့်လူ စောင့်နေလိမ့်မယ်"

တွေးရင်း လျှောက်လာခဲ့ရာ မြို့၏မြောက်ဘက်သို့ ရောက်မှန်းမသိ ရောက်လာသည်။

မြို့အစွန်ဖြစ်၍ လူနေအိမ်ခြေ နည်းပါးပြီး လူသွားလူလာ ကင်းရှင်းလှသည်။

ဝမ်းဖုံးသည် မျက်လုံးကို ဟိုဟိုသည်သည် ဝေ့ယမ်းရှာဖွေလိုက်သည်။

ထိုအခါ...

မလှမ်းမကမ်း ဘေးတစ်နေရာတွင် ဘုံကျောင်းငယ်တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ဘုံကျောင်းမှာ သေးငယ်ပြီး ဟောင်းနွမ်းအိုမင်းနေပြီ ဖြစ်ပါသည်။

မြို့စွန်မြို့ဖျားတွင် တည်ရှိသောကြောင့် လူဝင်လူထွက်နည်းပါးလှ၏။

အမှန်တွင်...

ဝမ်းဖုံး အနေဖြင့် မြင်းလှည်းများအား စီးဂူရေကန်သို့ ရောက်အောင် ပို့ပေးရမည် ဖြစ်သည်။

သို့သော်...

စီးဂူရေကန်မှာ မည်သည့်နေရာတွင် ရှိမှန်းကို သူ မသိပါချေ။

တုကုချင်းနှင့် မြင်းလှည်းများ လက်ခံသူတို့၏ အချိန်းအချက်(သို့) လျှို့ဝှက်အမှတ်အသား တစ်ခုသာ ဖြစ်ရမည်ဟု နားလည်ထားသည်။

ယင်းကြောင့် လမ်းစမသိဘဲ စမ်းတဝါးဝါး လျှောက်လှမ်းနေရသူပမာ ရှိပေသည်။

မည်သို့ဆိုစေ...

သူ့အနေနှင့် စုမာထင်း လွတ်မြောက်ရေးအတွက် တုကုချင်း နိုင်းသမျှကို လုပ်ရပေတော့မည်။



ဝမ်းဖုံးက အတွေးစကို ဖြတ်ယင်း ဘုံကျောင်းထဲသို့ လှမ်းဝင်လိုက်၏။

ဘုံကျောင်းအတွင်း၌ ဝိုဍ်ပင် လူသူ ကင်းရှင်းနေသည်။

အတွင်းဘက်သို့ ရောက်သော် နတ်ရုပ်တုများနှင့် ပူဇော်ထားသော ပန်းများ အမွှေးတိုင်များကို တွေ့ရသည်။

အမွှေးတိုင်များမှ ထွက်ပေါ်လာသော အခိုးအငွေ့များမှာ အခန်းတစ်ခုလုံးအား လွှမ်းခြုံထားသည်။

ယင်းကြောင့်...

အခန်းတွင်းရှိ မြင်ကွင်းမှာ ဆောင်းမနက်ခင်းပမာ မှုန်ဝါးဝါး ဖြစ်နေသည်။

ဝမ်းဖုံးက အခန်းတံခါးဝတွင် ရပ်လိုက်သည်။

* * *

ထို့နောက်...

အတွင်းဘက်သို့ အကဲခတ်ကြည့်လိုက်၏။

အတန်ကြာ အကဲခတ်ပြီးမှ နတ်ရုပ်ထုတစ်ခုရှေ့သို့ ထွက်သွားပြီး ဒူးထောက်ကာ ရှစ်ခိုးကန်တော့လိုက်သည်။

ဤသည်မှာလည်း တုကုချင်း၏ စေခိုင်းချက်အရသာ ဖြစ်ပေ၏။

သို့မှသာ သူ့အား ဆက်သွယ်မည့်သူ ရောက်ရှိလာမည် မဟုတ်ပါလား။

ဝမ်းဖုံး ဒူးထောက်ကန်တော့နေသော်လည်း သူ့အား ဆက်သွယ်မည်သူ ရောက်ရှိလာချေ။

ယင်းကြောင့် ဒူးထောက်နေရာမှ ပြန်လည် ထရပ်လိုက်ပြီး သူ့အား လာရောက်ဆက်သွယ်မည့်သူကို သည်းခံပြီး စောင့်မနေနိုင်



တော့ချေ။

ထို့ကြောင့်...

ဝမ်းဖုံးသည် ခြေလှမ်းကျဲကျဲဖြင့် အပြင်ဘက်သို့ လှမ်းထွက်လိုက်၏။

အပြင်ဘက်သို့ ရောက်သောအခါ ကျောက်လှေကားအောက်၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ယင်းအဘိုးအိုမှာ တောင်ဝှေးတစ်ချောင်းကို ကိုင်ကာ ထိုင်နေခြင်း ဖြစ်၏။

ဝမ်းဖုံး ရောက်လာစဉ်က ထိုနေရာ အနီးတစ်ဝိုက်တွင် မည်သူမျှ မရှိချေ။

ယင်းကြောင့် ထိုအဘိုးအိုမှာ မကြာသေးမီကမှ ရောက်လာခြင်း ဖြစ်ကြောင်း ဝမ်းဖုံးက နားလည်သဘောပေါက်လိုက်လေ၏။

ဝမ်းဖုံးက သတိထားကာ ဆက်လျှောက်လာသည်။

တောင်ဝှေးနှင့် အဘိုးအိုမှာ သူ့အား ဆက်သွယ်ရန် ရောက်လာသူ ဖြစ်ကောင်းဖြစ်နိုင်၏။

ထို့ကြောင့်...

ဝမ်းဖုံးက ထိုအဘိုးအိုအား အကဲခတ်ကြည့်လိုက်သည်။

ထိုအဘိုးအိုမှာ ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသောကြောင့် လေလွင့်နေသူတစ်ယောက် ဖြစ်နိုင်လေသည်။

ဝမ်းဖုံးသည် ထိုလေလွင့်သူအဘိုးအိုအနီးမှ ဖြတ်ကျော်လျှောက်လှမ်းသွား၏။

အမှန်တွင် လေလွင့်သူအဘိုးအိုမှာ သူ့အား လာရောက်

ဆက်သွယ်သူ အမှတ်နှင့် လူးလုံးထွက်ပြလိုက်ခြင်း ဖြစ်ပါသည်။

သို့သော်...

လေလွင့်အဘိုးအိုမှာ လှုပ်ရှားလာခြင်း မရှိချေ။

ခေါင်းငုံ့ထားပြီး အိပ်ငိုက်နေသည်။

ဝမ်းဖုံးမှာ သူ့နောက်သို့ လိုက်လာဦးလေမည်လားဟု အတွေးဖြင့် ခပ်သုတ်သုတ် လျှောက်လှမ်းသွားသည်။

သို့သော်...

မည်သူမျှ လိုက်လာသည်ကို မတွေ့ရချေ။

ယင်းကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားမိ၏။

ဝမ်းဖုံးသည် သူဌေးမင်းတည်းခိုခန်းသို့ပင် ပြန်လည်လျှောက်လှမ်းလာမိသည်။

တည်းခိုခန်းသို့ ရောက်သောအခါ မည်သူနှင့်မျှ စကားမပြောဘဲ အေးအေးဆေးဆေး အနားယူရန် ဆုံးဖြတ်လိုက်မိသည်။

ထို့ကြောင့်...

သူ၏အခန်းဆီသို့သာ တည့်တည့်မတ်မတ် လျှောက်လှမ်းသွားလိုက်၏။

တည်းခိုခန်းအတွင်း၌ ကျင်းစန်းနှင့် လွေမင်းတို့ကိုလည်း မတွေ့ရချေ။

အခန်းတွင်းအောင်းကာ အနားယူနေပုံရ၏။

သို့သော်...

သိမ်းငှက်အဖွဲ့သားများအား လိုက်လံစစ်ဆေးနေပေလိမ့်မည်။

ဝမ်းဖုံး အနေဖြင့် ဤအချက်ကား အရေးမကြီးပါချေ။



အရေးကြီးသည်မှာ သူတို့ထံ ဆက်သွယ်မည့်သူ ရောက်ရှိမလာခြင်းပင် ဖြစ်ပေသည်။

ဝမ်းဖုံးမှာ စိတ်ပျက်စွာဖြင့် အခန်းတွင်းသို့ လှမ်းဝင်လိုက်လေ၏။

အခန်းတွင်းသို့ ရောက်သည်နှင့် သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားရသည်။

သူ၏ခန္ဓာကိုယ်မှာလည်း မလှုပ်မယှက် ကျောက်ရုပ်ပမာ ဖြစ်သွားရ၏။

အကြောင်းကား...

သူ၏အခန်းတွင်း၌ လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရပြီ မဟုတ်ပါလား။

* * *

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

သက်ရှိလူသားများ လုံးဝမရှိသည့်အလား တိတ်ဆိတ်နေခြင်း ဖြစ်သည်။

သို့သော်...

အခန်းတွင်း၌ လူနှစ်ယောက် ရှိနေ၏။

ထိုလူများမှာ အသက်ကင်းမဲ့နေသည့်အလား မလှုပ်မရှားဘဲ စကားမပြောဘဲ ရှိနေကြသည်။

ယင်းကြောင့်...

အခန်းတစ်ခုလုံး တိတ်ဆိတ်နေခြင်းပင် ဖြစ်၏။

ပထမဦးစွာ စတင်လှုပ်ရှားလာသူမှာ ဝမ်းဖုံး ဖြစ်သည်။

ဝမ်းဖုံးက သက်ပြင်းချကာ မေးလိုက်သည်။

"ခင်ဗျား ကျုပ်ကို စောင့်နေရတာလား"

အခန်းတွင်းရှိ ထိုင်နေသူမှာ ဝမ်းဖုံး၏စကား ကြားလိုက်ရသည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထို့နောက်...

သူသည် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။

"ကျုပ်တို့ အေးအေးဆေးဆေး ထိုင်ပြီး စကားပြောကြယင်ကောင်းမယ် ထင်တယ်"

ဝမ်းဖုံးက မည်သည့်စကားမျှ ပြန်မပြောချေ။

ထိုလူရွယ်မှာ ကြောက်စရာကောင်းသော ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်နိုင်သည်ကိုကား တွေးမိပြီ ဖြစ်ပေ၏။

ထို့ကြောင့်...

သူသည် အခန်းအလယ်သို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်။

ထိုအခါမှ လူရွယ်ကလည်း ပြန်လည် ထိုင်ချလိုက်လေ၏။

ဝမ်းဖုံးနှင့် လူရွယ်သည် တစ်ယောက်ကိုတစ်ယောက် စူးစူးစိုက်စိုက် ကြည့်လိုက်ကြ၏။

သူတို့၏အကြည့်များသည် တစ်ယောက်ရင်ထဲကိုတစ်ယောက်က ထိုးဖောက်မြင်တွေ့နိုင်လောက်အောင်ပင် စူးရဲလှပေတော့သည်။



အတန်ကြာမှ လူရွယ်က ဝမ်းဖုံးအား လှမ်းမေးလိုက်လေ၏။

"ခင်ဗျား မြောက်ဘက်က ဘုံကျောင်းကို ရောက်ခဲ့သေးသလား"

ဝမ်းဖုံး ခေါင်းညိတ်လိုက်သည်။

"ရောက်ခဲ့တယ်၊ တစ်ခုတော့ ရှိတယ်"

ဝမ်းဖုံးသည် ပြောလက်စ စကားကို ရပ်၍ လူရွယ်အား အကဲခတ်ကြည့်လိုက်၏။

ပြီးမှ...

အေးတိအေးစက် လေသံဖြင့်...

"ကျုပ်နဲ့ အလုပ်လုပ်တဲ့အခါမှာ ကတိတည်ဖို့တော့ လိုလိမ့်မယ်၊ ကျုပ်က ဉာဏ်များတာဆိုယင် မကြိုက်ဘူးဗျ"

ထိုစကားကြောင့် လူရွယ်က ခပ်အုပ်အုပ် ရယ်မောလိုက်လေ၏။

"အခြေအနေအရ လုပ်ရတာပါဗျာ၊ ကျုပ်က တောင်းပန်ပါတယ်၊ ဘုံကျောင်းမှာ လေလွင့်အဘိုးအိုတစ်ယောက်ကိုကော တွေ့ခဲ့သေးတယ် မဟုတ်လား"

ဟုလည်း မေး၏။

ဝမ်းဖုံး မျက်မှောင်ကြုတ်သွား၏။

ပြီးမှ...

လူရွယ်အား စူးစူးစိုက်စိုက်ကြည့်ကာ...

"အဲဒါ မင်းတို့လူလား"

ဟု မေးလိုက်၏။

ထိုအခါ...

လူရွယ်က ခေါင်းခါယမ်းကာ...

"မဟုတ်ဘူးဗျ၊ ဒါကြောင့် ကျုပ်က ဘုံကျောင်းမှာ ခင်ဗျား နဲ့ မတွေ့တာပေါ့"

ဟု ပြောသည်။

ဝမ်းဖုံးက မျက်မှောင်ကြုတ်၍ လူရွယ်အား မေးလိုက်လေ သည်။

"ဒါဖြင့် သူက ဘယ်သူလဲ"

လူရွယ် ခေါင်းယမ်းကာ...

"ဒါကို ကျုပ်လဲ မသိဘူး"

ဟု ပြော၏။

ဝမ်းဖုံး အံ့ဩသွားသည်။

"ထူးခြားလှချည်လား"

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့တွေရဲ့ အစီအစဉ် တစ်ခုခုတော့ လွဲချော်သွားပြီ ထင်ပါတယ်၊ သည်ကို ခြေရာခံပြီးတော့ လိုက်တဲ့လူ ရှိတာ မကောင်းဘူးဗျ"

ဟု ပြောလိုက်သည်။

ဝမ်းဖုံးသည် လူရွယ်အား အကဲခတ်ကြည့်ကာ...

"ခင်ဗျားက သူ့ကို သည်အတိုင်း လွှတ်ထားမှာလား"

ဟု မေး၏။

လူရွယ်က ရယ်မောလိုက်၏။

"ဘယ်လွှတ်ထားလို့ ဖြစ်မှာလဲ၊ ဒါပေမယ့် အခုလောလော



ဆယ်တော့ ဘာမှ မလုပ်သေးဘူး၊ ဒါမှ လေလွင့်အဘိုးအိုဟာ ဘယ် သူနဲ့ အဆက်အသွယ် ရှိသလဲဆိုတာ သိရမယ်၊ အားလုံးကို ကျုပ်က စုံစမ်းဖော်ထုတ်ပစ်မှာပဲ"

လူရွယ်၏ပုံသဏ္ဌာန်ကို ကြည့်ရသည်မှာ ပင့်ကူနက်ဂိုဏ်း တွင် ဩဇာအာဏာ ရှိပုံရလေသည်။

ယင်းကြောင့်...

ဝမ်းဖုံးက စိတ်ဝင်စားသွားကာ မေးလိုက်သည်။

"ဒါထက် ခင်ဗျားက ပင့်ကူနက်အဖွဲ့က မဟုတ်လားဗျ"

လူရွယ်က သဘောကျစွာ ရယ်လိုက်သည်။

ပြီးမှ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူးဗျာ"

ဝမ်းဖုံး မျက်ခုံးအပေါ်သို့ မြင့်တက်သွားပြီး အံ့ဩသော လေသံဖြင့် ပြန်မေးလိုက်သည်။

"ဟင် ပင့်ကူနက်အဖွဲ့က မဟုတ်ရင် သည်ကိစ္စ ဘာကြောင့် ပတ်သက်နေရတာလဲ"

လူရွယ်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက် လေသည်။

"ရှင်းပါတယ်၊ ကျုပ်နဲ့ ပင့်ကူနက်ဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ် တုကု ချင်းဟာ မဟာမိတ်ဆွေတွေပါ၊ ဒါကြောင့် တုကုချင်းက အကူအညီ တောင်းလို့ ခင်ဗျားတို့ကို အကူအညီ ပေးမှာပါ"

ဝမ်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"နေစမ်းပါဦး၊ ခင်ဗျားက ကျုပ်နဲ့ ဆက်သွယ်ရမယ်လို့ ဘယ်လိုသိတာလဲ"

ဟု မေးလိုက်၏။

လူရွယ်က သက်ပြင်းတချက် ချလိုက်သည်။

"ဘုံကျောင်းလာတဲ့လူကို ကျုပ်က ဆက်သွယ်ရမယ် မဟုတ်လား၊ သည်မြို့ကို ရောက်လာတဲ့ ဧည့်သည်တွေထဲမှာ ဘုံကျောင်းကို သွားတယ်ဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိသေးတယ်"

ဝမ်းဖုံး ပါးစပ်ပိတ်ထားလိုက်သည်။

လူရွယ် ပြောသော စကားမှာ အမှန်တွေချည်း မဟုတ်ပါလား။

လူရွယ်က စကားဆက်လိုက်သည်။

"ခင်ဗျားတို့ သည်မှာ နှစ်ရက်နားရမယ်၊ သုံးရက်မြောက်နေ့မှာ မြို့ရဲ့ တောင်ဘက်ကနေ ထွက်သွားရမယ်၊ ဒါပေမယ့် မြို့ပြင်ရောက်ရင်တော့ အရှေ့ဘက်ကို ပြန်လှည့်ပြီး တစ်ခါမြောက်ဘက်ကို ခရီးဆက်ရမယ်၊ ကျုပ် ပြောတာကို သဘောပေါက်တယ် မဟုတ်လား"

ဝမ်းဖုံး မျက်မှောင်ကြုတ်မေးလိုက်သည်။

"ဒါ ကျုပ် သွားရမယ့် အစီအစဉ်လား"

လူရွယ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဝမ်းဖုံး လူရွယ်အား စိုက်ကြည့်ကာ မေးလိုက်သည်။

"မြောက်ဘက်ကို ခရီးဆက်တဲ့အခါမှာ ကျုပ်ကို ဆက်သွယ်မယ့်လူ ရောက်လာဦးမှာလား"

လူရွယ် ပြုံးလိုက်သည်။

"စိတ်ချ ရောက်လာမှာပါ၊ ကျုပ် ပြောတဲ့အတိုင်းသာ ခရီး



ဆက်ပါ၊ အန္တရာယ်ကင်းစေဖို့ အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်"

ဝမ်းဖုံးမှာ ပြောဆိုနေရင်းနှင့် တစ်စုံတစ်ခုကို တွေးတောမိသွားသည်။

ထို့ကြောင့်...

လူရွယ်အား မေးလိုက်သည်။

"ဒါဆို ဘာကြောင့် သည်မြို့မှာ နှစ်ညအိပ် ရပ်နားရမှာလဲ"

လူရွယ်၏ဟန်ပန်မှာ တည်ကြည်သွား၏။

"အကြောင်းတစ်ခု ရှိလို့ပါ"

ဝမ်းဖုံးက မျက်ခုံးပင့်ကြည့်ကာ မေးလိုက်သည်။

"ဘာအကြောင်းလဲ"

လူရွယ်က တည်ကြည်လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့နဲ့အတူ မြင်းလှည်းတစ်စီးလည်း ပေးလိုက်မယ်၊ ခင်ဗျား ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပြီး ခေါ်ဆောင်သွားပါ"

ဝမ်းဖုံး အံ့သြသွားသည်။

"ကျုပ်က နောက်ထပ် မြင်းလှည်းတစ်စီး အပိုခေါ်သွားရဦးမယ် ဟုတ်လား"

ဟုလည်း မေးမိသည်။

လူရွယ် ခေါင်းညိတ်ပြီး...

"ဟုတ်တယ်"

ဟု ပြော၏။

ဝမ်းဖုံးက လူရွယ်အား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"ခင်ဗျားက လမ်းကြုံထည့်လိုက်တဲ့ သဘောပေါ့"

လူရွယ်ကလည်း ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေ၏။

"ဟုတ်တယ်"

ဝမ်းဖုံးက ထပ်မံ၍...

"မြင်းလှည်းထဲမှာ ရွှေငွေကျောက်သံပတ္တမြားတွေ ပါသလား"

ဟု မေးလိုက်သည်။

လူရွယ်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး"

ဝမ်းဖုံး ပို၍ အံ့ဩသွားသည်။

"အဖိုးတန်ပစ္စည်းတွေ မပါဘဲနဲ့ ဘာကြောင့် ကျုပ်တို့နဲ့အတူ ထည့်လိုက်ချင်တာလဲ"

လူရွယ်က ပြုံးလိုက်သည်။

"သည်မြင်းလှည်းမှာ ခင်ဗျားအတွက် အရေးမကြီးပေမယ့် ကျုပ်တို့အတွက် အလွန်အရေးကြီးတဲ့ လူတစ်ယောက် ပါလာလိမ့်မယ်၊ သူ့ကို ခင်ဗျား စောင့်ရှောက်ပြီး ခေါ်ဆောင်သွားဖို့ပါဘဲ"

ဝမ်းဖုံး နားမလည်နိုင်အောင် ဖြစ်သွားရသည်။

လူရွယ်၏စကားအရ သူသည် လူလိုက်ပါလာသော မြင်းလှည်းတစ်စီးအား ခေါ်ဆောင်သွားရမည် ဖြစ်ပါတော့သည်။

ထို့ကြောင့်...

လူရွယ်အား သူက စေ့စေ့ကြည့်ကာ...

"လူ လိုက်ပါတဲ့ မြင်းလှည်းတစ်စီးကို ကျုပ်က ခေါ်ဆောင်သွားရမယ်ဆိုပါတော့"



ဟု ပြောလိုက်၏။

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်းဖုံးသည် တုကုချင်း၏ စေခိုင်းချက်အတိုင်း လုပ်ဆောင်ရနေရခြင်း ဖြစ်ပေသည်။

အကယ်၍ တုကုချင်း ပေးသော တာဝန် လွဲချော်သွားပါက စုမာထင်း၏ အသက်အန္တရာယ်ကို စိုးရိမ်ရပေသည်။

ဝမ်းဖုံး အနေဖြင့် တုကုချင်း မသိသော ကိစ္စများကို လုပ်ဆောင်ရန် မလွယ်ကူချေ။

ထို့ကြောင့်...

လူရွယ်အား လှမ်း၍...

"ခင်ဗျား သည်လို မြင်းလှည်းတစ်စီး ထည့်ပေးမယ်ဆိုတာ တုကုချင်းက သိပြီးပြီလား"

ဟု မေးလိုက်သည်။

လူရွယ်သည် ဝမ်းဖုံး၏ စေ့စပ်သေချာမှုကို သဘောကျသွားသည်။

ထို့ကြောင့်...

သူက ပြုံးကာ ပြောလိုက်သည်။

"သည်အတွက် စိတ်ချပါ၊ သည်ကိစ္စကို တုကုချင်းနဲ့ အစကတည်းက တိုင်ပင်ပြီးတော့ လုပ်ခဲ့ကြတာပါပဲ"

ဝမ်းဖုံးက သက်ပြင်းချလိုက်သည်။

ဤအတိုင်းသာဆိုလျှင် လူရွယ်၏ မြင်းလှည်းကိုပါ ခေါ်ဆောင်သွားရပေတော့မည်။

သူသည် မြင်းလှည်းပေါ်မှ လိုက်ပါလာမည့်သူ အကြောင်းကို သိချင်လာမိသည်။

ထို့ကြောင့်...

လူရွယ်အား တီးခေါက်ကြည့်လိုက်၏။

"မြင်းလှည်းထဲမှာ လူဘယ်နှစ်ယောက် ပါမှာလဲ"

လူရွယ်က လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်သည်။

"နှစ်ယောက်"

ဝမ်းဖုံး၏မျက်နှာမှာ တည်ကြည်ကာ လေးနက်သွားပါ၏။

"ခင်ဗျားဟာ သံရူးဝမ်းဖုံးဆိုတာ ကျုပ် သိပါတယ်၊ ဒါကြောင့် လေးစားတဲ့အနေနဲ့ ခင်ဗျား သိချင်တာ ပြောပြပါ့မယ်၊ သည်လို ပြောမယ်ဆိုယင် ကျုပ် ဘယ်သူလဲဆိုတာ အရင်ဆုံး ပြောပြမှ ဖြစ်မယ် ထင်တယ်"

စကားဆုံးသည်နှင့် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်...

ယဉ်ကျေးမှုအရ ဝမ်းဖုံးအား ဦးညွတ်လိုက်လေတော့၏။

ပြီးမှ သူ့ကိုယ်ပင် မိတ်ဆက်လိုက်လေသည်။

"ကျုပ်ရဲ့နာမည်က မားဖိန်လို့ ခေါ်ပါတယ်၊ မြွေခွေးနက်အဖွဲ့က မြောက်ပိုင်းနယ် တာဝန်ခံပါ"

ထိုစကား ကြားလိုက်ရသောအခါ ဝမ်းဖုံးမှာ လူတစ်ယောက်အား အမှတ်ရလာ၏။

မြောက်ပိုင်းနယ်မှ သိုင်းလောကသားများတွင် ကျော်ကြားနေသော လူတစ်ယောက် ရှိခဲ့သည်။

ထိုလူမှာ မြွေခွေးမားဖိန် ဖြစ်သည်။



"ခင်ဗျားဟာ မြွေခွေးမားဖိန် မဟုတ်လား"

ဟု မေးလိုက်၏။

ဝမ်းဖုံး၏အမေးစကားကြောင့် လူရွယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်က မြွေခွေးနက်အဖွဲ့ဝင်တစ်ယောက်ပါ၊ ခင်ဗျား ခေါ်သွားရမယ့် မြင်းလှည်းထဲမှာ ကျုပ်တို့ အဖွဲ့ခေါင်းဆောင်ရဲ့ တစ်ဦးတည်းသောသား လိုက်ပါလာလိမ့်မယ်"

ဟု ပြောသည်။

ဝမ်းဖုံး မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားတို့ အဖွဲ့ခေါင်းဆောင်ဟာ ဘယ်သူလဲ၊ သူ့ရဲ့သားကကော ဘယ်သူလဲ"

မားဖိန်က ခေါင်းခါယမ်းလိုက်သည်။

"သည်ကိစ္စ ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ကျုပ် ပြောသလောက် သိထားရင်တော့ လုံလောက်ပါပြီ"

ဝမ်းဖုံး အနည်းငယ် စဉ်းစားလိုက်သည်။

"သူတို့က မြင်းလှည်းထဲမှာ ပါလာမှာလား"

ဟု မေးလိုက်သည်။

မားဖိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ သခင်လေးဟာ ရောဂါဝေဒနာတစ်ခု ခံစားနေရတယ်၊ ဒါကြောင့် စီးဂူရေကန်ကို ဆေးကုသဖို့ သွားမှာ၊ သူနဲ့အတူ အဖော်အဖြစ် အထိန်းတော်တစ်ယောက် ပါလာလိမ့်မယ်"

ထိုစကားကြောင့် ဝမ်းဖုံးမှာ စိတ်ပျက်သွားသည်။

အန္တရာယ်ထူပြောသော ခရီးလမ်းတွင် ရောဂါဝေဒနာသည် တစ်ယောက်အား ခေါ်ဆောင်သွားချင်စိတ် မရှိချေ။

အချိန်မရွေး အသက်အန္တရာယ် ကြုံတွေ့နိုင်သဖြင့် လူမမာ တစ်ယောက်အား ကောင်းစွာ အကာအကွယ် ပေးနိုင်မည် မဟုတ်ချေ။

ဝမ်းဖုံး သက်ပြင်းချကာ ပြောလိုက်သည်။

"ခင်ဗျားတို့ရဲ့ သခင်လေးကို ကျုပ်နဲ့အတူ ထည့်လိုက်တာ အန္တရာယ်များမယ်နော်"

မားဖိန်က သဘောကျစွာ ပြုံးလိုက်သည်။

"ခင်ဗျားတို့ရဲ့ သခင်လေးကို ကျုပ်နဲ့အတူ ထည့်လိုက်တာ အန္တရာယ်များမယ်နော်လို့တော့ မပြောပါနဲ့၊ ကျုပ်က ယုံကြည်ပြီးသားပါ၊ ပြီးတော့ သိမ်းငှက်အာမခံဌာနခေါင်းဆောင် ကျင်းစန်းနဲ့ သံစူးဝမ်းဖုံးတို့ ဦးဆောင်လာမှတော့ ဘယ်သူက အန္တရာယ် ပြုရဲတော့မှာလဲဗျာ၊ ဟား..ဟား..ဟား"

စကားဆုံးလျှင် အားရပါးရ ရယ်မောလိုက်၏။

မားဖိန်မှာ ရယ်မောနေသော်လည်း ဝမ်းဖုံးကမူ လုံးဝမ ရယ်မောနိုင်ပါချေ။

ဤခရီးစဉ်နှင့် ပတ်သက်၍ သူကိုယ်တိုင် ဘုမသိဘမသိ ပါဝင်ခဲ့ရခြင်း ဖြစ်သည်။

ယင်းကြောင့်...

ရှေ့ဆက်ဖြစ်လာနိုင်သော အကြောင်းအရာများကို တွေး တောနေမိသည်။

ပင့်ကူနက်ဂိုဏ်းနှင့် မြေခွေးအဖွဲ့တို့မှာ လျှို့ဝှက်သော အ



ကြံအစည် တစ်ခုခု ရှိရမည်ဟုလည်း နားလည်လာလေတော့သည်။

ထို့ကြောင့်...

စိတ်ဝင်စားသွားကာ စုံစမ်းဖော်ထုတ်လိုသော စိတ်များ ဖြစ်လာ၏။ သို့သော်...

ယခုလောလောဆယ်တွင် မဖြစ်နိုင်သေးပါချေ။

သူ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် စုမာထင်းမှာ ဒုက္ခ ရောက်သွားပေလိမ့်မည်။

ယင်းကြောင့်...

တဖြည်းဖြည်းချင်းသာ စုံစမ်းရန် ဆုံးဖြတ်လိုက်၏။

မားဖိန်သည် ရယ်မောနေရာမှ ရပ်တန့်လိုက်၏။

"ကဲ ကျုပ် သွားတော့မယ်၊ ခင်ဗျားတို့ ခရီးမထွက်ခင် ကျုပ်တို့ဆီက မြင်းလှည်းအချိန်မီ ရောက်လာလိမ့်မယ်"

စကားဆုံးသည်နှင့် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်လေ၏။

ထို့နောက်...

အခန်းတွင်းမှ တစ်လှမ်းချင်း ထွက်ခွာသွားပါလေတော့၏။

* * *

## သတင်း

ဝမ်းဖုံးမှာ အခန်းတွင်း၌ ထိုင်နေသည်။

သူ၏မျက်လုံးအစုံမှာ မားဖိန် ထွက်သွားရာဘက်သို့ စိုက်ကြည့်နေသည်။

မားဖိန်သည် ထွက်ခွာသွားပြီ ဖြစ်သော်လည်း သူ့အား အတွေးပင်လယ် ဝေစေခဲ့သည်။

မားဖိန်မှာ အဘယ်ကြောင့် သူ့အား သိထားရပါသနည်း။

မားဖိန်သည် မြေခွေးနက်အဖွဲ့နှင့် တုကုချင်း၏ ပင့်ကူနက်ဂိုဏ်းတို့တွင် မည်သို့သော လျှို့ဝှက်ချက်များ ရှိနေရပါသနည်း။

ဝမ်းဖုံးမှာ တွေးယင်း ခေါင်းခြောက်လာသည်။

သူသည် သိုင်းလောကနှင့် ဆယ်နှစ်ကျော် ကင်းကွာခဲ့သည့် အဖြစ်ကိုလဲ အမှတ်ရလာသည်။

သူသည် ယခင်အချိန်များက သိုင်းလောကတွင် ကျင်လည်



ကျက်စားခဲ့စဉ်က အပ်ကျသည်ကအစ သတင်းထူးမှန်သမျှ မလွတ်တန်း သိရှိခဲ့ရပေသည်။

ယင်းအချိန်များက အဝေးတွင် ကျန်ရစ်ခဲ့ချေပြီ။

ထိုသို့ တွေးမိသည်နှင့် ရင်ထဲ၌ နုပျိုလန်းဆန်းသည့် စိတ်များ ပြန်လည် ပေါ်ပေါက်လာသည်။

ဝမ်းဖုံးသည် စိတ်ဓာတ်တက်ကြွလာကာ ပင်ကိုအကျင့်အတိုင်း သိလိုသည့် အကြောင်းအရာများအား စုံစမ်းရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သူသည် ပထမဆုံး ခြေလှမ်းအဖြစ် ကျင်းစန်းထံတွင် စုံစမ်းရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

ယင်းကြောင့်...

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

ထို့နောက်...

သွက်လက်သော ခြေလှမ်းများဖြင့် အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

* * *

သပ်ရပ်သော အခန်းတစ်ခု ဖြစ်သည်။

ကျင်းစန်းမှာ အခန်းတွင်း၌ ငြိမ်သက်စွာ ထိုင်နေလေသည်။

သူ့နံဘေးတွင် လွှေမင်းလဲ ရှိနေ၏။

သူတို့သည် နေ့လည်စာ စားသောက်ပြီးနောက် အေးအေးဆေးဆေးထိုင်ကာ အရက်သောက်နေကြခြင်း ဖြစ်၏။

ကျင်းရှောင်နှင့် ကျင်းကျင်းတို့ကိုကား မတွေ့ရချေ။

ဝမ်းဖုံးက အခန်းတွင်း လှမ်းဝင်လိုက်၏။

ထိုအခါ...

ကျင်းစန်းနှင့် လွှေမင်းတို့မှာ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ကျင်းစန်းက ကပျာကယာ ထရပ်လိုက်သည်။

"ထူးထူးဆန်းဆန်း ကျုပ်တို့တွေဆီကို လာလည်တာလား ဗျ"



ကျင်းစန်း၏စကားမှာ မှန်ပေသည်။

ဝမ်းဖုံးမှာ ကျင်းစန်းတို့လူစုအား ငှားရမ်းပြီးသည့် အချိန်မှစ၍ ခရီးထွက်လာသည့်တိုင် အပိုစကားလုံး၀ မပြောဆိုခဲ့ပါချေ။

လိုအပ်သည့် စကားများကိုသာ တိုတိုတုတ်တုတ် ပြောပြီး ခပ်ကင်းကင်း နေထိုင်ခဲ့၏။

ထို့ကြောင့်...

ကျင်းစန်းတို့က အံ့သြသွားကြခြင်း ဖြစ်လေသည်။

ဝမ်းဖုံး၏မျက်နှာပေါ်တွင် တွေ့ရခဲသော အပြုံးတစ်ခု ထွက်ပေါ်လာလေသည်။

သူသည် မျက်နှာထားတင်းတင်းနှင့် နေထိုင်တတ်သူပင် ဖြစ်ပေသည်။

ထို့ကြောင့်...

ခက်နက်ကြမ်းကြုတ်သည့် လူတစ်ယောက်ဟု ထင်မှတ်ရပေတော့၏။

သို့သော်...

သူ ပြုံးလိုက်သောအခါ သူ၏ရုပ်သွင်မှာ နှစ်လိုဖွယ်ကောင်းအောင် နုပျိုချိုလွင်သွားလေတော့သည်။

ကျင်းစန်းနှင့် လွှေမင်းတို့က ပြန်လည် ပြုံးပြလိုက်လေ၏။

"အနှောင့်အယှက် ပေးမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဟု ပြောလိုက်သည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်တို့လဲ ပျင်းပျင်းရှိတာနဲ့ အရက်

သောက်နေကြတာပါ။ မင်း ရောက်လာတော့ စကားပြောဖော်ရတာပေါ့ လာပါ။ ကျုပ်တို့နဲ့အတူ အရက်သောက်ပါဦး"

ဖျူဖျူငှာငှာ ဖိတ်ခေါ်လိုက်သည်။

ထိုအခါ...

ဝမ်းဖုံးက သူတို့အနီး လျှောက်လှမ်းသွား၏။

သူသည် လွတ်နေသော ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်ထိုင်ချလိုက်၏။

ထို့နောက်...

ကျင်းစန်းက အရက်ခွက်တစ်ခွက်ကို ငှဲ့လိုက်ပြီး ဝမ်းဖုံးထံ ကမ်းပေးလိုက်သည်။

ဝမ်းဖုံးသည် ကျင်းစန်း ကမ်းပေးသော အရက်ခွက်ကို ယူကာ တရှိန်ထိုး မော့ချလိုက်လေသည်။

သိုင်းလောကတွင် ဓလေ့ထုံးစံတစ်ခု ရှိသည်။

လူတစ်ယောက်က တခြားလူတစ်ယောက်အား အရက်ခွက် လှမ်းပေးလိုက်လျှင် ထိုလူက ယူ၍ သောက်လိုက်ပါက မိတ်ဆွေအဖြစ် အသိအမှတ်ပြုသည့် သဘောပင် ဖြစ်ပေသည်။

ယခု...

သူ ပေးသော အရက်ခွက်ကို ဝမ်းဖုံးက သောက်ချလိုက်သဖြင့် ကျင်းစန်း ဝမ်းသာသွားသည်။

ဝမ်းဖုံးက အရက်ခွက်ကို စားပွဲပေါ်သို့ ချလိုက်လေသည်။

ပြီးမှ...

ကျင်းစန်းဘက်သို့ လှည့်ကာ...

"ကျုပ်ဟာ သိုင်းလောကနဲ့ နှစ်ပေါင်းအတော်ကြာကြာ အဆက်အသွယ် ပြက်နေခဲ့တယ်ဆိုတာ ခင်ဗျားတို့ သိမှာပါ။ ဒါကြောင့် ကျုပ်ရဲ့ အပြုအမူဟာ ရိုင်းသလို ဖြစ်ခဲ့ယင် ခွင့်လွှတ်ပါ"



ဟု ပြောလိုက်သည်။

ကျင်းစန်းနှင့် လေ့မင်းတို့မှာ ဝမ်းဖုံး၏အကြောင်း ကောင်းစွာ သိရှိထားကြသူများ ဖြစ်၏။

ဝမ်းဖုံး၏သံရှုးမှာ သိုင်းလောကတွင် ကြောက်စရာအကောင်းဆုံး လက်နက်ဆယ်မျိုးအနက် တတိယ ရလိုက်ကြောင်းလည်း သိရှိထားကြလေသည်။

ထို့ကြောင့်...

သူတို့ထက် အသက်အရွယ်များစွာ ငယ်သော ဝမ်းဖုံးအား လေးစားကြခြင်း ဖြစ်ပေသည်။

* * *

သံစူးဝမ်းဖုံး...

၎င်းမှာ ထူးဆန်းသူတစ်ယောက် ဖြစ်သည်။

သူသည် စန့်ကွမ်းထံတွင် စုမာထင်းဆိုသူနှင့် သိုင်းပညာ အတူတူ သင်ခဲ့သည်မှ လွဲ၍ သူ၏ဘဝဇာတ်ကြောင်းစုံကို မည်သူမျှ မသိကြပါချေ။

ထို့အပြင်...

ထူးဆန်းသော အချက်တစ်ချက် ရှိနေသေးသည်။

ယင်းအချက်မှာ ဝမ်းဖုံးအား သိုင်းပညာ သင်ကြားပေးခဲ့သည့် စန့်ကွမ်းမှာ သံစူးပညာဖြင့် ကျော်ကြားခြင်း မရှိသောကြောင့် ဖြစ်၏။

သို့သော်...

ဝမ်းဖုံးမှာ သံစူးပညာတွင်မူ သူမတူအောင် ထူးချွန်လှပေသည်။



ထို့ကြောင့်...

သိုင်းလောကသားတို့ မျက်စိရှုပ်သွားကြသည်။

တဆက်တည်းပင် ဝမ်းဖုံးမှာ သိုင်းလောကမှ ပျောက်ကွယ်ခဲ့သည်။

ထိုအခါ...

သိုင်းလောကသားများ ထင်ကြေးအမျိုးမျိုး ပေးခဲ့ကြလေသည်။

အချို့က ဝမ်းဖုံးမှာ ဒုစရိုက်သမားများ၏ လက်ချက်ဖြင့် သေဆုံးသွားပြီဟုလည်းကောင်း၊ တစ်ချို့က ၎င်းမှာ နယ်ခြားသို့ ထွက်သွားပြီဟူ၍လည်းကောင်း၊ ချစ်ရေးဆိုမိခဲ့ရာမှ ရှုံးနိမ့်သွားပြီး သိုင်းလောကမှ ဇာတ်မြှုပ်သွားခြင်း ဖြစ်သည်ဟုလည်းကောင်း အမျိုးမျိုး ထင်ကြေးပေး ပြောဆိုခဲ့ကြလေသည်။

ဤအကြောင်းများကို ကျင်းစန်းနှင့် လွေမင်းတို့က သိရှိထားကြပြီ ဖြစ်၏။

ယခု...

ဝမ်းဖုံးက သူတို့ရှေ့သို့ ရောက်ရှိနေသော်လည်း ထိုအကြောင်းအရာများကို တစ်လုံးတစ်ပါဒမျှ ဖွင့်ဟမမေးရန်လည်း ဆုံးဖြတ် ထားကြလေသည်။

ကျင်းစန်းတို့သည် ဝမ်းဖုံး၏တောင်းပန်စကားကို ကြားရသည်နှင့် နှစ်ယောက်စလုံး ပျာပျာသလဲ ဖြစ်သွားသည်။

တဆက်တည်းပင်...

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တို့ ဘယ်လိုမှ မအောက်မေ့ပါဘူး"

ဟု ပြောကြ၏။

ထို့ကြောင့်...

ဝမ်းဖုံးမှာလည်း ဝမ်းသာသွားပုံရလေသည်။

သူ၏မျက်နှာမှာ ကြည်လင်ဝင်းပနေ၏။

ကျင်းစန်းသည် သိုင်းလောကတွင် ကျင်လည်ကာ ကျက်စားနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပေသည်။

ယင်းကြောင့်...

သူသည် လူ့အရိပ်အကဲကို ကောင်းစွာ အကဲခတ်တတ်၏။

ယခုလည်း ဝမ်းဖုံး အပြောင်းအလဲ မြန်နေသည်မှာ အကြောင်းတစ်ခု ရှိရမည်ဟု ရိပ်မိပြီး ဖြစ်သည်။

သူသည် ယင်းကြောင့် ဝမ်းဖုံးအား အကဲခတ်ကြည့်ကာ ပြောလိုက်မိလေသည်။

"ကျုပ် မင်းကို စကားတစ်ခွန်းလောက် ပြောချင်တယ်"

ဝမ်းဖုံးက ခေါင်းညိတ်ကာ...

"ပြောပါ ပြောနိုင်ပါတယ်"

ဟု ပြောလေသည်။

ကျင်းစန်းက ဝမ်းဖုံးအား စိုက်ကြည့်ကာ ပြောလိုက်၏။

"ကျုပ် မင်းကို စကားတစ်ခွန်းပြောချင်တယ်၊ ဘာကြောင့်လဲဆိုတော့ မင်း ကျုပ်တို့တွေကို လာတွေ့တာ အကြောင်းတစ်ခုခု ရှိနေလိမ့်မယ် ထင်တယ်၊ ကျုပ် ပြောတာ ဟုတ်ရဲ့လား"

ဝမ်းဖုံး ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျင်းစန်းက မျက်လုံးဝင့်ကာ မေးလိုက်သည်။



"ဘယ်လိုအကြောင်းများ ရှိနေလို့လဲ"

ဝမ်းဖုံးက ပြောသည်။

"ခင်ဗျားတို့ဆီမှာ သိုင်းလောကအကြောင်း နည်းနည်းပါးပါး စုံစမ်းကြည့်ချင်လို့ပါ"

ထိုစကားကြောင့် ကျင်းစန်းသာမက လွှေမင်းပင် အံ့အားသင့်သွားရသည်။

လွှေမင်းက ဝမ်းဖုံးအား ထူးဆန်းသော အကြည့်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

"သိုင်းလောကအကြောင်း ဟုတ်လား"

ဝမ်းဖုံးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

လွှေမင်း မျက်မှောင်ကြုတ်လိုက်သည်။

"မင်းလဲ သိုင်းလောကသားတစ်ယောက်ပဲ မဟုတ်လား"

ဝမ်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ဟာ သိုင်းလောကနဲ့ ကင်းဝေးနေတာ ကြာခဲ့ပါပြီ၊ ဒါကြောင့် အခုလတ်တလော သိုင်းလောကရဲ့ အခြေအနေ ဘယ်လိုရှိသလဲဆိုတာ သိချင်လို့ပါ"

လွှေမင်းက ကျင်းစန်းအား လှမ်းကြည့်လိုက်သည်။

ကျင်းစန်းမှာ ဝမ်းဖုံးအား စိုက်ကြည့်နေ၏။

သူသည် ဝမ်းဖုံး၏စိတ်နေသဘောထားကို အနည်းငယ်သဘောပေါက်လာသလို ရှိလာလေသည်။

ထို့ကြောင့်...

ချောင်းတစ်ချက် ဟန့်ကာ ပြောလိုက်သည်။

"မင်း ဘာသိချင်သလဲဆိုတာ ပြောပါ၊ ကျုပ်က မင်း မေးတာကို ဖြေနိုင်သမျှ ဖြေပါ့မယ်"

ဝမ်းဖုံးမှာ သိုင်းလောကအကြောင်း သိလိုသော်လည်း မည်သို့မေးရမှန်းမသိ ဖြစ်နေသည်။

တခဏမျှ တွေးတောစဉ်းစားနေပြီးမှ အကြံတစ်ခု ရလာဟန်ဖြင့်...

"ကျုပ်တော့ ဘယ်ကစပြီး မေးရမလဲ မသိဘူး၊ ဒါကြောင့် ခင်ဗျားတို့ သိုင်းလောကမှာ ဟိုးလေးတကျော် ဖြစ်ခဲ့တဲ့ ကိစ္စတွေကို ပြောပြပါလား"

ဟု ပြောလိုက်သည်။

ကျင်းစန်းသည် အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ...

တွေးတွေးဆဆ လေသံဖြင့်...

"သိုင်းလောကမှာ ဟိုးလေးတကျော် ဖြစ်ခဲ့တဲ့ ကိစ္စက အများကြီးကွယ်၊ သည်တော့ မင်း ဘာကိစ္စ သိချင်သလဲ"

ဟု မေးသည်။

ဝမ်းဖုံးက အနည်းငယ် စဉ်းစားပြီး ဖြေလိုက်သည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်စပြီး ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို သိချင်ပါတယ်"

ကျင်းစန်းက မျက်မှောင်ကြုတ်လိုက်မိသည်။

"ဒါဆိုယင်တော့ လတ်တလော ဖြစ်ပွားခဲ့တဲ့ နယ်စားကြီးရဲ့ သား သခင်လေး ပျောက်ဆုံးသွားတဲ့ ကိစ္စပဲ ပြောယင် ကောင်းမယ်၊



နယ်စားကြီးရဲ့သား သခင်လေးဟာ ခရီးထွက်လာယင်း လုယန်မြို့မှာ ပျောက်ဆုံးသွားခဲ့တယ်၊ နယ်စားတပ်ဖွဲ့ဟာ အပူတပြင်း လိုက်ရှာပေမယ့် သဲလွန်စတစ်ခုတောင် မရခဲ့ဘူး၊ ဒါဟာ စိတ်ဝင်စားစရာကောင်းသလို ပဟေဠိဆန်တဲ့ ပြဿနာတစ်ခုပဲ"

ဝမ်းဖုံးက...

"ဒါထက် မြေခွေးနက်အဖွဲ့ဆိုတာ ကြားဖူးသလား"

ကျင်းစန်း ခေါင်းခါယမ်းလိုက်၏။

"မြေခွေးနက်အဖွဲ့ဆိုတာ သိုင်းလောကမှာ မရှိပါဘူး"

ဝမ်းဖုံး ကျေနပ်သွား၏။

သူက ကျင်းစန်းတို့အား နှုတ်ဆက်ကာ ထွက်လာခဲ့တော့၏။

* * *

ဝမ်းဖုံးမှာ သူ၏အခန်းသို့ ပြန်ရောက်လာပြီ ဖြစ်၏။

သို့သော်...

သူ့နေနှင့် အနားယူလိုစိတ် လုံးဝမရှိချေ။

မားဖိန်အား ခြေရာခံနိုင်မှ ပင့်ကူနက်ဂိုဏ်းနှင့် မြေခွေးနက်အဖွဲ့၏ အကြံအစည်ကို သိရမည် ဖြစ်ပေသည်။

မားဖိန်မှာ သူ၏အခန်းကို ကြိုတင်ရောက်နှင့်သည်ကို ထောက်၍ သူ၏အမည်ကို သိထားပေလိမ့်မည်။

သို့မှသာ…

အခန်းမမှားဘဲ ဝင်လာနိုင်ခြင်း ဖြစ်၏။

ဤသို့ဆိုပါလျှင်…

မားဖိန်မှာ သူဌေးမင်းတည်းခိုခန်းမှ လူများနှင့် တစ်နည်းမဟုတ်တစ်နည်း အဆက်အသွယ် ရှိနေရပေမည်။

ယင်းသို့ ကျေးမိသည်နှင့် သူက အခန်းထဲမှ ထွက်လာခဲ့၏။

ထို့နောက် မြောက်ဘက်ရှိ ဘုံကျောင်းငယ်သို့ သွားရောက်ကာ အခြေအနေ အကဲခတ်ကြည့်ပြီး လေလွင့်အဘိုးအိုအား ရှာဖွေကြည့်မိသည်။

သို့သော်…

မည်သည့် ထူးခြားချက်မှ မတွေ့ရပေ။

နောက်ဆုံး သူက စိတ်ပျက်စွာဖြင့် တည်းခိုခန်းဆီသို့ ပြန်လာခဲ့လေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဇာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။